# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၀ ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 3 October 2018 ၉၄၂၈


## တရားဥပဒေစိုးမိုးမှုခိုင်မာရေး

■ ကမ္ဘာပေါ်တွင်ရှိသည့် အသွင်ကူးပြောင်းရေးနိုင်ငံများ၏ ဖြစ်စဉ်များကို လေ့လာသုံးသပ်ချက်အရ တရားဥပဒေစိုးမိုးမှုခိုင်မာအောင်တည်ဆောက်နိုင်ရန် အနည်းဆုံးပျမ်းမျှ (၁၀)နှစ်အထိ အချိန်ယူရကြောင်း တွေ့ရှိရပါသည်။ တိုင်းရင်းသားပြည်သူအားလုံး လုံခြုံအေးချမ်းစိတ်ချမ်းသာစွာ နေထိုင်နိုင်ကြရန် တရားဥပဒေစိုးမိုးမှု ခိုင်မာအားကောင်းသည့် လူ့ဘောင်အဖွဲ့အစည်းအတွင်းတွင် နေထိုင်ရှင်သန်နိုင်ရေးသည် အရှိန်အဟုန်မြှင့်ပြီး ရေရှည်ကြိုးပမ်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။

*(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)*

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် အချိန်ပြည့်၊ အချိန်ပိုင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂

**မြန်မာနိုင်ငံကြက်ခြေနီအသင်း နာယက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မြသူ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် အချိန်ပြည့်၊ အချိန်ပိုင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနာယက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် အချိန်ပြည့်၊ အချိန်ပိုင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။

## နိုင်ငံတကာစာချုပ်နှင့် MoU

စာမျက်နှာ » ၆

## ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များ လွှဲပြောင်းအပ်နှံ

စာမျက်နှာ » ၈

## နိုင်ငံတော်အလံ ဥပဒေပြဋ္ဌာန်းချက်များအကြောင်းကို ပြည်သူများပိုမိုသိရှိစေရန် အသိပညာပေးနည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဟုဆို

စာမျက်နှာ » ၉




ကြေးမုံ

# မူခင်းကျဆင်းရေးဝိုင်းဝန်းတိုက်ဖျက်

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ၁၉၆၄ ခုနှစ်မှ စတင်ကာ ပြည်သူ့ရဲတပ်ဖွဲ့၊ ထိုမှတစ်ဖန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စသည်ဖြင့် အဆင့်ဆင့် ပြန်လည်ဖွဲ့စည်း ပြုပြင်ဆောင်ရွက်ခဲ့သည်မှာ (၅၄) နှစ်ရှိပြီဖြစ်သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နေ့စဉ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာလ ၁ ရက်နေ့က ကျင်းပသော (၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက မူးယစ်ဆေးဝါးပြဿနာနှင့် တားဆီးကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။ ယနေ့ဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုများအပါအဝင် အမျိုးမျိုးသော မူခင်းတို့ကို ဖြစ်ပေါ်စေသည့် လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်နှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ ဖောက်ဖျက်မှု အကြောင်းတရားများအပြင် မူးယစ်ဆေးဝါးပြဿနာသည် မူခင်းကျဆင်းမှု၊ တိုးတက်မှုတွင် အဓိကကျသော အကြောင်းတရားဖြစ်လာသည်။

မူးယစ်ဆေးဝါးပြဿနာသည် မူခင်းဖြစ်ပွားမှုကို တွန်းအားဖြစ်စေသည်သာမက လူ့ဘောင်လောက လူမှုဘဝအသိုင်းအဝိုင်းကိုပါ နှောင့်ယှက်ဖျက်ဆီး နင်းခြေပစ်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ဖြစ်ပေါ်နေသော မူခင်းများတွင် မူးယစ်ဆေးဝါးပြဿနာမှာ နီးကပ်စွာ ဆက်နွယ်နေသောကြောင့် ကျင့်သုံးနေသော ဥပဒေ၊ တရားစီရင်ရေးစနစ်ကိုသာ မှီခိုအားထားရုံဖြင့် မလုံလောက်ဘဲ ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်ရေးသည် အထူးအရေးကြီးကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့တွင် အသိပေးပြောကြားခဲ့သည်။

မူခင်းများ လျော့နည်းကျဆင်းရေးကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အရေးအကြီးဆုံး အဖွဲ့အစည်းဖြစ်သည်ဟု ဆိုသော်လည်း မူခင်းဖြစ်ပွားရခြင်းမှာ ကဏ္ဍပေါင်းစုံ၊ လူမှုဘဝအခြေအနေအမျိုးမျိုးနှင့် ဆက်စပ်နေသဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြဖို့လိုမည် ဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းမွန်ရေးသည် အခြေခံလိုအပ်ချက်ဖြစ်ပြီး လူမှုဘဝပတ်ဝန်းကျင် ကောင်းမွန်ရေးအတွက် ထိန်းကျောင်းတည့်မတ်ရေး၊ လူမှုရေးနှင့် စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်ရေးတို့ကို ပြုပြင်ပြောင်းလဲ အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။

ထို့အပြင် ကိုယ်ကျင့်တရားပျက်ပြားစေနိုင်မည့် ဆက်စပ်နေသော လူမှုပတ်ဝန်းကျင်၊ စေ့ဆော်မှု၊ တိုက်တွန်းမှု၊ ဖိအားပေးမှုများနှင့် လူ့အဖွဲ့အစည်း၏ ပကတိဖြစ်တည်နေသည့် အခြေအနေမှန်ကိုပါ စေ့စေ့စပ်စပ် လေ့လာပြီး ပြဿနာဖြေရှင်းနိုင်ရေးကို ချဉ်းကပ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအခါ မူးယစ်ဆေးဝါးပြဿနာမှာ နိုင်ငံတော်အစိုးရအဆက်ဆက်က အမျိုးသားရေးအသွင်ဖြင့် နှိမ်နင်းတိုက်ဖျက်ခဲ့သော်လည်း မျက်မှောက်အခြေအနေတွင် ကျဆင်းခြင်းမရှိဘဲ ကြီးမားကျယ်ပြန့်လာသည်။ ယင်းအခြေအနေ၏ အရင်းခံအကြောင်းတရားကို သေချာစွာ ဆန်းစစ်လေ့လာ၍ အကိုင်းအခက်များသာမက အမြစ်ပါမကျန် တိုက်ဖျက်နှိမ်နင်းကြရမည် ဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအစိုးရအသီးသီးတို့သည် မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာ၌ နိုင်ငံ၏ နောက်ခံသမိုင်းကြောင်း၊ ယဉ်ကျေးမှုအခြေအနေ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်ပိုင်ဆိုင်မှု၊ ပထဝီဝင်အနေအထားတို့အပေါ် မူတည်ပြီး ချဉ်းကပ်မှုပုံစံအမျိုးမျိုးဖြင့် ကြိုးပမ်းထိန်းသိမ်းနေကြသည်ကို တွေ့ရသည်။ မျက်မှောက်ကာလတွင် ခေတ်ပေါ်နည်းဖြင့် ပြုလုပ်ထားသော မူးယစ်ဆေးဝါးအန္တရာယ်မှာ လူငယ်ထုနှင့် ပြည်သူများအကြား စိမ့်ဝင်ပျံ့နှံ့နေသဖြင့် ယင်းကို မျက်ခြည်မပြတ်အလေးထားစောင့်ကြည့်ကာ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် တိုက်ဖျက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မူခင်းများကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ဖွင့်လှစ်ပေးထားသော မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနသို့ ပြည်သူလူထုမှ နေ့စဉ်တိုင်ကြား သတင်းပေးလျက်ရှိသည့် လက်ခံသတင်းများမှတစ်ဆင့် လက်ကြီးပင်ရင်းဇာစ်မြစ်များကို ရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်မှသာ ရည်မှန်းချက်အတိုင်း ထိရောက်စွာအောင်မြင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# ရွှေကြက်ယက် ရွှေကြက်ကျ မြတ်စွာဘုရားလှေဦးတိုက်ပွဲတော်၊ ရေစာကျွေးပွဲနှင့် လှေပြိုင်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂**

နှစ်စဉ်ကျင်းပမြဲဖြစ်သော မန္တလေးတိုင်းဒေသကြီး ရွှေကြက်ယက် ကျေးရွာရှိ ရွှေကြက်ယက် ရွှေကြက်ကျ မြတ်စွာဘုရားလှေဦးတိုက်ပွဲတော်၊ ရေစာကျွေးပွဲနှင့် လှေပြိုင်ပွဲကို အောက်တိုဘာ ၁ ရက်မှ ၂ ရက်အထိ ရွှေကြက်ကျဘုရားအခြေရှိ ဧရာဝတီမြစ်ရေပြင်၌ ကျင်းပရာ လှေပြိုင်ပွဲဝင်အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပထမနေ့လှေပြိုင်ပွဲတွင် ပါဝင်လှော်ခတ်မည့် ကျေးရွာ ၁၄ သင်းက ငှက်လှေပေါ်တွင် ငှက်ပျောဖီးနှင့် ဆွမ်းတော်ကျတင်ပြီး ရွှေကြက်ကျ ဘုရားကို အစုန်အဆန် သုံးခေါက်လှော်ခတ်လှေဦးတိုက်ကာ ရိုးရာယုံကြည်မှုများဖြင့် ငှက်ပျောတစ်ဖီးနှင့် ဆွမ်းတော်ကျကို မြစ်ရေထဲသို့ချပြီး ရေစာကျွေးပူဇော်ကြသည်။

လှေပြိုင်ပွဲတော်ကို နံနက်ပိုင်း၌စတင်ရာ ရွှေလေး၊ သက္ကယ်တော်၊ ကိုးသင်း၊ မိုးကောင်း၊ ခဝါတော်၊ ကွက်သစ်(ခ)၊ သပြေတန်းနှင့်ရွှေလောင်းအသင်းတို့က နံနက်ပိုင်းတွင်လည်းကောင်း၊ စိန်တုံး၊ ရွှေဒင်၊ အောင်ချမ်းသာ၊ ပတ္တမြား၊ ရွာသစ်နှင့်ရွှေဟင်္သာအသင်းတို့က ညနေပိုင်းတွင်လည်းကောင်း ပြိုင်ပွဲဝင်လှော်ခတ်သူ ၁၀ ဦးက လှော်ခတ်ပြီး တစ်ဦးကပဲ့ကိုင်၍ အကြိတ်အနယ် လှော်ခတ်ယှဉ်ပြိုင်ကြသည်။

လှေပြိုင်ပွဲ၏ ထူးခြားချက်မှာ ငှက်လှေဖြင့်သာ ပြိုင်ပွဲဝင်ရခြင်းဖြစ်ပြီး အောက်တိုဘာ ၂ ရက် ညနေပိုင်းတွင် အကြိုဗိုလ်လုပွဲအဖြစ် ရွာသစ်အသင်းနှင့် မိုးကောင်းအသင်း၊ ရွှေလောင်းအသင်းနှင့် ရွှေဒင်အသင်းတို့ မိုးရွာသွန်းသည့်ကြားမှ အကြိတ်အနယ်ယှဉ်ပြိုင်ကြပြီး ရွာသစ်အသင်းနှင့် ရွှေလောင်းအသင်းတို့ ဗိုလ်လုပွဲတက်ရောက်ခဲ့ကြရာ ဗိုလ်လုပွဲအပြီးတွင် ပထမဗိုလ်စွဲသည့် ရွာသစ်အသင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်မြင့်က ဆုငွေကျပ် ၅၃၀၀၀၀ နှင့် ပထမဆုဖလား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးထွန်းထွန်းဦးက ဒုတိယဆုရရွှေလောင်းအသင်းကို ဒုတိယဆုဖလားနှင့်ဆုငွေကျပ် ၃၉၀၀၀၀ တို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တတိယပူးတွဲဆုရ ရွှေဒင်အသင်းနှင့် မိုးကောင်းအသင်းတို့အား ဆုဖလားနှင့်ဆုငွေကျပ် နှစ်သိန်းစီကို အမရပူရမြို့ပြစီမံကိန်း တာဝန်ခံ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသက်အောင်တို့နှင့် အလှူရှင်များက ဆုပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အာဆီယံဆုလျှောက်ထားနိုင်သည့်ရက် တိုးမြှင့်သတ်မှတ်

၁။ အာဆီယံဆုအတွက် လျှောက်လွှာတင်သွင်းနိုင်သည့်ရက်ကို မူလ သတ်မှတ်ခဲ့သော ၂၇-၉-၂၀၁၈ ရက်နေ့အစား ၃-၁၀-၂၀၁၈ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ထားပါကြောင်း အသိပေးအပ်ပါသည်။

၂။ အဆိုပါ အာဆီယံဆု (ASEAN Prize)သည် အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ပထမဆုံးအကြိမ် ပေးအပ်မည့်ဆု ဖြစ်ပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ

(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများ မြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ

(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၃။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အမေရိကန် ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ယင်းဆုကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပမည့် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပေးအပ်ချီးမြှင့် သွားမည်ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကို ဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် လျှောက်ထားမည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းမှ ၂၀၁၇ ခုနှစ်၊ ဧပြီလမှ ၂၀၁၈ ခုနှစ်၊ မတ်လအတွင်း ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် ရှေ့ဆက်၍ အာဆီယံနှင့် ပတ်သက်၍ ဆောင်ရွက်သွားမည့် အစီအစဉ်များကို စာမျက်နှာ (၃)မျက်နှာမှ (၅)မျက်နှာအကြား (အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ်ရေးသားဖော်ပြရမည် ဖြစ်ပါသည်။

၅။ အကျဉ်းချုပ်တွင် ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/? static post=asean-prize-2018 တွင် ရယူ၍ အာဆီယံရေးရာဦးစီး ဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com ကို လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ် အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက် စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် အောက်တိုဘာ ၂**

ရန်ကုန်(ရွှေဈေး) ၉၇၀၀၀၀ - ၉၇၀၀၀၀ မန္တလေး(ရွှေဈေး) ၉၇၀၀၀၀ - ၉၇၀၀၀၀

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၁၀၄၅/၁၀၇၅ ကျပ်၊ | ၁၁၂၀/၁၁၃၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၆၅/၁၀၉၅ ကျပ်၊ | ၁၁၆၅/၁၁၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၁၀၁၅/၁၀၄၅ ကျပ်၊ | ၁၁၂၀/၁၁၃၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၁၀၅၅/၁၀၈၅ ကျပ်၊ | ၁၁၃၀/၁၁၄၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၁၀၆၅/၁၀၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၁၀၇၅/၁၀၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၁၀၂၅/၁၀၄၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၇၇. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၃. ၄၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇. ၄၈၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၀. ၅၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၄၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၄၇. ၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၇. ၇၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၁၀. ၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၈. ၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

သင့်စီးပွားရေး အောင်မြင်ဖို့ ကြေးမုံသတင်းစာမှာ ကြော်ငြာစို့

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်

**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**ပြင်ပသတင်းထောက်** - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

☆ ရှေ့ဖုံးမှ

တွေ့ဆုံစဉ် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူက မြန်မာနိုင်ငံကြက်ခြေနီအသင်း ရပ်တည်နေသည့် အခန်းကဏ္ဍ၊ အသင်း၏မူဘောင်၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သဘာဝဘေးတုံ့ပြန်ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ပဋိပက္ခလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေမှု၊ ကြက်ခြေနီအသင်းဥပဒေ ပြဋ္ဌာန်းထားရှိမှု၊ ရွေးချယ်တင်မြှောက်ရေးစည်းမျဉ်းစည်းကမ်း၊ အလုပ်အမှုဆောင်ဦးရေနှင့် ကောင်စီဝင်ဦးရေ၊ စေတနာလုပ်အားရှင်များနှင့် ရာသက်ပန်အသင်းဝင်အင်အား၊ ဝန်ထမ်းခန့်ထားမှု၊ နိုင်ငံတကာအသင်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ရန်ပုံငွေရရှိမှု၊ ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းအတွက် အလှူငွေကျပ်သိန်း ၅၀ အား ပေးအပ်လှူဒါန်းစဉ်။

### လုပ်ဆောင်ချက်ပေါ်လွင်

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက နိုင်ငံတော်၏ တစ်ခုတည်းသော အမျိုးသားကြက်ခြေနီအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုင်ငံတော်၏ အရန်အင်အားဖြစ်ပါကြောင်း၊ လူမှုကရုဏာ လုပ်ငန်းများတွင် လွတ်လပ်၍ ဘက်မလိုက်သော အသင်းအဖွဲ့အဖြစ် တည်ရှိပါကြောင်း၊ ဂျီနီဗာသဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုဆိုင်ရာ အခြေခံမူများ၊ မူဝါဒများ၊ ဆုံးဖြတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လုပ်ဆောင်ချက်များ ပေါ်လွင်လာမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးနှင့် အမျိုးသားအကျိုးစီးပွားအတွက် ရပ်တည်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများ၏ အလှူငွေများ လှူဒါန်းမှုကို လက်ခံနိုင်သော်လည်း နှောင်ကြိုးဖြင့် လှူဒါန်းမှုများ မဖြစ်စေလိုပါကြောင်း၊ မွန်မြတ်သည့် လူမှုကရုဏာလုပ်ငန်း လုပ်ဆောင်သူများအနေဖြင့် ငွေကြေးအလွဲသုံးစားမှုများ မရှိနိုင်ပါကြောင်း၊ သို့သော်လည်း လုပ်မှားကိုင်မှား ရှိနိုင်ပါကြောင်း၊ ယင်းသို့ မဖြစ်စေရန် ပွင့်လင်းမြင်သာမှုရှိပြီး ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုပါကြောင်း။

> မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများအနေဖြင့် တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ဥပဒေနှင့်အညီ အသုံးချပြီး တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အထိ ကျစ်လျစ်ခိုင်မာ တောင့်တင်းသည့် အဖွဲ့အစည်းများ အဖြစ် အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်သွားစေလို

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အမှတ်တံဆိပ်နှင့် သင်္ကေတအား အလွဲသုံးမှုနှင့်ပတ်သက်၍ မိမိအနေဖြင့် အကြံပြုလိုသည်မှာ ယင်းနှင့်စပ်လျဉ်းသည့် ဥပဒေကို အသစ်ပြန်လည်ရေးဆွဲခြင်း သို့မဟုတ် လက်ရှိဥပဒေကို ပြင်ဆင်ဖြည့်စွက်ခြင်း စသည်ဖြင့် မည်သို့ ဆောင်ရွက်သင့်သည်ကို စဉ်းစားစေလိုပါကြောင်း၊ ပြင်ဆင်မည်ဆိုပါက ခေတ်စနစ်နှင့် လျော်ညီအောင် ပြင်ဆင်ရမည် ဖြစ်ပါကြောင်း၊ ဥပဒေတစ်ခုသည် ရာနှုန်းပြည့် မပြည့်စုံနိုင်ပါကြောင်း၊ လိုအပ်ပါက နည်းဥပဒေများကို သက်ဆိုင်ရာဝန်ကြီးဌာနက ဆက်လက်ပြဋ္ဌာန်းရပါကြောင်း၊ လိုအပ်ပါက လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်၍ ဆောင်ရွက်နိုင်ပါကြောင်း။

### လူငယ်များကို ပြုစုပျိုးထောင်

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများအနေဖြင့် တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ဥပဒေနှင့်အညီ အသုံးချပြီး တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အထိ ကျစ်လျစ်ခိုင်မာ တောင့်တင်းသည့် အဖွဲ့အစည်းများ အဖြစ် အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်သွားစေလိုပါကြောင်း၊ လူမှုကရုဏာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူငယ်များကို စနစ်တကျ ပြုစုပျိုးထောင် ပညာပေးစေလိုပါကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီ အသင်းအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်စေလိုပါကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအတွက် လိုအပ်သည့် ရန်ပုံငွေကိုလည်း ဝန်ကြီးဌာန၏ တင်ပြချက်အပေါ်တွင် တတ်စွမ်းသရွေ့ စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူက မြန်မာနိုင်ငံကြက်ခြေနီအသင်း ရာသက်ပန်အသင်းဝင်တံဆိပ်ကို ဂါရဝပြုတပ်ဆင်ပေးပြီး အသင်း၏အမှတ်တံဆိပ် ကျောက်စီပန်းချီကားကို ဂါရဝပြုလက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအတွက် အလှူငွေ ကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူ၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်နန်းထွမ်းလှ၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှ၊ အချိန်ပြည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကင်ဘွိုင်းနှင့် ဒေါက်တာဒေါ်အမယာမော်နိုင်၊ အချိန်ပိုင်း အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးမောင်မောင်ခင်၊ ဦးပေါ်မြင့်ဦး၊ ဦးဂဲနက်စ်၊ ဒေါက်တာတင်ညွှန့်၊ ဦးမျိုးမင်းနောင်နှင့် ဦးဝေဇွဲကျော် (ခ) ဦးဝေဇွဲကျော်စွာတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

## ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂**

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ရောက်ရှိနေသည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အောက်တိုဘာ ၁ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် နယူးယောက်မြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး ဧည့်ခန်းမ၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Virginia Gamba အား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံအစိုးရက ဆောင်ရွက်လျက်ရှိသည့် ဖြစ်ပေါ်တိုးတက်မှုများ၊ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် အရွယ်မရောက်သူများ စစ်မှုထမ်းခြင်းမှ တားဆီးလျှော့ချရေး ပူးတွဲစီမံချက် အပြီးသတ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စရပ်များ၊ ကလေးသူငယ်များ အခွင့်အရေး ပိုမိုတိုးတက်ရရှိရန် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးသည် ယင်းနေ့ နံနက် ၁၀ နာရီတွင် Asia Society Policy Institute မှ ဦးဆောင်ညွှန်ကြားရေးမှူး Ms. Debra Eisenman အား လက်ခံတွေ့ဆုံခဲ့ပြီး ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေး၊ ပြန်လည် နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံအစိုးရက ဆောင်ရွက်လျက်ရှိသည့် ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ (၂၆-၉-၂၀၁၈) ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၂၀-၈-၂၀၁၈) ရက်နေ့မှ (၁၄-၉-၂၀၁၈) ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ကိုးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်သုံးဦး၊ မဂ္ဂဇင်း လေးဦး၊ အထွေထွေ ကိုးဦး ပေါင်း ၁၆ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ ခုနစ်ဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၃၅ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၄၆၂ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၂၅ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၁၂၂ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာဖိုရမ်တွင် မိန့်ခွန်းပြောကြားစဉ်။

✪ ဒုတိယသမ္မတမှ
အရင်းအမြစ်များနှင့် မတူသည့်အချက်မှာ တိုးပွားအောင်လုပ်ဆောင်၍ မရဘဲ အကန့်အသတ်နှင့်သာရှိသည့် သဘာဝသယံဇာတ အရင်းအမြစ်ဖြစ်သည်ကို သတိပြုရမည် ဖြစ်ပါကြောင်း။

**ထပ်မံကျဆင်းမည်ဟု ခန့်မှန်းထား**

ကုလသမဂ္ဂ၏ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO)၏ ခန့်မှန်းချက်အရ ကမ္ဘာ့လူဦးရေတိုးပွားလာမှုနှင့် မြေဆီလွှာယိုယွင်းပျက်စီးမှုအခြေအနေတို့ကြောင့် ၂၀၂၀ ပြည့်နှစ်တွင် လူတစ်ဦးအတွက် စိုက်ပျိုးလုပ်ကိုင်နိုင်သည့် မြေဧရိယာ သုည ဒသမ ၁၈ ဟက်တာ ခန့်သာရှိတော့မည် ဖြစ်ပါကြောင်း၊ ယင်းအခြေအနေသည် ၁၉၆၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ထက်ဝက်ခန့်ကျဆင်းလာခြင်းဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်တွင်လည်း ထက်ဝက်ခန့် ထပ်မံကျဆင်းသွားမည်ဟု ခန့်မှန်းထားပါကြောင်း။

နိုင်ငံတော်၏မြေသယံဇာတများကို စဉ်ဆက်မပြတ်စီမံအုပ်ချုပ်အသုံးချနိုင်ရေးအတွက် လိုအပ်နေသည့် အမျိုးသားမြေအသုံးချမှုမူဝါဒကို အများပြည်သူပါဝင်မှုနှင့် ရေးဆွဲခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ယခင်ကမရှိခဲ့သည့် အမျိုးသားမြေအသုံးချမှုမူဝါဒသတ်မှတ်ပြဋ္ဌာန်းနိုင်ခဲ့ခြင်းသည် မြေယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက်တိုးတက်မှုဖြစ်သော်လည်း စနစ်တကျ ကောင်းမွန်သည့် မြေယာစီမံခန့်ခွဲမှုများ ဖြစ်ပေါ်လာစေရေးအတွက် အတည်ပြုပြဋ္ဌာန်းခဲ့သည့် အမျိုးသားဆောင်ရွက်ရန်လိုအပ်ခြင်းစသည့် အကန့်အသတ်နှင့် စိန်ခေါ်မှုများရင်ဆိုင်တွေ့ကြုံနေရပါကြောင်း။

ယင်းစိန်ခေါ်မှုများကိုဖြေရှင်းရန်နှင့် အမျိုးသားမြေအသုံးချမှုမူဝါဒပါရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် မြေယာစီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသည့် လက်ရှိဥပဒေများကို လေ့လာဆန်းစစ်ပြီး ပြည်သူ့အကျိုးပြုနိုင်မည့်မူဝါဒ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စီမံခန့်ခွဲမှုပုံစံများ ဖြစ်ပေါ်လာစေရေး အဆိုပါဥပဒေများကို လွှမ်းခြုံသည့် အမျိုးသားမြေဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အထောက်အကူပြုလုပ်ငန်းကော်မတီများနှင့် အကြံပေးအဖွဲ့တို့ကိုဖွဲ့စည်းပြီး နိုင်ငံတော်၏မြေသယံဇာတအရင်းအမြစ်များကို အကျိုးရှိစွာစီမံခန့်ခွဲနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အထူးလိုအပ်ချက်အရ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟို ကော်မတီ၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ ဖွဲ့စည်းဆောင်ရွက်ထားသည့်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီနှင့် လယ်ယာမြေဥပဒေအရ ဖွဲ့စည်းဆောင်ရွက်ထားသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့တို့နှင့် အမျိုးသားမြေအသုံးချမှုကောင်စီတို့အကြား မြေစီမံခန့်ခွဲမှုအကြောင်းအရာများကို ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့်အတွက် အဆိုပါအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည့်နည်းလမ်းများကိုလည်း ရှာဖွေဖော်ထုတ်အမျိုးသားမြေအသုံးချမှုစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေး၊ ဒေသခံဌာနေတိုင်းရင်းသားများနှင့် ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲရေးစနစ်များ၊ လုပ်ပိုင်ခွင့်များကို အမျိုးသားမြေဥပဒေရေးဆွဲသည့်နေရာတွင် ထည့်သွင်းအသိအမှတ်ပြု အကာအကွယ်ပေးရေးနှင့် အခြားမြေယာစီမံခန့်ခွဲရေးကိစ္စရပ်များ ဆောင်ရွက်သည့်နေရာတွင် (၂၁)ရာစုပင်လုံ ညီလာခံက ထွက်ပေါ်လာသည့် မူဝါဒသဘောတူညီမှုများကို ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ရေးသည်လည်း အရေးကြီးသည့် ရေရှည်လုပ်ငန်းစဉ်တစ်ခုအဖြစ် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**ညှိနှိုင်းဆွေးနွေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်**

ထို့ကြောင့် အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရေတိုရေရှည် မဟာဗျူဟာများ၊ နည်းဗျူဟာများ၊ လုပ်ငန်းစဉ်များချမှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးရန်၊ အမျိုးသားမြေအသုံးချမှုမူဝါဒကိုအခြေခံပြီး အမျိုးသားမြေဥပဒေရေးဆွဲရေးနှင့် မြေအရင်းအမြစ်များ စီမံခန့်ခွဲရေးတို့နှင့်စပ်လျဉ်းပြီး ညှိနှိုင်းဆွေးနွေးရန်ရည်ရွယ်၍ ယခုအမျိုးသား မြေအသုံးချမှုမူဝါဒဆိုင်ရာဖိုရမ်ကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

အမျိုးသားမြေအသုံးချမှုမူဝါဒပါရည်ရွယ်ချက်၊ လမ်းညွှန်ချက်နှင့် အခြေခံမူများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ကောင်းမွန်သည့်မြေယာအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုစနစ် ဖြစ်ပေါ်လာနိုင်ရေးအတွက် ယနေ့ဖိုရမ်သို့




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာဖိုရမ်သို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

မြေအသုံးချမှုမူဝါဒကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ယခုအခါ အမျိုးသားမြေအသုံးချမှုမူဝါဒပါရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့်အခြေခံမူများကို အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် မြေအသုံးချမှုမူဝါဒနှင့် သက်ဆိုင်သည့်ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားမြေအသုံးချမှုကောင်စီကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

**အကန့်အသတ်နှင့် စိန်ခေါ်မှုများရင်ဆိုင်တွေ့ကြုံနေရ**

မြန်မာနိုင်ငံတွင် မြေအသုံးချမှုစီမံခန့်ခွဲရာ၌ အစိုးရကစီမံခန့်ခွဲသည့်မြေများအတွင်း ဝင်ရောက်အခြေချနေထိုင်ကြသည့်အတွက် မြေယာအငြင်းပွားမှုများရင်ဆိုင်တွေ့ကြုံရခြင်း၊ မြေဧရိယာကျယ်ပြန့်စွာရင်းနှီးမြှုပ်နှံမှုခွင့်ပြုမပေးနိုင်ခြင်း၊ တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများသည်လည်း ခေတ်စနစ်နှင့်အညီ ပြုပြင်ပြဋ္ဌာန်းရန်လိုအပ်ခြင်း၊ ကဏ္ဍအလိုက်ပြဋ္ဌာန်းထားသည့် ဥပဒေများ ချိတ်ဆက်မှုမရှိခြင်း၊ သဟဇာတမဖြစ်ခြင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား လိုက်နာဆောင်ရွက်မှုအားနည်းခြင်း၊ အဂတိတရားနှင့် ဆောင်ရွက်မှုများရှိနေခြင်း၊ အသိပညာပေးရန်လိုအပ်ခြင်း၊ မြေအသုံးချမှုစီမံခန့်ခွဲရာတွင် စီးပွားရေးအကျိုးအမြတ်အများဆုံးနှင့် ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် မြေအသုံးချမှုဦးစားပေးအစီအစဉ်များ ကြိုတင်ရေးဆွဲမှုအားနည်းခြင်း၊ စီးပွားရေးလုပ်ငန်းများတွင် လူမှုဖွံ့ဖြိုးရေးတာဝန်ယူမှုနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှုအားနည်းပြီး ဒေသခံပြည်သူများနှင့် ထိပ်တိုက်ရင်ဆိုင်ရခြင်း၊ မြေအသုံးချမှု စီမံကိန်းရေးဆွဲခြင်း၊ မြေအသုံးချမှု အခွင့်အရေးများကို အများပြည်သူတို့ ပါဝင်အတည်ပြုရန်လိုအပ်ခြင်း၊ မြေသယံဇာတအချက်အလက်များနှင့် မြေပုံများတိကျ မှန်ကန်မှုမရှိခြင်း၊ မြေပြင်၌လက်တွေ့စီမံခန့်ခွဲရန်ခက်ခဲခြင်း၊ ဆက်စပ်ဌာနများ ပေါင်းစပ်ညှိနှိုင်းရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် လုပ်ကွက်ငယ်တောင်သူလယ်သမားအများစုက လယ်ယာစိုက်ပျိုးရေး၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး အသက်မွေးဝမ်းကျောင်းနေကြပါကြောင်း၊ ထို့ကြောင့် လယ်ယာမြေများ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးအားကောင်းလာစေပြီး လုပ်ကွက်ငယ်တောင်သူများနှင့် မြေယာမဲ့ပြည်သူများ၏ မြေအသုံးချမှုနှင့် လုပ်ပိုင်ခွင့်ခိုင်မာမှုကိစ္စမှာလည်း ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ခြင်းကြောင့် စိုက်ပျိုးရေးမူဝါဒနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာတို့တွင် ပင်မလုပ်ငန်းစဉ် ၁၄ ခုချမှတ်ပြီး မဟာဗျူဟာကျကျ ဆောင်ရွက်သွားရန် လျာထားပြီး ဖြစ်ပါကြောင်း၊ ယင်းပင်မလုပ်ငန်းစဉ် ၁၄ ခု ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားမြေအသုံးချမှုကောင်စီအနေဖြင့် လုပ်ငန်းကော်မတီတစ်ခု ဖွဲ့စည်းဆောင်ရွက်ရန် ဦးစားပေးလုပ်ငန်းစဉ်တစ်ခုအနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**အသိအမှတ်ပြု အကာအကွယ်ပေး**

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံလုပ်ငန်းစဉ်နှင့် အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖြစ်ပေါ်လာရေး ဆောင်ရွက်လျက်ရှိသည့်နေရာတွင် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒသဘောတူညီချက်များအဖြစ် (၂၁)ရာစု ပင်လုံညီလာခံ ဒုတိယအစည်းအဝေးတွင် ၁၀ ချက်၊ တတိယအစည်းအဝေးတွင် ၂ ချက် အတည်ပြုနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ မြေယာကဏ္ဍပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များဖြစ်သည့် အမျိုးသားမြေအသုံးချမှုမူဝါဒလမ်းညွှန်ချက်နှင့်အညီ အမျိုးသားမြေဥပဒေရေးဆွဲရေး၊ တည်ဆဲဥပဒေများသဟဇာတဖြစ်စေရေး၊ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအနေဖြင့် အလေးအနက်ထား ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတသည် ဖိုရမ်သို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အမျိုးသားမြေအသုံးချမှုမူဝါဒ ထွက်ပေါ်လာရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ပြခန်းကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဖိုရမ်ကိုဆက်လက်ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသူများက အမျိုးသားမြေအသုံးချမှုမူဝါဒဖြစ်ပေါ်လာပုံ၊ အမျိုးသားမြေအသုံးချမှုမူဝါဒပါ အရေးကြီးသောလမ်းညွှန်ချက်များ၊ မြေအသုံးချမှုကော်မတီများ ဖွဲ့စည်းရေး ဆောင်ရွက်နေမှု၊ အမျိုးသားမြေဥပဒေရေးဆွဲရေးနှင့် ဥပဒေများ သဟဇာတဖြစ်ရေး ဆောင်ရွက်မှုအခြေအနေ၊ အမျိုးသားမြေအသုံးချမှု အစီအစဉ်များနှင့် ဇုန်များရေးဆွဲအသုံးပြုခြင်းဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များ၊ မြို့ပြမြေအသုံးချမှု အစီအစဉ်ရေးဆွဲနေမှု၊ အမျိုးသား မြေပုံစနစ်ဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များနှင့် မြေတိုင်းဦးစီးဌာန၏ လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ်တည်ထောင်ရေးစီမံကိန်းနှင့် တိုးတက်မှုများကို ဆွေးနွေးခဲ့ကြသည်။

အမျိုးသားမြေအသုံးချမှုမူဝါဒဖိုရမ်ကို အောက်တိုဘာ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဖိုရမ်ဒုတိယနေ့တွင် စိုက်ပျိုးမြေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုင်ရာ မြေယာကဏ္ဍဖွံ့ဖြိုးမှု၊ ဒေသခံဌာနေတိုင်းရင်းသားများ၏ လူနှင့်သစ်တောအတူယှဉ်တွဲ နေထိုင်ခြင်းနှင့် အမျိုးသားမြေအသုံးချမှုကောင်စီက ဦးစားပေးဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ဆက်လက်ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျာမနီနိုင်ငံ အောက်လွှတ်တော်ရှိ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဂျာမနီနိုင်ငံ အောက်လွှတ်တော် (Bundestag)ရှိ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဒုတိယ ဥက္ကဋ္ဌ H. E. Mr. Uwe Kekeritz အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်နှင့် ပြည်သူ ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**






# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အမေရိကန်ရောက် မြန်မာအသိုက်အဝန်းများက လှူဒါန်းသည့် ရေဘေးပြန်လည်ထူထောင်ရေးအလှူငွေ လက်ခံရယူ

**နေပြည်တော် အောက်တိုဘာ ၂**

(၇၃)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ကိုယ်ခွဲခေါင်းဆောင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အောက်တိုဘာ ၁ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် နယူးယောက်မြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး ဧည့်ခန်းမ၌ ကျင်းပသည့် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ မြန်မာလူမှုရေးအဖွဲ့များဖြင့် ဖွဲ့စည်းထားသော National Humanitarian Fundraising For Myanmar (NHFMM) က မြန်မာနိုင်ငံ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက NHFMM ၏ အလှူငွေလှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားခဲ့ပြီး NHFMM ကိုယ်စား မြန်မာ-အမေရိကန် ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးဝီလျံစူး (ခေါ်) ဦးသိန်းဟန်က အမေရိကန်ဒေါ်လာ ၁၅၀၀၀ ကို ပြည်ထောင်စုဝန်ကြီးထံသို့ ပေးအပ်လှူဒါန်းသည်။

National Humanitarian Fundraising For Myanmar (NHFMM) ကို နယူးယောက်မြို့ မြန်မာ-တရုတ်အသင်း (Myanmar-Chinese Association of New York)၊ မြန်မာ-အမေရိကန် ဆေးပညာအသင်း (Myanmar-American Medical Education Society)၊ မြန်မာပြည်ဖွား ကုလသမဂ္ဂဝန်ထမ်းများအသင်း (UNSRC- Myanmar Cultural Club)၊ ရခိုင်သင်္ကြန်အသင်း (Rakhine Thingyan Association)၊ မြန်မာ-အမေရိကန် ကုန်သည်ကြီးများအသင်း (Myanmar-U.S. Chamber of Commerce)၊ မြန်မာ-အမေရိကန်ရှေ့နေအသင်း (US Myanmar Legal Counsel)၊ Burma Point အသင်းနှင့် မြန်မာလူမှုအသိုက်အဝန်းအသင်း (Myanmar Community's Individual) တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ NHFMM အနေဖြင့် မြန်မာနိုင်ငံရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေအတွက် မြန်မာအစားအစာနှင့် မြန်မာအထိမ်းအမှတ်လက်မှုပစ္စည်းဈေးရောင်းပွဲတော်ကို စက်တင်ဘာ ၂၃ ရက်က နယူးယောက်မြို့၌ ကျင်းပခဲ့ပြီး ဈေးရောင်းပွဲမှရရှိသည့် အမေရိကန်ဒေါ်လာ ၁၅၀၀၀ ကို ယခုကဲ့သို့ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၇-၂၀၁၈ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ဗဟန်းမြို့နယ် ကျောက်ဆည်မွှာရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်စိုး(ငြိမ်း)က နှုတ်ခွန်းဆက်အမှာစကားပြောကြားကာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်သိန်းခိုင်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်(ငြိမ်း) က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြောကြားသည်။





အစည်းအဝေးအပြီးတွင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အသက်(၇၅)နှစ်နှင့်အထက် ၅၁ ဦး၊ မသန်စွမ်းစစ်သည် ၁၄ ဦး၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးရှစ်ဦး၊ ရိုးရိုးအောင်လေးဦး ပေါင်း ၁၂ ဦးနှင့် အစည်းအဝေးသို့တက်ရောက်လာသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၂၁၈ ဦးတို့အား ထောက်ပံ့ငွေကျပ် ၃၅၃၀၀၀၀ နှင့် ဆုတံဆိပ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**

# မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦး တာချီလိတ်မြို့၌ ပြန်လည်လွှဲပြောင်းပေးအပ်

**တာချီလိတ် အောက်တိုဘာ ၂**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦးကို ထိုင်းနိုင်ငံတာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီခွဲက တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ယခုလွှဲပြောင်းသည့် နှစ်ဦးအပါအဝင် အမျိုးသား ၆၀၇ ဦး၊ အမျိုးသမီး ၂၇၂ ဦးနှင့် ကလေး ၃၁ ဦး စုစုပေါင်း ၉၁၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# ရွှေ့လျားကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ် မန်းရေနံမြေဒေသခံများအား စတင်မိတ်ဆက်

**မင်းဘူး အောက်တိုဘာ ၂**

"ပြည်သူအားလုံးကျန်းမာဖို့၊ စဉ်ဆက်မပြတ်ကြိုးပမ်းစို့"ဟူသည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ရည်မှန်းချက်ကို ပြည့်မီစေရန် တစ်တပ်တစ်အားပါဝင်ကူညီ အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPRL E&P Pte Ltd. နှင့် မင်းဘူးမြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ CSR လုပ်ငန်း၏ အခန်းကဏ္ဍတစ်ရပ်အနေဖြင့် မန်းရေနံမြေနှင့် ထိစပ်ကျေးရွာများရှိ ဒေသခံပြည်သူများအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာအရောက်ရရှိရန် ကျန်းမာရေးဝန်ထမ်းများ၊ ဆေးဝါးပံ့ပိုးကူညီမှုများဖြင့် ရွှေ့လျားကျန်းမာရေးစောင့်ရှောက်မှု ရှေးဦးအစီအစဉ်ကို မန်းရေနံမြေတွင် စက်တင်ဘာ ၁၇ ရက်တွင် စတင်မိတ်ဆက်ခဲ့သည်။

အဆိုပါအစီအစဉ်ကို မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် MPRL E&P Pte Ltd. က ဦးဆောင်၍ မန်းရေနံမြေဒေသခံများအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကျန်းမာရေးအသိပညာများ အလွယ်တကူရရှိနိုင်စေရန်၊ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအတွက် သီးသန့်ကျန်းမာရေးဝန်ဆောင်မှုရရှိစေရန်၊ အရည်အသွေးပြည့် ကျန်းမာရေးဝန်ဆောင်မှုများကို ကျေးရွာအရောက် ရရှိနိုင်စေရန် ရည်ရွယ်၍ "ပြည်သူ့အတွက် ကျန်းမာရေး၊ ကျေးရွာစောင့်ရှောက်ပေး"ဟူသည့် ဆောင်ပုဒ်နှင့်အညီ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါအစီအစဉ်အရ မန်းရေနံမြေနှင့် ထိစပ်ကျေးရွာများရှိ အဓိကစုရပ်နေရာ သုံးခုဖြစ်သည့် ချင်တောင်-ကွဲချကျေးရွာ၊ လေးအိမ်တန်းကျေးရွာနှင့် လက်ပံတပင်ကျေးရွာတို့တွင် သီတင်းပတ်အလိုက် ပြသနိုင်မည့် အချိန်သတ်မှတ်၍ စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါအစီအစဉ်၏ ရှေးဦးစီမံချက်ကာလအတွင်း စုရပ်နေရာတစ်ခုအတွက် တစ်ရက်လျှင် ဒေသခံ ၃၀ ခန့်ကို အခြေခံကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးလျက်ရှိပြီး စက်တင်ဘာ ၁၇ ရက်မှ အောက်တိုဘာ ၂ ရက်အထိ စုရပ်နေရာသုံးခုတွင် စုစုပေါင်း ၂၃၀ ခန့်ကို ကျန်းမာရေးစောင့်ရှောက်မှုများ ကျေးရွာအရောက် ပံ့ပိုးပေးနိုင်ခဲ့သည်။

အဆိုပါ ရွှေ့လျားကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်တွင် မင်းဘူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျန်းမာရေးအထောက်အကူပြုအဖွဲ့များ၊ MPRL E&P Pte Ltd. မှ မန်းရေနံမြေ တာဝန်ခံဆရာဝန်နှစ်ဦးနှင့် CSR ဌာနဝန်ထမ်းများ၊ ဒေသခံ စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာအရောက် စောင့်ရှောက်မှုပေးလျက်ရှိသည်။ ယခုအစီအစဉ်တွင် ကလေးငယ်နှင့်သက်ကြီးရွယ်အိုများကို ဦးတည်အုပ်စုသတ်မှတ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကာ ဒေသခံများအဖြစ်များသည့် ကျန်းမာရေးပြဿနာများအပေါ် မူတည်၍ ဆက်လက်ပံ့ပိုးနိုင်ရန် စီစဉ်လျက်ရှိသည်။

**သတင်းစဉ်**

# မဲရုံလုံခြုံရေးဆောင်ရွက်မည့် ရဲတပ်ဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ ရက်တိုသင်တန်းဖွင့်လှစ်

**မင်းဘူး အောက်တိုဘာ ၂**

နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်လျက်ရှိသော မင်းဘူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) နယ်မြေအတွက် မဲရုံလုံခြုံရေးဆောင်ရွက်မည့် ရဲတပ်ဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ ရက်တိုသင်တန်းကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီက မင်းဘူးမြို့မရဲစခန်းဝင်းအတွင်းရှိ အောင်ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် မင်းဘူးခရိုင်ရဲမှူး ဒု-ရဲမှူးကြီးညီဝင်း၊ မင်းဘူး ဒု-ခရိုင်ရဲမှူး ရဲမှူးဉာဏ်ကီးရှိန်၊ မင်းဘူးမြို့နယ်ရဲမှူး ရဲမှူး ဝင်းထိန်၊ မင်းဘူး ဒု-မြို့နယ်ရဲမှူး ဒုရဲမှူး လှနောင်၊ မင်းဘူးမြို့မစခန်းမှူး ဒု-ရဲမှူး မြင့်ဇော်တို့က ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဆောင်ရန်၊ ရှောင်ရန်များ၊ ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေများနှင့် သိသင့်သိထိုက်သည်များကို ပို့ချဆောင်ရွက်လျက်ရှိသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၅၈ ဦးအား အောက်တိုဘာ ၂ ရက်မှ ၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပို့ချဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**

# နိုင်ငံတကာစာချုပ်နှင့် MoU

■ ဝင်းဇေယျာထွန်း

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများဟာ နိုင်ငံတကာစာချုပ်များ (International Treaty)နဲ့ ကင်းကွာလို့မရပါဘူး။ ထိုနည်းတူစာချုပ်မျိုးကွဲတစ်ခု ဖြစ်တဲ့ နားလည်မှု စာချွန်လွှာ (MoU - Memorandum of Understanding) ဆိုတာဟာလည်း ယနေ့မြန်မာနိုင်ငံနဲ့ နိုင်ငံတကာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေးမှာ သိပ်ကိုရေပန်းစားတဲ့ အသုံးပြုမှုအများဆုံး သဘောတူညီချက်စာချုပ်ပုံစံတစ်ခုဖြစ်နေတာကို တွေ့ရှိရပါတယ်။ နိုင်ငံတကာစာချုပ်နဲ့ MoU တို့ရဲ့သဘောသဘာဝ၊ သူတို့ရဲ့ ဥပဒေပိုင်းဆိုင်ရာသက်ရောက်မှု ( Legal effect)၊ စည်းနှောင်မှု( Legally binding)စတာတွေကို သိရှိနားလည်ထားမှသာ မှန်မှန်ကန်ကန် အန္တရာယ်ကင်းကင်းနဲ့ အကျိုးရှိစွာ အသုံးချနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတကာစာချုပ်များ၊ MoUများနဲ့ ပတ်သက်တဲ့ အခြေခံအကြောင်းအရာတွေကို လွယ်လွယ်ကူကူသဘောပေါက်နားလည်နိုင်စေဖို့ နိုင်ငံတကာ ဥပဒေရှုထောင့်က ဆွေးနွေးပေးသွားမှာဖြစ်ပါတယ်။

### နိုင်ငံတကာစာချုပ်(International Treaty)

နိုင်ငံတကာစာချုပ်ဆိုတာ နိုင်ငံနှစ်နိုင်ငံနှင့်အထက် သို့မဟုတ် နိုင်ငံများနဲ့ နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်ချုပ်ဆိုပြီး ပါဝင်သူများက စာချုပ်ပါ အချက်များကို လိုက်နာဆောင်ရွက်ဖို့ သဘောတူတဲ့ ကတိကဝတ်များ ဖြစ်ကြပါတယ်။ လုပ်ငန်းဆောင်ရွက်ပုံအရ အမျိုးအစားခွဲကြည့်မယ်ဆိုရင် ဥပဒေပြုတဲ့စာချုပ် (Law making treaty)နဲ့ လုပ်ငန်းဆောင်ရွက်ဖို့ ချုပ်ဆိုတဲ့စာချုပ် (Contractual treaty)ဆိုပြီး နှစ်မျိုးကို တွေ့ရှိရမှာဖြစ်ပါတယ်။ နိုင်ငံတကာစာချုပ်ရဲ့ အဓိကအကျဆုံးအချက်က "ပါဝင်သူများအားလုံးအပေါ် နိုင်ငံတကာဥပဒေအရ နိုင်ငံတကာဥပဒေတစ်ရပ်ကဲ့သို့ စည်းနှောင်မှုရှိခြင်း (Legally binding)" ဖြစ်ပါတယ်။

နိုင်ငံတကာစာချုပ်တွေကို "Treaty၊ Protocol၊ Convention၊ Charter၊ Pact၊ Agreement" စသဖြင့် အသုံးပြုမယ့် ဘာသာရပ်၊ ပါဝင်လက်မှတ်ထိုးတဲ့ အဖွဲ့ဝင်အစရှိတဲ့ အချက်များအပေါ် မူတည်ပြီး အမည်အမျိုးမျိုး သတ်မှတ်ခေါ်ကြပါတယ်။ ဥပမာ ကုလသမဂ္ဂပဋိညာဉ်စာချုပ် (UN Charter)၊ ဂျီနီဗာကွန်ဗင်းရှင်းများ (The Geneva Conventions) အစရှိသည်တို့ဖြစ်ပါတယ်။ ဒါပေမယ့် သတိထားရမှာက ကုလသမဂ္ဂပဋိညာဉ်စာချုပ် (ကုလသမဂ္ဂချာတာ) (UN Charter)က ဥပဒေပြုစာချုပ်ဖြစ်ပေမယ့် ဥရောပလုံခြုံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OSCE--Organization for Security and Co-operation in Europe) ရဲ့ချာတာ ( OSCE Charter of Paris 1990 ) က MoU ဖြစ်နေပါတယ်။ "ချာတာ" ဆိုတဲ့ အမည်ချင်းတူပေမယ့် ပါဝင်တဲ့အကြောင်းအရာအရ အမျိုးအစားကွဲပြားသွားပြီး သူတို့ရဲ့ ဥပဒေပိုင်းဆိုင်ရာ သက်ရောက်မှုလည်း ကွာသွားပါတယ်။ နိုင်ငံတကာစာချုပ်တစ်ရပ်ဟုတ်၊ မဟုတ်ဆိုတာ အမည်ကိုကြည့်ပြီး ဆုံးဖြတ်လို့မရပါဘူး။ အောက်မှာ ဆွေးနွေးသွားမယ့် အချက်တွေနဲ့ ကိုက်ညီမှသာ နိုင်ငံတကာစာချုပ်တစ်ရပ်လို့ သတ်မှတ်နိုင်မှာဖြစ်ပါတယ်။ ဒီအချက်တွေကို ၁၉၇၈ ခုနှစ်မှာ မြန်မာနိုင်ငံပါဝင်ခဲ့တဲ့ "၁၉၆၉ နိုင်ငံတကာစာချုပ်များဆိုင်ရာ ဗီယင်နာသဘောတူစာချုပ်" မှာလည်း ပြဋ္ဌာန်းထားရှိပါတယ်။

### စည်းနှောင်မှုခံယူလိုသောဆန္ဒ

နိုင်ငံတကာစာချုပ်များ ချုပ်ဆိုရာမှာ အဓိကအရေးအကြီးဆုံးအချက်ကတော့ စာချုပ်မှာပါဝင်သူများအားလုံးက "စာချုပ်ပါအချက်များကို နိုင်ငံတကာဥပဒေသကဲ့သို့ သတ်မှတ်၍စည်းနှောင်မှုခံယူလိုသောဆန္ဒ (Consent to be bound)" ကို ဖော်ထုတ်ပြသဖို့ပဲ ဖြစ်ပါတယ်။ ခပ်ရှင်းရှင်းပြောရရင် "စာချုပ်ပါအချက်များအား လိုက်နာပါမယ်၊ မလိုက်နာပါက စာချုပ်မှာဖော်ပြထားတဲ့အတိုင်း အရေးယူတာကို ခံယူပါမယ်" လို့ ကတိကဝတ်ပြုခြင်းပဲ ဖြစ်ပါတယ်။ ဒီလို ဆန္ဒဖော်ထုတ်ပြသမှုကို စာချုပ်မှာပါဝင်လက်မှတ်ထိုးခြင်း၊ ပါဝင်မည်ဖြစ်ကြောင်း စာလွှာပေးပို့ခြင်း စတဲ့ နည်းလမ်းများနဲ့ဆောင်ရွက်လေ့ရှိကြပါတယ်။

### နိုင်ငံတကာစာချုပ်တွင်ပါဝင်ခွင့်ရှိသူများ

နိုင်ငံတကာစာချုပ်ချုပ်ဆိုသူတွေဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံများ သို့မဟုတ် နိုင်ငံတကာဥပဒေအရ အသိအမှတ်ပြုထားတဲ့ အဖွဲ့အစည်းများ (ဥပမာ - ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့စသည်)များ ဖြစ်ရပါမယ်။ နိုင်ငံတွေနဲ့ နိုင်ငံတကာ စီးပွားရေးကုမ္ပဏီများအကြား ချုပ်ဆိုတဲ့စာချုပ်တွေဟာ တစ်ခါတစ်ရံမှာ နိုင်ငံတကာဥပဒေတွေကို နောက်ခံပြုထားပေမယ့်လည်း နိုင်ငံတကာစာချုပ်များ မဟုတ်ကြပါဘူး။ နိုင်ငံတကာစာချုပ်လို ဥပဒေပိုင်းဆိုင်ရာ သက်ရောက်မှုများ ပိုင်ဆိုင်ခြင်းမရှိပါဘူး။ ဒါကို ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာတရားရုံး ( ICJ- International Court of Justice)က ၁၉၅၂ ခုနှစ်မှာ ဆုံးဖြတ်ခဲ့တဲ့ ဗြိတိန်နိုင်ငံနဲ့ အီရန်ရေနံကုမ္ပဏီအကြား ဖြစ်ပွားခဲ့တဲ့အမှုမှာ တွေ့ရှိနိုင်မှာဖြစ်ပါတယ်။

### ရေးသား၊ ပုံနှိပ်ခြင်းနှင့် လက်မှတ်ရေးထိုးခြင်း

နိုင်ငံတကာစာချုပ်တွေဟာ ရေးသားပုံနှိပ်ထားတဲ့စာချုပ်များ (Written form) ဖြစ်ရပါမယ်။ ရေးသားထားတဲ့ဘာသာစကားကလည်း ပါဝင်သူအားလုံး နားလည်တဲ့ ဘာသာစကားဖြစ်ရပါမယ်။ ပါဝင်သူအားလုံးဟာ လက်မှတ်ရေးထိုးခြင်း(Signature)၊ စာရွက်စာတမ်းပေးပို့လဲလှယ်ခြင်း (Exchange of notes)၊ စာချုပ်ကို လက်ခံကြောင်းစာ (Acceptance)ပေးပို့ခြင်း အစရှိတဲ့ အတည်ပြုခြင်းနည်းတစ်မျိုးမျိုးနဲ့ ၎င်းတို့ရဲ့ "စာချုပ်အရ (ဥပဒေကြောင်းအရ) စည်းနှောင်မှုခံယူလိုသောဆန္ဒ"ကို ပြသအတည်ပြုရပါမယ်။ နိုင်ငံတကာစာချုပ်တစ်ရပ်အဖြစ် အထမြောက်ရန်အတွက် ပါဝင်သူများက လက်မှတ်ရေးထိုးဖို့ မလွဲမသွေလိုအပ်တယ်ဆိုတဲ့အချက်ဟာ မှန်ကန်မှုမရှိပါဘူး။

### ပြည်တွင်းဥပဒေအပေါ် လွှမ်းမိုးမှု

နောက်ထပ်အရေးကြီးတဲ့ အချက်တစ်ခုရှိပါသေးတယ်။ ဒါကတော့ စာချုပ်ချုပ်ဆိုခြင်းဟာ စာချုပ်မှာ ပါဝင်သူများက မိမိတို့လိုက်နာရမယ့်ဥပဒေတစ်ရပ်ကို မိမိတို့ကိုယ်တိုင် ပြဋ္ဌာန်းလိုက်ခြင်းဖြစ်ပြီး ယေဘုယျအားဖြင့် စာချုပ်ဝင်နိုင်ငံများရဲ့ ပြည်တွင်းဥပဒေများအပေါ် အတိုင်းအတာတစ်ခုအထိ သက်ရောက်လွှမ်းမိုးမှုလည်း ရှိသွားပါတယ်။ ဒါကြောင့် နိုင်ငံတကာစာချုပ်ဟာ ပါဝင်သူများအပေါ်မှာ ဥပဒေအရစည်းနှောင်မှုရှိတယ်ဆိုတာ အလွန်ထင်ရှားတဲ့အချက်ဖြစ်ပါတယ်။ နိုင်ငံများအနေနဲ့ ပါဝင်လိုတဲ့ စာချုပ်မှာပြဋ္ဌာန်းထားတဲ့ အချက်များက မိမိတို့ရဲ့ ပြည်တွင်းဥပဒေတွေအပေါ် လွှမ်းမိုးတာမခံချင်ရင် အစကတည်းက စာချုပ်မှာမပါတာ အကောင်းဆုံးဖြစ်ပါတယ်။ စာချုပ်မှာပါဝင်ပြီးရင်၊ စာချုပ်ချုပ်ဆိုပြီးရင်တော့ နိုင်ငံတစ်နိုင်ငံအနေနဲ့ စာချုပ်မှာ မိမိတို့ကိုယ်တိုင်ပေးထားတဲ့ ကတိကဝတ်များအတိုင်း လိုက်နာဆောင်ရွက်ရမယ့် ဝတ္တရားရှိသွားပါတယ်။

### ခြွင်းချက်၊ သက်ရောက်မှုရှိလိမ့်မည်မဟုတ်ကြောင်း ကြေညာချက်

ဒါပေမယ့် နိုင်ငံတွေအနေနဲ့ အကြောင်းအမျိုးမျိုးကြောင့် စာချုပ်မှာပါဝင်ဖို့ လိုအပ်နေတယ်။ စာချုပ်မှာပြဋ္ဌာန်းထားတဲ့ အချို့အချက်အနည်းငယ်ကို သဘောမတူနိုင်ဘူးဆိုရင် ပါဝင်လက်မှတ်ရေးထိုးတဲ့ အချိန်မှာခြွင်းချက် သို့မဟုတ် သက်ရောက်မှုရှိလိမ့်မည် မဟုတ်ကြောင်း ကြေညာချက်ထားရှိပြီး စာချုပ်မှာပါဝင်လို့ရပါတယ်။ ဥပမာ-စာချုပ်မှာအချက် ၁၀ ချက် ပြဋ္ဌာန်းထားပေမယ့် သုံးချက်ကို လက်မခံနိုင်ဘူး ဆိုရင် စာချုပ်မှာပါဝင်လက်မှတ်ရေးထိုးတဲ့အချိန်မှာ အဆိုပါသုံးချက်ကို လက်ခံနိုင်မှုမရှိကြောင်း စာဖြင့် တရားဝင်ရေးသားဖော်ပြပြီး စာချုပ်မှာ ပါဝင်နိုင်ပါတယ်။ စာချုပ်ရဲ့ အဲဒီအချက်သုံးချက်ဟာ ၎င်းနိုင်ငံအပေါ် သက်ရောက်မှုရှိမှာမဟုတ်ပါဘူး။ မြန်မာနိုင်ငံအနေနဲ့ "အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုနှိမ်နင်းရေး စာချုပ် ( International Convention for the Suppression of Terrorist Bombing)" သို့ ၂၀၀၁ ခုနှစ်က ဝင်ရောက်စဉ်မှာ စာချုပ်ရဲ့အခန်း ၂၀-၁ မှာ ပါဝင်တဲ့ "စာချုပ်နှင့်စပ်လျဉ်းပြီး အငြင်းပွားမှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါက အနုညာတခုံရုံး (Arbitration)၊ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ တရားရုံးများမှတစ်ဆင့် ဖြေရှင်းသွားရန်" ဆိုတဲ့ အချက်အပေါ်ခြွင်းချက်ထားပြီး ဝင်ရောက်ခဲ့ပါတယ်။ ဒါကြောင့် "အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုနှိမ်နင်းရေးစာချုပ်" ရဲ့ အခန်း(၂၀-၁)ဟာ မြန်မာနိုင်ငံအပေါ် ဥပဒေကြောင်းအရ စည်းနှောင်မှုမရှိပါဘူး။

စာချုပ်မှာပါဝင်တဲ့ အကြောင်းအရာအပေါ်မူတည်ပြီး အချို့စာချုပ်တွေမှာ ခြွင်းချက်ထားရှိဖို့ ခွင့်ပြုထားခြင်းမရှိပါဘူး။ ဥပမာအားဖြင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးစာချုပ် (Statue of International Criminal Court)၊ ဓာတုလက်နက်အသုံးပြုမှု တားဆီးပိတ်ပင်ရေးစာချုပ် (Chemical Weapons Convention)၊ လူသတ်မိုင်းအသုံးပြုမှု တားဆီးပိတ်ပင်ရေးစာချုပ် ( Anti-Personal Mines Convention) စတဲ့ စာချုပ်တွေမှာစာချုပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ခြွင်းချက်၊ ကြေညာချက်ထားရှိဖို့ ခွင့်ပြုထားခြင်းမရှိပါဘူး။

ခြွင်းချက်၊ ကြေညာချက်ထားရာမှာလည်း ကန့်သတ်ချက်တွေ ရှိပါတယ်။ စာချုပ်တစ်ခုနဲ့တစ်ခု ကန့်သတ်ချက်တွေ ကွဲပြားပေမယ့် အကြမ်းဖျင်းအားဖြင့် စာချုပ်ရဲ့ရည်ရွယ်ချက်နဲ့ လုပ်ငန်းစဉ်တွေကို ထိခိုက်စေမယ့်အချက်တွေအပေါ် ခြွင်းချက်ထားလို့မရပါဘူး။ ဥပမာ စာချုပ်က "ကုန်ပစ္စည်းအတု ဆန့်ကျင်ရေးစာချုပ်" ဖြစ်နေမယ်။ ခြွင်းချက်ထားလိုတဲ့အချက်က "သက်ဆိုင်ရာနိုင်ငံအတွင်းမှာ ကုန်ပစ္စည်းအတု ထုတ်လုပ်မှုကို အရေးယူရမယ်" ဆိုတာ ဖြစ်နေမယ်ဆိုရင် ဘယ်လိုမှ ခြွင်းချက်ထားလို့ရမှာမဟုတ်ပါဘူး။ စာချုပ်ရဲ့ ရည်ရွယ်ချက်ကို ထိခိုက်နေလို့ဖြစ်ပါတယ်။ ဒါ့အပြင် ချုပ်ဆိုတဲ့ စာချုပ်ကိုယ်တိုင်က ခြွင်းချက်ထားခွင့်မပြုကြောင်း ဖော်ပြသတ်မှတ်ထားတဲ့ အချက်တွေအပေါ်မှာလည်း ထားရှိလို့မရပါဘူး။ ဥပမာ- ဒုက္ခသည်များနှင့် နိုင်ငံမဲ့များဆိုင်ရာစာချုပ် (Convention Relating to the Status of Refugee and Stateless Persons) ၏ အခန်း (၁) အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အခန်း(၃) စာချုပ်အား လူမျိုး၊ ဘာသာ၊ မူရင်း နိုင်ငံခွဲခြားမှုမရှိဘဲ အသုံးပြုသွားရေး၊ အခန်း(၄) ဘာသာရေးဓလေ့အရ လွတ်လပ်ခွင့်များခွင့်ပြုရေး၊ အခန်း (၁၆-၁) ဒုက္ခသည်များနှင့် နိုင်ငံမဲ့များမှ တရားရုံးများသို့ အမှုများ တင်ပြအဆုံးအဖြတ်ခံယူခွင့်ရရှိရေး၊ အခန်း(၃၃) ပြန်လည်နှင်ထုတ်ခြင်း မပြုရေးနဲ့ စာချုပ်ပါအခန်း (၃၆ မှ ၄၆ အထိ)တို့အပေါ် ခြွင်းချက်ထားရှိဖို့ စာချုပ်ကခွင့်ပြုထားခြင်းမရှိပါဘူး။

### နိုင်ငံတကာစာချုပ်ကို ဘယ်သူတွေချုပ်နိုင်သလဲ

နိုင်ငံတကာစာချုပ်တစ်ရပ် ချုပ်ဆိုခြင်းဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ ကြီးမားခိုင်မြဲတဲ့ ကတိကဝတ်ပြုခြင်း ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတကာဥပဒေအရ နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံတော်အကြီးအကဲ (သမ္မတ၊ ဝန်ကြီးချုပ်စသည်)နဲ့ နိုင်ငံခြားရေးဝန်ကြီးတို့သာ စာချုပ်ချုပ်ဆိုခွင့်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်အကြီးအကဲများနဲ့ နိုင်ငံခြားရေးဝန်ကြီးများမှာ စာချုပ်ချုပ်ဆိုနိုင်တဲ့ Legal personality ရှိတယ်လို့ ပြောနိုင်ပါတယ်။ အခြားသူများစာချုပ်ချုပ်ဆိုလိုပါက သက်ဆိုင်ရာနိုင်ငံက ၎င်းအားစာချုပ်ချုပ်ဆိုခွင့် အာဏာအပ်နှင်းကြောင်းအမိန့်စာ (Full power)ထုတ်ပြန်ပေးရမှာ ဖြစ်ပါတယ်။

သက်ဆိုင်ရာနိုင်ငံတွေက စာချုပ်ချုပ်ဆိုရန်အတွက် သီးခြားတာဝန်ပေးထားသော အထူးအာဏာကုန်လွှဲအပ်ခြင်းခံရတဲ့ သံအမတ်ကြီးများ၊ စာချုပ်ချုပ်ဆိုရေး ညှိနှိုင်းရန်ကျင်းပတဲ့ နိုင်ငံတကာအစည်းအဝေးများသို့ တက်ရောက်ရန် တာဝန်ပေးစေလွှတ်ခြင်းခံရတဲ့ နိုင်ငံကိုယ်စားလှယ်တွေမှာလည်း ပေးအပ်ထားတဲ့ တာဝန်အရ စာချုပ်ချုပ်ဆိုခွင့်ရှိပါတယ်။ သူတို့ကိုသက်ဆိုင်ရာ နိုင်ငံကတာဝန်ပေးဖို့သာ လိုအပ်ပြီး စာချုပ်ချုပ်ဆိုခွင့် အာဏာအပ်နှင်းကြောင်း အမိန့်စာထုတ်ပြန်ပေးဖို့ လိုအပ်ခြင်းမရှိပါဘူး။ သို့သော်လည်း အချို့သော အခြေအနေတွေမှာ ဘာသာရပ်ရဲ့အရေးကြီးမှုအပေါ်မူတည်ပြီး စာချုပ်ချုပ်ဆိုခွင့် အာဏာအပ်နှင်းကြောင်း အမိန့်စာတောင်းခံတဲ့ အလေ့အထတွေ တွေ့ရှိလာရပါတယ်။

နိုင်ငံအသီးသီးရဲ့ နိုင်ငံခြားရေးဝန်ကြီးမဟုတ်တဲ့ ဝန်ကြီးများအစရှိတဲ့ မည်သူမဆို နိုင်ငံတကာစာချုပ်များချုပ်ဆိုမယ်ဆိုရင် သက်ဆိုင်ရာ နိုင်ငံက ၎င်းအားစာချုပ်ချုပ်ဆိုခွင့် အာဏာအပ်နှင်းကြောင်း အမိန့်စာမလွဲမသွေလိုအပ်မှာဖြစ်ပါတယ်။ ဒါမှမဟုတ်ရင်တော့ သူတို့ချုပ်ဆိုတဲ့ စာချုပ်တွေဟာ ဥပဒေကြောင်းအရ သက်ရောက်မှုရှိမှာမဟုတ်ပါဘူး။ စာချုပ်ချုပ်ဆိုခွင့် အာဏာအပ်နှင်းကြောင်း အမိန့်စာမပါဘဲ စာချုပ်ချုပ်ဆိုခဲ့မယ်ဆိုရင် သက်ဆိုင်ရာနိုင်ငံက နောက်ပိုင်းမှာ ထပ်မံအတည်ပြုပေးမှု (Subsequence confirmation) ပြုလုပ်မှသာ အဆိုပါစာချုပ်ဟာ ဥပဒေကြောင်းအရ သက်ရောက်မှုရှိမှာ ဖြစ်ပါတယ်။

### နိုင်ငံတကာစာချုပ်နှင့် ကုလသမဂ္ဂပဋိညာဉ်စာချုပ်၏အခန်းကဏ္ဍ

ကမ္ဘာပေါ်မှာရှိတဲ့ မည်သည့်စာချုပ်မဆို ကုလသမဂ္ဂပဋိညာဉ်စာချုပ်ရဲ့ စွမ်းအားကိုယှဉ်ပြိုင်ဖို့ မဖြစ်နိုင်ပါဘူး။ ဘာလို့လဲဆိုတော့ ကုလသမဂ္ဂပဋိညာဉ်စာချုပ်၊ အခန်း (၁၀၃) မှာ "နိုင်ငံများက သီးခြားချုပ်ဆိုသော စာချုပ်ပါ အကြောင်းအရာများသည် ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ အကြောင်းအရာများနှင့် ကွဲလွဲမှုများရှိလာပါက ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ အကြောင်းအရာများသည် အမှန်ဖြစ်သည်" လို့ ထင်ထင်ရှားရှား ပြဋ္ဌာန်းထားပါတယ်။ ဒီအချက်ကို မြန်မာနိုင်ငံအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံးကလည်း လိုက်နာပါမယ်လို့ သဘောတူညီထားခဲ့ကြပါတယ်။ ဒါကြောင့် ဘယ်နိုင်ငံတကာစာချုပ်မဆို ကုလသမဂ္ဂပဋိညာဉ်စာချုပ်နဲ့ ထိပ်တိုက်ရင်ဆိုင်ရပါက ရှုံးနိမ့်မည်သာဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

"စာချုပ်ချုပ်ဆိုခြင်းဟာ စာချုပ်မှာ ပါဝင်သူများက မိမိတို့လိုက်နာရမယ့် ဥပဒေတစ်ရပ်ကို မိမိတို့ကိုယ်တိုင် ပြဋ္ဌာန်းလိုက်ခြင်းဖြစ်ပြီး ယေဘုယျအားဖြင့် စာချုပ်ဝင်နိုင်ငံများရဲ့ ပြည်တွင်းဥပဒေများအပေါ် အတိုင်းအတာတစ်ခုအထိ သက်ရောက်လွှမ်းမိုးမှုလည်း ရှိသွားပါတယ်။ ဒါကြောင့် နိုင်ငံတကာစာချုပ်ဟာ ပါဝင်သူများအပေါ်မှာ ဥပဒေအရစည်းနှောင်မှုရှိတယ်ဆိုတာ အလွန်ထင်ရှားတဲ့ အချက်ဖြစ်ပါတယ်။ နိုင်ငံများအနေနဲ့ ပါဝင်လိုတဲ့ စာချုပ်မှာ ပြဋ္ဌာန်းထားတဲ့အချက်များက မိမိတို့ရဲ့ ပြည်တွင်းဥပဒေတွေအပေါ် လွှမ်းမိုးတာမခံချင်ရင် အစကတည်းက စာချုပ်မှာမပါတာ အကောင်းဆုံးဖြစ်ပါတယ်။ စာချုပ်မှာပါဝင်ပြီးရင်၊ စာချုပ်ချုပ်ဆိုပြီးရင်တော့ နိုင်ငံတစ်နိုင်ငံအနေနဲ့ စာချုပ်မှာ မိမိတို့ကိုယ်တိုင်ပေးထားတဲ့ ကတိကဝတ်များအတိုင်း လိုက်နာဆောင်ရွက်ရမယ့် ဝတ္တရားရှိသွားပါတယ်"

# အိန္ဒိယနိုင်ငံ၏ဖခင်ကြီး မဟတ္တမဂန္ဒီ နှစ် ၁၅၀ ပြည့်မွေးနေ့ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂**
အိန္ဒိယနိုင်ငံ၏ ဖခင်ကြီးမဟတ္တမဂန္ဒီ၏ နှစ် ၁၅၀ ပြည့် မွေးနေ့အထိမ်းအမှတ် နှစ်နှစ်တာကာလအတွင်း အခမ်းအနား ကျင်းပခြင်းကို ယနေ့ညနေ ၅ နာရီက ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ သံတမန်အဖွဲ့အစည်းများ အပါအဝင် အိန္ဒိယနွယ်ဖွား စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Vikram Misri၊ ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးနှင့် Myanmar Heritage မှ မန်နေဂျင်းအယ်ဒီတာ ဦးမြင့်သူတို့က ဆီမီးထွန်းညှိကာ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် အိန္ဒိယသံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သီတဂူဆရာတော်ကြီးက မဟတ္တမဂန္ဒီ၏ ဘဝနှင့်လုပ်ဆောင်ချက်များအား မိန့်ကြားခဲ့သည်။ ထို့နောက် ဒေါက်တာသန့်မြင့်ဦးက ဂန္ဒီ အမှတ်တရစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနား၌ ဂန္ဒီနှစ် ၁၅၀ ပြည့်မွေးနေ့တွင် အိန္ဒိယအစိုးရမှ ပြသသွားမည့် Clean India (၄) နှစ်ပြည့် အထိမ်းအမှတ်တံဆိပ်ခေါင်း မိတ်ဆက်ပြသခဲ့ပြီး ဆရာဟိန်းလတ် မြန်မာဘာသာပြန်ဆိုထားသည့် မဟတ္တမဂန္ဒီ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည့် သစ္စာတရားနှင့်ယှဉ်သော ကျွန်ုပ်၏စမ်းသပ်မှုဇာတ်လမ်းစာအုပ်များ ပြသရောင်းချကြောင်း သိရသည်။

အိန္ဒိယလူထုခေါင်းဆောင်ဂန္ဒီသည် မြန်မာနိုင်ငံသို့ နှစ်ခေါက်၊ သုံးခေါက် လာခဲ့ဖူးပြီး မဟာဗန္ဓုလပန်းခြံ၊ ပျဉ်းမနား၊ မန္တလေးခံတပ်အနောက်တောင်ဘက်မုခ်တို့တွင် မိန့်ခွန်းပြောခဲ့ဖူးကြောင်း သိရသည်။

ဂန္ဒီအား ၁၈၆၉ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် အိန္ဒိယအနောက်ပိုင်း(ယခုခေတ် ဂူဂျာရတ်ပြည်နယ်ရှိ ပေါ်ဗန်ဒါမြို့)တွင် မွေးဖွားခဲ့ပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် နယူးဒေလီရှိ ဗီယာလာနေအိမ်၌ လုပ်ကြံခံရ၍ ကွယ်လွန်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇာနည်မောင်**






# အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂**
မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel နှင့် United States Department of the Treasury မှ Mr.Geoffrey Okamoto၊ Acting Assistant Secretary၊ International Finance and Development တို့ပါဝင်သောအဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကုံကော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လက်ရှိမြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍ၌ ပြုပြင်ပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များ၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးအရင်းအနှီး လိုအပ်ချက်ကို ဘဏ်လုပ်ငန်းကဏ္ဍမှ ဆောင်ရွက်ပေးနိုင်မှုများ၊ လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာတစ်ဝန်းရှိ ပြည်တွင်း ငွေကြေးများအပေါ် အကျိုးသက်ရောက်မှုများ၊ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းဆိုင်ရာကိစ္စရပ်များနှင့် AML/CFT နယ်ပယ်၌ ပိုမိုနားလည်ယုံကြည်လိုက်နာ ဆောင်ရွက်နေမှုများကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ (၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**ပုသိမ် အောက်တိုဘာ ၂**
ဧရာဝတီတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသော (၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီခွဲက ပုသိမ်မြို့ ကမ်းနားလမ်းရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးအောင်ဝင်းဦးထံမှ ပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ရွှေသောင်းက ဖတ်ကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ် ၁၀ သိန်း ပေးအပ်ခဲ့သည်။

ဆက်လက်၍ ၂၀၁၇-၂၀၁၈ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်သော ရဲတပ်ဖွဲ့ဝင် သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခဲ့သည်။ ထို့နောက် တိုင်းတရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်များက နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသော ၂၆ မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကူညီကြသော ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအား လည်းကောင်း၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးရွှေသောင်းက ဖျာပုံမြို့ရဲစခန်းက တရားခံများနှင့်အတူ စက်လှေ ၄၈ စင်း (တန်ဖိုးငွေကျပ်သိန်း ၃၄၀၀) ဖော်ထုတ်ဖမ်းဆီးနိုင်သော ဒုရဲအုပ်မျိုးသီဟအား လည်းကောင်း၊ ဒုတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမောင်မောင်ဦးက အမှတ် ၅၀ မူးယစ်တပ်ဖွဲ့စုမှ စိတ်ကြွရူးသွပ်ဆေးပြား (တန်ဖိုးငွေကျပ် ၁၃၅၀၆၀၀၀၀ ကျော်) အား တရားခံနှင့်အတူ သက်သေခံပစ္စည်းများ ဖမ်းဆီးအရေးယူနိုင်ခဲ့သော ဒုရဲမှူးညီညီလွင်တို့အားလည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ (တိုင်းဦးစီးဗိုလ်မှူးကြီး) ဗိုလ်မှူးကြီးဇော်ပိုင်ထွန်းက ပုသိမ်မြို့မရဲစခန်းမှ တရားခံသုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ၂၄ နာရီအတွင်း စုံစမ်းဖော်ထုတ်အရေးယူနိုင်မှုတို့ကြောင့်လည်းကောင်း ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ခဲ့ကြသည်။

**ပုသိမ်လှကြည်**

# တရုတ်၊ တောင်ကိုရီးယား၊ ဂျပန် အာဆီယံ သုံးနိုင်ငံ ဗီဇာဖြေလျှော့ပေး

**ရန်ကုန် အောက်တိုဘာ ၂**
မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော နိုင်ငံခြားသားခရီးသွား ဧည့်သည်များ ပိုမိုလွယ်ကူစွာ သွားလာလည်ပတ်နိုင်ရေးအတွက် အောက်တိုဘာ ၁ ရက်မှ စတင်ပြီး အာဆီယံမိတ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ စသည့်နိုင်ငံများကို ထပ်မံ၍ ဗီဇာဖြေလျှော့ပေးလိုက်ကြောင်း သိရသည်။

"တောင်ကိုရီးယား၊ တရုတ်၊ ဂျပန်နိုင်ငံသားတွေ မြန်မာနိုင်ငံကို ဝင်ရောက်တဲ့အခါ ပိုမိုလွယ်ကူရေး ပြင်ဆင်တဲ့အနေနဲ့ တရုတ်နိုင်ငံသားတွေအား ဆိုက်ရောက်ဗီဇာစနစ်နဲ့ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတွေကို ဗီဇာ အိတ်စတန်းရှင်းစနစ် ဗီဇာကင်းလွတ်ခွင့်နဲ့ နောက်တစ်ခါ မကာအို ဟောင်ကောင်မှ လာရောက်မည့် ခရီးသွားဧည့်သည်တွေကိုလည်း ဗီဇာ အိတ်စတန်းရှင်းစနစ်နဲ့ ကျွန်တော်တို့ အောက်တိုဘာ ၁ ရက်ကနေစပြီး နိုင်ငံတော်အစိုးရက ဝင်ခွင့်ပြုထားပြီးဖြစ်ပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ထွေးက ပြောသည်။

အဆိုပါနိုင်ငံများကို ယခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်ပြီး လာမည့် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်အထိ ဗီဇာဖြေလျှော့မှု တစ်နှစ်ခွင့်ပြုလိုက်ကြောင်း သိရသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံတွင်း ဝင်ရောက်နိုင်ဖို့အတွက် ဗီဇာဖြေလျှော့လိုက်ခြင်းအားဖြင့် အဆိုပါနိုင်ငံများက ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာဖို့ မျှော်လင့်ထားကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ထွေးက ပြောသည်။

ဆိုက်ရောက်ဗီဇာအနေဖြင့် တရုတ်နိုင်ငံကို ပထမဦးဆုံးခွင့်ပြုလိုက်ခြင်းဖြစ်ပြီ မကာအို၊ ဟောင်ကောင်မှ လာရောက်မည့် ခရီးသွားဧည့်သည်များကို ဗီဇာကင်းလွတ်ခွင့်ပြုလိုက်သည်။

ဗီဇာဖြေလျှော့ခွင့်ပေးလိုက်ခြင်းနှင့်အတူ အောက်တိုဘာ ၁ ရက်က ရောက်ရှိသည့် တရုတ်လေကြောင်းလိုင်း၊ ဂျပန်လေကြောင်းလိုင်းနှင့် တောင်ကိုရီးယားလေကြောင်းလိုင်းများမှ ဝင်ရောက်လာသော အဆိုပါ နိုင်ငံသားများကို ကြိုဆိုကြသည်။

ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် နိုင်ငံခြားသားခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ ၂ ဒသမ ၄ ဝင်ရောက်ခဲ့ပြီး ယခင်နှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကာလတူအချိန်နှင့် နှိုင်းယှဉ်လျှင် ယခုနှစ်တွင် တစ်ရာခိုင်နှုန်းခန့် ကျဆင်းသွားသည်။

**SMW**

# နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်စခန်းတွင် တရားမဝင် တင်ဆောင်လာသော ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိ

**မိုးညှင်း အောက်တိုဘာ ၂**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်စခန်းတွင် တရားမဝင် တင်ဆောင်လာသော ကျောက်စိမ်းအရိုင်းတုံးများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁ ရက် နံနက် ၁ နာရီက နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်စခန်းတွင် မိုးညှင်းမှ ဦးသိန်းထွန်းဦး မောင်းနှင်ပြီး ဦးသန်းထွန်း၊ မျိုးမြတ်ဇော်နှင့် အောင်ခန့်တို့ လိုက်ပါလာသော 6C/----- မော်တော်ယာဉ်အား တွေ့ရှိရ၍ မိုးညှင်းမြို့မရဲစခန်းသို့ ခေါ်ဆောင်စစ်ဆေးရာ မော်တော်ယာဉ်၏ အလယ်ခန်းဝဲဘက်ထိုင်ခုံ ကျောဘက်မှ အဝါရောင်ကျောက်စိမ်းအရိုင်းတုံး ၇၅ ကျပ်သားခန့် တစ်တုံးနှင့် နောက်ထိုင်ခုံနောက်ကျောဘက်မှ STA စာသားပါ တိပ်များ ပတ်ထားသည့် အလေးချိန် ၆၀ ကျပ်သားခန့်ရှိ ကျောက်စိမ်းဖြတ်စ သုံးခုနှင့် HEIN စာသားပါ တိပ်များ ပတ်ထားသည့် အလေးချိန် ၄၀ ကျပ်သားခန့်ရှိ ကျောက်စိမ်းဖြတ်စ ၁၁ ခု စုစုပေါင်း အလေးချိန် ၁၇၅ ကျပ်သားတို့အား ရှာဖွေတွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

ယာဉ်မောင်း ဦးသိန်းထွန်းဦး၏ ထွက်ဆိုချက်အရ အဆိုပါပစ္စည်းများအား ဖားကန့်မြို့နယ် တာမခန်ကျေးရွာနေ မနွယ်နွယ်ဦး၏ ပစ္စည်းများဖြစ်ပြီး သယ်ဆောင်ခ ကျပ် ၆၀၀၀၀ ရယူကာ မန္တလေးမြို့သို့ သယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ မိုးညှင်းမြို့မရဲစခန်းက ဦးသိန်းထွန်းဦးနှင့် မနွယ်နွယ်ဦး (စုံစမ်းဆဲ) တို့အား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး**

# မအူပင်မြို့နယ်၌ ဆန်နှင့် ငွေလှူဒါန်း

**မအူပင် အောက်တိုဘာ ၂**
ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် သုဓမ္မမဏိဇောတရေ ဦးအောင်သန်းစိန်က မအူပင်မြို့နယ် ထနီးကျေးရွာအုပ်စုမှ ရွာအပိုင် ၁၁ ပိုင်၊ အိမ်ထောင်စု ၃၃၀၃ စုတို့အား တစ်အိမ်ထောင်လျှင် ဆန်ငါးပြည်၊ ငွေကျပ် ၁၀၀၀၀ စီအပြင် ကံစမ်းမဲများအဖြစ် ကျပ် ၁၀ သိန်းဆု နှစ်ဆု၊ ကျပ်ငါးသိန်းဆု လေးဆု၊ ကျပ် သုံးသိန်းဆု လေးဆု၊ ကျပ် နှစ်သိန်းဆု လေးဆု၊ ကျပ် တစ်သိန်းဆု ၃၀ နှင့် ကျပ် ငါးသောင်းဆု သုံးဆုနှင့် နှစ်သောင်းဆုများကို ၎င်း၏ ၆၃ နှစ်ပြည့် မွေးနေ့အလှူအဖြစ် မအူပင်မြို့ သစ္စာမုနိစေတီရင်ပြင်ပေါ်၌ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁ ရက်ထိ နှစ်ရက်တိုင်တိုင် လှူဒါန်းထောက်ပံ့ခဲ့ကြောင်း သိရသည်။ **တင်ဝင်းတင်**

# ကိုရီးယားနိုင်ငံ KB Kookmin Bank နှင့် KB Labour Union တို့မှ လှူဒါန်းသည့် စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနအတွက် ကိုရီးယားနိုင်ငံ KB Kookmin Bank နှင့် KB Labour Union တို့မှ လှူဒါန်းသည့် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန သုံးထပ်ဆောင်အသစ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် တက်ရောက်ဖွင့်လှစ်ပေးသည်။

စာကြည့်တိုက်အား ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်၊ KB Kookmin Bank မှ Vice President, Mr. JUN KWISANG၊ KB Labour Union မှ Chairman , Mr. Park Hong Bae နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က စာအုပ်စာပေများမှာ နိုင်ငံတစ်နိုင်ငံ၏ မျက်စိနှင့် နားပင်ဖြစ်ပြီး အဆိုပါ မျက်စိနှင့်နားကို ပိုပြီးမြင်နိုင်ကြားနိုင်စေရန် စာကြည့်တိုက်များ အမှန်တကယ်ပင် လိုအပ်ပါကြောင်း၊ စာအုပ်များမှာ ပညာရေးအသိကို ပေးစွမ်းနိုင်သကဲ့သို့ ကျန်းမာရေးအသိကိုလည်း ပေးစွမ်းနိုင်ပါကြောင်း၊ တိုးတက်သည့် နိုင်ငံများတွင်ရှိသည့် လူများမှာ အချိန်ကို အလဟဿအဖြစ်မခံဘဲ ရသည့်နေရာမှာပင် ကြုံသလိုစာဖတ်ကြပြီး အစိုးရကလည်း ပြည်သူများ စာဖတ်လာစေရန် နည်းပေါင်းစုံနှင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူများ စာဖတ်လာစေရန် တိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့ စာကြည့်တိုက်များ၊ ရွှေ့လျားစာကြည့်တိုက်များကို နိုင်ငံတော်အစိုးရမှ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ကိုရီးယားနိုင်ငံ KB Kookmin Bank နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှာ ၂၀၁၄ ခုနှစ်ကစပြီး မြန်မာနိုင်ငံ၏ အိမ်ရာမူဝါဒများ၊ အိမ်ရာငွေကြေးစနစ်များ တည်ဆောက်ရေးနှင့်စပ်လျဉ်းပြီး နည်းလမ်းများအတူပူးပေါင်း အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် အိမ်ရာချေးငွေစနစ် အကောင်အထည်ဖော်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ CHID Bank နှင့် KB Kookmin Bank တို့အကြား သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာရေးထိုးဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ မြို့ပြ၊ အိမ်ရာကဏ္ဍတိုးတက်ကောင်းမွန်စေရန် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများ၊ စာရင်းအင်းများ၊ ပြည်တွင်း ပြည်ပ သတင်းအချက်အလက်များ စသည့်အချက်အလက်များကို တစ်နေရာတည်းတွင် စုစည်းရရှိနိုင်ရန်လိုအပ်ပြီး ၎င်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ကိုရီးယားနိုင်ငံ KB Kookmin Bank အနေဖြင့် စာကြည့်တိုက်တစ်ခုကို ယနေ့ အကောင်အထည်ဖော်ပေးလိုက်ခြင်း ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအတွက် အထောက်အကူပြုနိုင်မည့် စာကြည့်တိုက်ကို KB Kookmin Bank နှင့် KB Labour Union က လှူဒါန်းပေးသည့်အတွက် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း၊ ဝန်ထမ်းများ တစ်နေရာတည်းမှာ နည်းပညာဆိုင်ရာများ၊ သုတ၊ ရသဆိုင်ရာများ၊ အခြားဗဟုသုတရစေမည့် စာအုပ်များကို ဖတ်ရှုနိုင်တော့မည်ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် KB Kookmin Bank မှ Vice President, Mr. JUN KWISANG က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်ပစ္စည်း ပေးအပ်ရာ KB Kookmin Bank မှ Vice President, Mr. JUN KWISANG က လက်ခံရယူသည်။

ထို့နောက် KB Kookmin Bank မှ Vice President, Mr. JUN KWISANG က စာကြည့်တိုက်အတွက် Lap Top တစ်လုံးပေးအပ်လှူဒါန်းရာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က လက်ခံရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဧည့်သည်တော်များသည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုသည်။ **(ဓာတ်ပုံ)**

KB Kookmin Bank အနေဖြင့် စာကြည့်တိုက်လှူဒါန်းရသည့် ရည်ရွယ်ချက်မှာ မြို့ပြနှင့် အိမ်ရာကဏ္ဍနှင့်ပတ်သက်သည့် အချက်အလက်စာတမ်းများကို အကျိုးရှိရှိနည်းလမ်းမှန်ကန်စွာ ထိန်းသိမ်းစောင့်ရှောက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ရှိ မည်သည့်ဝန်ထမ်းမဆို အလွယ်တကူ အဆင့်အတန်းမြင့်မားသည့် သတင်းအချက်အလက်များကို အသုံးချနိုင်ပြီး ဝေမျှသုံးစွဲနိုင်ရန် ဖြစ်သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ Work Efficiency များတိုးတက်လာပြီး ဝန်ကြီးဌာန၏ သစ်လွင်သည့်တန်ဖိုးများကို ဖန်တီးဖော်ဆောင်ပေးကာ သတင်းအချက်အလက် အဆောက်အဦဆိုသည့် ကဏ္ဍကို အထောက်အကူပြုနိုင်မည်ဆိုသည့် ရည်ရွယ်ချက်များဖြင့် စာကြည့်တိုက်ကို လှူဒါန်းခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များ လွှဲပြောင်းအပ်နှံ

**နေပြည်တော် အောက်တိုဘာ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူပုံနှိပ်ပြီးစီးခဲ့သည့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များကို နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ နေပြည်တော်ပုံနှိပ်စက်ရုံမှ တာဝန်ရှိသူများက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများထံ ယနေ့နံနက် ၉ နာရီက လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဆန္ဒမဲလက်မှတ်များ လွှဲပြောင်းလက်ခံမှုနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားရေးမှူး(စီမံ) ဦးကျော်ကျော်စိုးက "ဒီနေ့ထုတ်ပေးတဲ့ မဲလက်မှတ်တွေကတော့ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့မှာကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်တွေ ထုတ်ပေးတာပါ။ နှစ်ကြိမ်ခွဲပြီး ထုတ်ပေးခဲ့တာဖြစ်ပါတယ်။

"ပထမအကြိမ်ကတော့ ကြိုတင်ဆန္ဒမဲပေးမယ့်သူတွေအတွက် တစ်ကြိမ်ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၄ ရက်က ထုတ်ပေးပြီးပါပြီ။ ဒီတစ်ကြိမ်ကတော့ မဲရုံတွေမှာ မဲပေးမယ့်သူတွေအတွက် ဆန္ဒမဲလက်မှတ်တွေ ထုတ်ပေးတာဖြစ်ပါတယ်။ ဆန္ဒမဲလက်မှတ်တွေကိုတော့ စာရင်းနဲ့ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနဲ့ ထုတ်ဝေရေးဦးစီးဌာနမှအပ်နှံပြီး ခုရိုက်နှိပ်ပြီးစီးတဲ့ ဆန္ဒမဲလက်မှတ်တွေကို ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမယ့် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ မဲဆန္ဒနယ် ၁၃ နယ်အတွက် ထုတ်ပေးတာဖြစ်ပါတယ်။

"အခုလို ထုတ်ပေးတဲ့အချိန်မှာလည်း မဲလက်မှတ်တွေကို ထုတ်ပေးချိန်မှာ လုံခြုံရေးတွေပါတယ်။ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေက တာဝန်ခံတွေနဲ့ ဝန်ထမ်းတွေပါပါတယ်။ အဲဒီလို ထုတ်ပေးတဲ့ နေရာမှာလည်း ကချင်၊ ရခိုင်၊ ရှမ်းစတဲ့ ဝေးလံခေါင်သီတဲ့နေရာတွေကို အရင်ဆုံးဦးစားပေးပြီး ထုတ်ပေးခဲ့ပါတယ်။ ဆန္ဒမဲလက်မှတ်တွေလုံခြုံရေးအနေနဲ့ကတော့ ပြည်ထဲရေးဝန်ကြီးဌာနကနေ သတ်မှတ်ပေးတဲ့ ရဲတပ်ဖွဲ့ဝင်တွေ စီစဉ်ပေးပါတယ်။ ဒါတွေကို လမ်းခရီးအစအဆုံး လုံခြုံရေးဆောင်ရွက်ပြီးတော့ ဟိုရောက်လို့ရှိရင် သက်ဆိုင်ရာ မြို့နယ်ရဲစခန်းမှာရှိတဲ့ ဘဏ်တိုက်တွေမှာ ထိန်းသိမ်းမယ်။

"လုံခြုံရေးအတွက်လည်း သက်ဆိုင်ရာ ရဲစခန်းတွေကနေ တာဝန်ယူပြီးတော့ ထိန်းသိမ်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မရှင်ရုံးအနေနဲ့ကတော့ စတင်ထုတ်ပေးပြီး သယ်သွားတဲ့ လမ်းခရီးတစ်လျှောက်အခြေအနေတွေနဲ့ သက်ဆိုင်ရာမြို့ကို ရောက်ရှိပြီး ဘဏ်တိုက်တွေမှာ ထည့်ပြီးတဲ့အထိ စဉ်ဆက်မပြတ် ဗဟိုရုံးကနေ ကြီးကြပ်ပြီး ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ကြိုတင်မဲပေးမည့် ပြည်ပရောက်မဲလက်မှတ်များ ပေးပို့မှုနှင့်ပတ်သက်၍ မေးမြန်းရာ "ပြည်ပရောက် မဲဆန္ဒရှင်တွေအတွက်ကိုတော့ နိုင်ငံခြားသံရုံးတွေက ဆန္ဒမဲပေးမယ့် မဲဆန္ဒရှင်စာရင်းကို ပုံစံ ၁၅ ဖြင့် တောင်းတယ်။ သက်ဆိုင်ရာသံရုံးတွေက စာရင်းပြုစုပြီးတော့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရုံးကိုပို့တယ်။ ကော်မရှင်ကနေ စိစစ်ပြီးတာနဲ့ သက်ဆိုင်ရာ မြို့နယ်အဖွဲ့ခွဲတွေဆီက ဆန္ဒမဲလက်မှတ်တွေကို နိုင်ငံခြားရေးဝန်ကြီးဌာနရုံးကို ပြန်ပို့တယ်။ ဝန်ကြီးရုံးက တစ်ဆင့် သက်ဆိုင်ရာ သံရုံးတွေကို သူတို့အစီအစဉ်နဲ့ ပို့ပါတယ်။

"အဲဒီကြိုတင်မဲတွေကို ပြည်ပက မဲဆန္ဒရှင်တွေဆန္ဒမဲပေးပြီးတာနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနကနေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်ပို့တယ်။ ကော်မရှင်က တစ်ဆင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတွေဆီကို ဆန္ဒမဲလက်မှတ်တွေကို ပြန်ပို့ပေးပါတယ်။ မဲလက်မှတ်တွေရဲ့ အရည်အသွေးပိုင်းကိုတော့ ကော်မရှင်ကလက်ထောက်ညွှန်ကြားရေးမှူးတစ်ဦး ဦးစီးပြီးတော့ စစ်ဆေးဆောင်ရွက်ခဲ့ပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ဆန္ဒမဲလက်မှတ်များ ရိုက်နှိပ်ခဲ့သည့် အခြေအနေနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (ပုံနှိပ်) ဦးထွန်းထွန်းနိုင်က "ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကနေ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့မှာကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်တွေ ပုံနှိပ်ဖို့အတွက် အမှာစာ ပေးပို့ခဲ့ပါတယ်။ လစ်လပ်မဲဆန္ဒနယ် ၁၃ နေရာအတွက် ပြည်သူ့လွှတ်တော်အတွက် ဆန္ဒမဲလက်မှတ်အရွက်ရေ စုစုပေါင်း ၄၅၂၇၀၀၊ အမျိုးသားလွှတ်တော်အတွက် ဆန္ဒမဲလက်မှတ် အရွက်ရေ စုစုပေါင်း ၂၃၃၉၅၀၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်အတွက် ဆန္ဒမဲလက်မှတ်အရွက်ရေ စုစုပေါင်း ၃၄၇၅၀၀ နဲ့ တိုင်းရင်းသားလူမျိုးရေးရာ လစ်လပ်မဲဆန္ဒနယ်အတွက် ဆန္ဒမဲလက်မှတ်အရွက်ရေ စုစုပေါင်း ၉၄၉၀၀ အပ်နှံတာ ဖြစ်တဲ့အတွက် ဆန္ဒမဲလက်မှတ် အရွက်ရေ စုစုပေါင်း ၁၁၂၉၀၅၀ ရိုက်နှိပ်ပေးဖို့ လုပ်ငန်းအပ်နှံခဲ့ပါတယ်။

"ဆန္ဒမဲလက်မှတ်တွေကို နေပြည်တော် ပုံနှိပ်စက်ရုံ တစ်ရုံတည်းပဲ ဩဂုတ် ၂၉ ရက်ကနေ ၃၁ ရက်အထိ သုံးရက်ကြာ ပုံနှိပ်ဆောင်ရွက်ခဲ့ပါတယ်။ မဲလက်မှတ်တွေရဲ့ အရည်အသွေးပိုင်းနဲ့ပတ်သက်လို့ကတော့ စက္ကူကိုတော့ လုံခြုံရေးအမှတ်အသား ရေစာပါဝင်တဲ့ အင်ဒိုနီးရှားနိုင်ငံထုတ် ၈၀ GSM Woodfree အဝါရောင် စက္ကူနဲ့ ရိုက်နှိပ်ခဲ့ပါတယ်။ ဆန္ဒမဲလက်မှတ်စတင်ပုံနှိပ်တဲ့အချိန်ကစပြီး ပြန်ကြားရေးဝန်ကြီးရုံးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး လုံခြုံရေးယူပေးတာမျိုး၊ မဲလက်မှတ်တွေရိုက်နှိပ်ချိန်မှာ မီးမပျက်ဖို့ သက်ဆိုင်ရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကို ဝန်ကြီးရုံးအနေနဲ့ ညှိနှိုင်းပြီးတော့ဓာတ်အားမပြတ်တောက်စေဖို့လည်း ဆောင်ရွက်ခဲ့ပါတယ်။



"ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနဲ့ ထုတ်ဝေရေးဦးစီးဌာနအနေနဲ့ကတော့ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနဲ့ ခု ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲ လက်မှတ်တွေကို လုံခြုံမှုရှိရှိနဲ့ အဆင့်အတန်းပြည့်မီစွာ ပုံနှိပ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်"ဟု ပြောကြားသည်။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နေပြည်တော် ပုံနှိပ်စက်ရုံမှ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် သက်ဆိုင်ရာလွှတ်တော် မဲဆန္ဒနယ်များအလိုက် မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရေးအတွက် လိုအပ်မည့် ဆန္ဒမဲလက်မှတ်များကို အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံပြည်ပတွင် ရောက်ရှိနေသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၊ ပြည်တွင်းရှိ မဲဆန္ဒနယ်ပြည်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ မြန်မာသံရုံးများနှင့် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများထံ ပထမအကြိမ်အဖြစ် အရွက်ရေ ၅၀ ပါ ဆန္ဒမဲလက်မှတ်စာအုပ် ၂၂၅၉ အုပ် စုစုပေါင်း ဆန္ဒမဲလက်မှတ် အရွက်ရေ ၁၁၂၉၅၀ ကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၄ ရက်က စတင်ထုတ်ပေးခဲ့ပြီးဖြစ်သည်။

ယနေ့တွင် ဒုတိယအကြိမ်အဖြစ် သက်ဆိုင်ရာ မဲဆန္ဒနယ်များမှ ပြည်သူများ ဆန္ဒမဲပေးနိုင်ရန်အတွက် ကျန်ရှိသည့် အရွက်ရေ ၅၀ ပါ မဲလက်မှတ်စာအုပ် ၂၀၃၂၂ အုပ် စုစုပေါင်းဆန္ဒမဲလက်မှတ် အရွက်ရေ ၁၀၁၆၁၀၀ ကို ယနေ့ အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီကစတင်၍ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများအလိုက် လွှဲပြောင်းအပ်နှံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် လစ်လပ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များမှာ ကန်ပက်လက်၊ လဲချား၊ တာမွေ၊ မြင်းခြံတို့ဖြစ်ပြီး လစ်လပ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်မှာ ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၂)ဖြစ်ကြောင်းနှင့် လစ်လပ် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များမှာ မတူပီ၊ တမူး၊ အုတ်တွင်း၊ သပိတ်ကျင်း၊ ရသေ့တောင်၊ မင်းဘူး၊ ဆိပ်ကမ်းနှင့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၏ ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်တို့ဖြစ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-သီဟစည်သူ**

# ဝိပဿနာဆရာကြီး ဦးဂိုအင်ကာ အထိမ်းအမှတ် ဂေါပကအဖွဲ့နှင့် မဟာပါရမီဖြည့်ဖက် မာတာကြီးဖောင်ဒေးရှင်း မုခ်ဦးဆိုင်းဘုတ်များဖွင့်ပွဲနှင့် မြေ ၁၀ ဧက လှူဒါန်းပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

အပြည်ပြည်ဆိုင်ရာဓမ္မဂီရိဝိပဿနာအဖွဲ့(ဓမ္မမဂ္ဂရိပ်သာ) ဝိပဿနာဆရာကြီး ဦးဂိုအင်ကာ အထိမ်းအမှတ် ဂေါပကအဖွဲ့နှင့် မဟာပါရမီဖြည့်ဖက် မာတာကြီးဖောင်ဒေးရှင်း မုခ်ဦးဆိုင်းဘုတ်များ ဖွင့်ပွဲနှင့် ရိပ်သာ၊ ဂေါပကအဖွဲ့နှင့် ဖောင်ဒေးရှင်း သုံးဌာနတို့အတွက် မြေ ၁၀ ဧက လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက် ဇေယျာအောင်မြေလမ်းနှင့် ရွှေကြာပင်လမ်းထောင့်၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ အလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဗန္ဓုလဦးရွှေ၊ နိုင်ငံခြားသား ယောဂီများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာဓမ္မဂီရိဝိပဿနာအဖွဲ့(ဓမ္မမဂ္ဂရိပ်သာ) ဝိပဿနာဆရာကြီး ဦးဂိုအင်ကာ အထိမ်းအမှတ် ဂေါပကအဖွဲ့နှင့် မဟာပါရမီဖြည့်ဖက် မာတာကြီးဖောင်ဒေးရှင်း မုခ်ဦးဆိုင်းဘုတ်များ ဖွင့်လှစ်ခြင်း အခမ်းအနားကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ အလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဗန္ဓုလဦးရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဆိုင်းဘုတ်များကို ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။

ဆက်လက်၍ ရိပ်သာ၊ ဂေါပကအဖွဲ့နှင့် ဖောင်ဒေးရှင်း သုံးဌာနတို့အတွက် မြေ ၁၀ ဧက ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ဈေးကုန်းဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ ဉ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်ကို နာယူကြည်ညိုကြ၍ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဗန္ဓုလဦးရွှေသည် ဖခင်ဖြစ်သူ ဆရာကြီးဦးဂိုအင်ကာနှင့် မိခင်မယ်တော်ကြီးတို့အား ဦးထိပ်ထား၍ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့(ဓမ္မမဂ္ဂရိပ်သာ) အတွက် မြေခြောက်ဧက၊ ဝိပဿနာဆရာကြီး ဦးဂိုအင်ကာ အထိမ်းအမှတ် ဂေါပကအဖွဲ့အတွက် မြေနှစ်ဧက၊ မဟာပါရမီဖြည့်ဖက် မာတာကြီးဖောင်ဒေးရှင်းအတွက် မြေနှစ်ဧက စုစုပေါင်း မြေ ၁၀ ဧကအား သာဟတ္ထိကမြောက် ပေးအပ်လှူဒါန်းပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တဉာဏိဿရထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ဂျာမနီနိုင်ငံ ဂျာမန်အမျိုးသားပေါင်းစည်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂**

ဂျာမနီနိုင်ငံ၏ ဂျာမန်အမျိုးသားပေါင်းစည်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့်ဇနီး ဒေါ်စန်းစန်းယုတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ဂျာမနီနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mrs. Dorothee Elsbeth Christiane Janetzke-Wenzel နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ဧည့်ခံပွဲသို့တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်အလံ ဥပဒေပြဋ္ဌာန်းချက်များအကြောင်းကို ပြည်သူများပိုမိုသိရှိစေရန် အသိပညာပေးနည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဟုဆို

**ရန်ကုန် အောက်တိုဘာ ၂**

နိုင်ငံတော်အလံကို မလေးမစားပြုသူများအား နိုင်ငံတော်အလံ ဥပဒေပြဋ္ဌာန်းချက်အရ အရေးယူနိုင်သည့် ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်းကို ပြည်သူများ ပိုမိုသိရှိစေရန် အသိပညာပေးနည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပန်းသဥ္ဇာမျိုးက ပြောသည်။

"နိုင်ငံတော်အလံ ဥပဒေမှာ နိုင်ငံတော်အလံကို မလေးမစားပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထက်ပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမယ်လို့ ဖော်ပြပါရှိပါတယ်။ အဆိုပါ ပြဋ္ဌာန်းထားမှုကို ပြည်သူများ လေးစားလိုက်နာစေဖို့ အသိပညာပေးနည်းလမ်းတွေနဲ့ ပိုမိုဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပြောသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့တွင် တောင်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်က "ရပ်ရှင်ရုံများအတွင်းတွင် မြန်မာနိုင်ငံအလံ အလေးပြုခြင်း အစီအစဉ်တွင် မတ်တတ်ရပ်၍ အလေးပြုကြရန် ရုပ်ရှင်ရုံမှ စာဖြင့်ပြသထားပါသော်လည်း ဂရုမစိုက်၊ အလေးမထားဘဲ ထိုင်နေသူအချို့အား နိုင်ငံတော်အလံဥပဒေအရ စည်းကမ်းချက် လိုက်နာဆောင်ရွက်စေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။



တောင်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမိုးမြင့်



ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါ်နော်ပန်းသဥ္ဇာမျိုး

"ရုပ်ရှင်ရုံများအနေနဲ့ ရုပ်ရှင်မပြသမီ နိုင်ငံတော်အလံကို အလေးပြုကြရန် မေတ္တာရပ်ခံပါသည်ဟု အသိပေးစာတန်းထိုး ပြသလျက်ရှိပါတယ်။ ဌာနအနေဖြင့်လည်း နိုင်ငံတော်အလံကို တစ်ပြေးညီဖြစ်စေရန် စီစဉ်ရိုက်ကူး၍ ဒစ်ဂျစ်တယ်ရုပ်ရှင်ရုံများတွင် ပြသရန် အခမဲ့ဖြန့်ဝေပေးလျက်ရှိပါတယ်"ဟု ဝန်ကြီးက ဆိုသည်။

ထို့ပြင် ယခင်ရုပ်ရှင်ကော်ပိုရေးရှင်းအမည်ဖြင့် ဆောင်ရွက်စဉ်က မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံအားလုံးတို့တွင် ရုပ်ရှင်မပြသမီ နိုင်ငံတော်အလံကို အလေးပြုရန်၊ နိုင်ငံတော်အလံနှင့် နိုင်ငံတော်သီချင်းအား ပြသရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ သို့ရာတွင် ရုပ်ရှင်မပြသမီ နိုင်ငံတော်အလံပြသည့်အခါ မတ်တတ်ရပ် အလေးမပြုကြသူများရှိကြောင်း တွေ့ရှိရသဖြင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးက "နယ်များတွင် နိုင်ငံတော်အလံနှင့် အမျိုးသားသီချင်းလွှင့်ချိန်တွင် မတ်တတ်မရပ်သူအများအပြားရှိနေသည်၊ ဌာနအနေနဲ့ ရုပ်ရှင်ရုံငှားထားသူများထံ ညွှန်ကြားဆောင်ရွက်ပါ"ဟု လမ်းညွှန်ချက်အရ ပြန်ကြားရေးဝန်ကြီးဌာန ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန် ရုံးခွဲများနှင့် လုပ်ငန်းစုရုံးများသို့ အကြောင်းကြားခဲ့ကြောင်း၊ ရုံးခွဲများကလည်း ရုပ်ရှင်ရုံများသို့ ထပ်မံအကြောင်းကြားခဲ့ကြောင်း ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ နိုင်ငံတော်အလံနှင့် စပ်လျဉ်းပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၁-၁၀-၂၀၁၀ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်အလံဥပဒေ အခန်း (၄) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃)တွင် နိုင်ငံတော်အလံကို မလေးမစားပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထက်ပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ဖော်ပြထားကြောင်း သိရသည်။

**သီသီမင်း**

# အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးနည်းစနစ်ကို ပြင်သစ်နည်းပြများ သင်တန်းပေး

**ရန်ကုန် အောက်တိုဘာ ၂**

နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝသော မီးသတ်တပ်ဖွဲ့ဝင်များ ပေါ်ထွက်လာစေရန် မြို့ပြအဆင့်မြင့် ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးနည်းစနစ်သင်တန်း (Training on Advanced Search and Rescue & Firefighting Procedures) ဖွင့်ပွဲကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ် သီတာခန်းမ၌ကျင်းပရာ ပြင်သစ်နိုင်ငံမှ ကျွမ်းကျင်နည်းပြဆရာများက သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီကနေ ဖွင့်လှစ်တဲ့ ခေတ်မီမီးငြိမ်းသတ်ရေးနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို ထမ်းဆောင်နေတဲ့ တပ်ဖွဲ့ဝင်တွေ စွမ်းဆောင်ရည်မြင့်မားစေဖို့ ပြင်သစ်နိုင်ငံက နည်းပြတွေဟာ နိုင်ငံတကာမှာအသုံးပြုနေတဲ့ နိုင်ငံတကာ မြို့ပြရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်တွေ၊ ခေတ်မီမြို့ပြဆိုင်ရာ ရှာဖွေကယ်ရေးဆိုင်ရာနည်းပညာရပ်တွေနဲ့ လုပ်ငန်းခွင်မှာ ခေတ်မီရှာဖွေကယ်ဆယ်ရေးသုံးလုပ်ငန်းကိရိယာတွေကို လက်တွေ့ကိုင်တွယ်အသုံးပြုတဲ့ နည်းစနစ်တွေကို မျှဝေသင်ကြားပေးသွားမှာဖြစ်လို့ များစွာအထောက်အကူဖြစ်စေမှာပါ။ ဒါ့အပြင် မြန်မာနိုင်ငံနဲ့ ပြင်သစ်နိုင်ငံမီးသတ်ဌာနတို့အကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်မြင့်မားလာစေမယ်လို့လည်း ယုံကြည်ပါတယ်"ဟု မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူက သင်တန်းဖွင့်ပွဲတွင် အထက်ပါအတိုင်း ပြောကြားခဲ့သည်။

ထို့နောက် ပြင်သစ်နိုင်ငံ မီးသတ်ဦးစီးဌာနမှ နည်းပြတစ်ဦးက သင်တန်းတွင်ပို့ချသွားမည့် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးနည်းစနစ်များအကြောင်းကို မိတ်ဆက်ပြောကြားသည်။ ထို့နောက် သင်တန်းဖွင့်ပွဲတက်ရောက်လာကြသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်မှ အရာရှိကြီးများနှင့် ပြင်သစ်နည်းပြများ၊ သင်တန်းသားများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြကြောင်း သိရသည်။

စတုတ္ထအကြိမ်မြောက်ဖွင့်လှစ်သော သင်တန်းတွင် ပြင်သစ်နိုင်ငံမီးသတ်ဦးစီးဌာနမှ နည်းပြများက မြို့ပြရှာဖွေကယ်ဆယ်ရေးလုပ်ငန်း နည်းပညာများကို အဓိကထားပြီး သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ လူနာရှာဖွေသောနည်းစနစ်များ၊ အဆင့်မြင့်မီးငြိမ်းသတ်ရေးနည်းစနစ်များ၊ ခေတ်မီမီးငြိမ်းသတ်သော ပစ္စည်းကိရိယာများ အသုံးပြုပုံနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုတတ်စေရေးတို့ကို စာတွေ့၊ လက်တွေ့ သင်တန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် မီးသတ်အရာရှိငယ် သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

အဆိုပါ ရှာဖွေကယ်ဆယ်ရေးသင်တန်းများကို ၂၀၁၅ ခုနှစ်တွင် ပထမအကြိမ် သင်တန်းသား ၁၂၅ ဦး၊ ၂၀၁၆ ခုနှစ်တွင် ဒုတိယအကြိမ် သင်တန်းသား ၂၅ ဦး၊ ၂၀၁၇ ခုနှစ်တွင် တတိယအကြိမ် သင်တန်းသား ၃၀ တို့ကို သင်ကြားပေးနိုင်ခဲ့ပြီး ထိုနည်းစနစ်များကို မြန်မာနိုင်ငံအနှံ့ လက်တွေ့လုပ်ငန်းခွင်နယ်ပယ်တွင် အသုံးပြုဆောင်ရွက်ကာ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်ဆောင်ရွက်ပေးနေကြောင်းနှင့် ယခု စတုတ္ထအကြိမ် သင်တန်းတွင် မီးသတ်အရာရှိငယ် ၃၀ သည် စာတွေ့၊ လက်တွေ့ ရက်သတ္တတစ်ပတ်တာ သင်ကြားကြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# လျှပ်စစ်အန္တရာယ် ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကျောက်ဆည် အောက်တိုဘာ ၂**

လူသားများအတွက် လျှပ်စစ်သုံးစွဲမှုသည် များစွာအထောက်အကူဖြစ်သော်လည်း သတိမမူပါက အသက်ဆုံးရှုံးသည်အထိ အန္တရာယ်ရှိသောကြောင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဝင်းနောင်လင်းနှင့် ဝန်ထမ်းများသည် စက်တင်ဘာ ၂၈ ရက်က အထက-၁၊ အထက-၂၊ အထက-၃ ကျောင်းများသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ကျောက်ဆည်မြို့သည် ရပ်ကွက်ကြီး ၁၀ ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာပေါင်း ၂၂၃ ရွာရှိကာ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာ ၅၀ နီးပါးကျန်ရှိနေသည်။ အဆိုပါ ကျေးရွာများကိုလည်း လျှပ်စစ်မီး အမြန်ဆုံးရရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၁၄၅**

# အရင်းအနှီးဈေးကွက်တွေဟာ အရင်းအနှီးလိုအပ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ ငွေကြေးပိုလျှံလို့ ရင်းနှီးမြှုပ်နှံချင်တယ်ဆိုတဲ့ ငွေပိုငွေလျှံရှိတဲ့သူတွေအတွက် ပေါင်းကူးသဖွယ်အဖြစ် ဒီဈေးကွက်မှာလာပြီးတော့ ရောင်းနိုင်ဝယ်နိုင်အောင် လုပ်ပေးတာဖြစ်ပါတယ်

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

## နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရင်းအနှီးဈေးကွက်၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်း ကျင်းပ

သတင်း- ရှင်မင်း၊ မွေးကြူ
ဓာတ်ပုံ- အေးသန်း

**နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရင်းအနှီးဈေးကွက်၏ အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းတွင် ငွေချေး သက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်း၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးငွေချွန်နှင့် ဒေါ်တင်မေဦး၊ ရန်ကုန်စတော့အိပ်ချိန်းမှ ဒါရိုက်တာအဖွဲ့ဝင် ဦးဝင်းနိုင်ဦး၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်(Myanmar Securities Exchange Centre Co., Ltd.- MSEC)မှ အမှုဆောင်ဒါရိုက်တာ ဒေါ်ယဉ်မြတ်မင်းနှင့် TMH Telecom Public Co., Ltd. မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာ နန်းလှဲ့ရည်စိုးတို့က ပါဝင်ဆွေးနွေးကြသည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

**အစီအစဉ်မှူး။ ပထမဦးစွာ ဒုတိယဝန်ကြီးအနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အရင်းအနှီးဈေးကွက်ရဲ့ အခန်းကဏ္ဍကို ရှင်းပြပေးပါ။**

**ဦးမောင်မောင်ဝင်း။** နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရာမှာ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍအသီးသီး တိုးတက်ဖွံ့ဖြိုးစေဖို့အတွက် ကြိုးပမ်းဖို့လိုပါတယ်။ ဒီလို တိုးတက်ဖွံ့ဖြိုးအောင် ကြိုးပမ်းတဲ့နေရာမှာ ဝန်ဆောင်မှုကဏ္ဍတစ်ခုဖြစ်တဲ့ ဘဏ်လုပ်ငန်းနဲ့ ငွေရေးကြေးရေးကဏ္ဍတွေဟာ မရှိမဖြစ်အရေးပါတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ ငွေရေးကြေးရေးကဏ္ဍထဲမှာ ငွေကြေးလည်ပတ်တဲ့စနစ်တွေ မှန်ကန်ပြီး စီးပွားရေးစနစ်ကို အထောက်အကူပြုနိုင်တဲ့ သင့်လျော်တဲ့စနစ်တွေဖြစ်ဖို့ လိုအပ်ပါတယ်။ ဒီအတွက် နိုင်ငံတော်အစိုးရအနေနဲ့ ကြိုးပမ်းပြီး တည်ဆောက်ကြရပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအနေအထားကို ပွင့်ပွင့်လင်းလင်းပြောရရင် ဘဏ်လုပ်ငန်းနဲ့ ငွေရေးကြေးရေးစနစ်တွေဟာ နိုင်ငံတကာနဲ့ယှဉ်ရင်တော့ နောက်ကျနေတယ်ဆိုတဲ့ အနေအထားမှာရှိနေပါတယ်။ အရင်းအနှီးဈေးကွက်ကလည်း ဒီနေ့အချိန်မှာ နောက်ကျနေတယ်။ နောက်ကျနေတဲ့အတွက် အရင်းအနှီးဈေးကွက်ကနေ နိုင်ငံတော်ရဲ့ စီးပွားရေးကို အထောက်အကူပြုနိုင်တဲ့အပိုင်းမှာ အားနည်းနေပါသေးတယ်။

နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဘယ်လို အထောက်အကူပြုနိုင်လဲဆိုရင် အရင်းအနှီးဈေးကွက် (Capital Market)တွေဟာ အရင်းအနှီးလိုအပ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ ငွေကြေးပိုလျှံလို့ ရင်းနှီးမြှုပ်နှံချင်တယ်ဆိုတဲ့ ငွေပိုငွေလျှံရှိတဲ့သူတွေအတွက် ပေါင်းကူးသဖွယ်အဖြစ် ဒီဈေးကွက်မှာ လာပြီးတော့ ရောင်းနိုင်ဝယ်နိုင်အောင် လုပ်ပေးတာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ငွေပိုငွေလျှံရှိပြီးတော့ ရင်းနှီးမြှုပ်နှံချင်တဲ့သူတွေ အများအပြားရှိနိုင်ပါတယ်။ အဲဒီလို အများအပြားရှိနိုင်တဲ့အတွက် အရင်းအနှီးဈေးကွက် မရှိတဲ့အခါမှာ ဘဏ်မှာပဲ သွားအပ်ကြရပါတယ်။ ဘဏ်က ပေးတဲ့အတိုးကိုပဲ ယူပြီးနေတဲ့အခါကျတော့ သူတို့ရဲ့ ငွေတွေကလည်း ဘဏ်မှာပဲ မြုပ်နေတဲ့အခြေအနေ ရှိပါတယ်။ နောက်သူတို့အနေနဲ့ ဒီအတိုးအပေါ်မှာ ပုံမှန်ရနေတဲ့ငွေကိုပဲ ကျေနပ်နေရတဲ့ အနေအထားမျိုးရှိပါတယ်။

အရင်းအနှီးဈေးကွက်မှာသွားပြီး ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် အစုရှယ်ယာတစ်ခုကို ဝယ်ထားမယ်ဆိုရင် ဒီအစုရှယ်ယာအတွက် ကုမ္ပဏီက နှစ်စဉ်ခွဲဝေပေးတဲ့ အမြတ်ဝေစုကိုလည်း ပုံမှန်ရနေနိုင်မယ်။ နောက်ပြီး ဒီကုမ္ပဏီရဲ့ စီးပွားရေး လုပ်ဆောင်ချက်တွေ ကောင်းမွန်ရင်ကောင်းမွန်သလို သူတို့ရဲ့ အစုရှယ်ယာတန်ဖိုးတွေ မြင့်တက်လာတဲ့အခါ အမြတ်ဝင်ငွေကိုလည်းရတဲ့အတွက် ရင်းနှီးမြှုပ်နှံတဲ့သူများကို ပိုမိုပြီးအကျိုးရှိစေမယ့် ဈေးကွက်ဖြစ်ပါတယ်။

တစ်ဖက်ကလည်း အရင်းအနှီးကို စုဆောင်းလို့ရသွားတဲ့ ကုမ္ပဏီအနေနဲ့လည်း ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုတို့လို ကဏ္ဍတွေမှာ လုပ်ငန်းကိုတိုးချဲ့ပြီး လုပ်နိုင်တဲ့အတွက် တိုင်းပြည်ရဲ့ GDP (စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး)ကို တိုးတက်စေမှာ အမှန်ပဲဖြစ်ပါတယ်။ ဒါကြောင့် အရင်းအနှီးဈေးကွက်ဟာ တိုင်းပြည်အတွက် အရေးကြီးပါတယ်။

**အစီအစဉ်မှူး။ မြန်မာနိုင်ငံရဲ့ အရင်းအနှီးဈေးကွက် တည်ထောင်ခဲ့မှု အခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဒေါ်တင်မေဦး။** မြန်မာနိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ်ကို စတင်ပြောင်းလဲ အကောင်အထည်ဖော်ကတည်းက စီးပွားရေးလုပ်ငန်းကြီးတွေအတွက် လိုအပ်တဲ့ ငွေကို ဘဏ်ချေးငွေတစ်ခုတည်းအပေါ်မှာ မမှီခိုဘဲ အရင်းအနှီးဈေးကွက်ကနေတစ်ဆင့် ပမာဏကြီးမားတဲ့ငွေကြေး အရင်းအနှီးများကို ရှာဖွေရယူနိုင်ရန်အတွက် အရင်းအနှီးဈေးကွက်တည်ထောင်ဖို့ လိုအပ်တယ်လို့ အားလုံးက ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒါကြောင့် ၁၉၉၆ ခုနှစ်မှာ မြန်မာနိုင်ငံရဲ့ကိုယ်စား မြန်မာ့စီးပွားရေးဘဏ်နဲ့ ဂျပန်က Daiwa Securities Group တို့က ၅၀ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်းစီ ထည့်ဝင်ကြပြီး Myanmar Securities Exchange Centre Co., Ltd.(MSEC)ကို ဖက်စပ်ကုမ္ပဏီအနေနဲ့ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတစ်ခုအဖြစ် စတင်တည်ထောင်ခဲ့ပါတယ်။



အရင်းအနှီးဈေးကွက်တစ်ခုလုံးအတွက် အဓိကလိုအပ်ချက်ဖြစ်တဲ့ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေရဲ့ ပထမဆုံးမူကြမ်းကို စတင်ရေးဆွဲခဲ့ပါတယ်။ အဲဒီဥပဒေမူကြမ်းရေးဆွဲနေတဲ့ ကာလတစ်လျှောက်မှာလည်း ဒီဈေးကွက်ရဲ့ အခြေခံဖြစ်တဲ့ ကောင်တာဈေးကွက်(Over the Counter Market-OTC)တစ်ခုကို စတင်တည်ထောင်ခဲ့ပြီး အဲဒီဈေးကွက်မှာ လာရောက် အရောင်းအဝယ်လုပ်ဖို့ ဖိတ်ခေါ်တဲ့အခါမှာ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်နဲ့ မြန်မာနိုင်ငံသားများဘဏ်တို့က သူတို့ရဲ့ရှယ်ယာများကို ကျွန်မတို့ ဖွဲ့စည်းတည်ထောင်လိုက်တဲ့ OTC မှာ လာရောက်ပြီး အရောင်းအဝယ်ပြုလုပ်ကြပါတယ်။

အရင်းအနှီးဈေးကွက်ဆိုတာ အစုရှယ်ယာ ရောင်းဝယ်တဲ့ဈေးကွက်(Equity Market)သာမက ငွေချေးစာချုပ်ဈေးကွက်(Bond Market)လည်း ပါဝင်ပါတယ်။ အဲဒီတော့ ၁၉၉၈ ခုနှစ်ကတည်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ MSEC တို့ သဘောတူစာချုပ်တစ်ရပ်ချုပ်ဆိုပြီးတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ဝေတဲ့ ငွေတိုက်စာချုပ်(Treasury Bond)တွေကို MSEC မှာ အရောင်းအဝယ်ပြုလုပ်ဖို့ အစိုးရငွေချေးစာချုပ် ရောင်းဝယ်ရေးဈေးကွက်ကိုလည်း စတင်တည်ထောင်ပေးခဲ့ပါတယ်။ ဒ့ါပြင် အစုရှယ်ယာလက်မှတ်တွေနဲ့ ငွေချေးစာချုပ်လက်မှတ်တွေကို လုံခြုံစွာထိန်းသိမ်းပေးတဲ့ Safe Custody လုပ်ငန်းကိုလည်း အစပျိုးဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၂ ခုနှစ်မှာ အရင်ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ဂျပန်နိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အရင်းအနှီးဈေးကွက်သည် အဓိကလိုအပ်ချက်ဖြစ်တယ်ဆိုတဲ့ ယူဆချက်နဲ့ နှစ်ဖက်စလုံး ထပ်မံကြိုးပမ်းဆောင်ရွက်ချက်အရ ၂၀၁၃ ခုနှစ်မှာ ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီပြဋ္ဌာန်းခဲ့တဲ့ ဥပဒေအပေါ်မှာ အခြေခံပြီးတော့ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါတယ်။ ကော်မရှင်က Yangon Stock Exchange တည်ထောင်ဖို့အတွက် ခွင့်ပြုချက်ထုတ်ပေးခဲ့ပါတယ်။ Stock Exchange မှာ အစုရှယ်ယာတွေ အရောင်းအဝယ်လုပ်နိုင်ဖို့အတွက် ကြားခံအဖြစ် မရှိမဖြစ်လိုအပ်တဲ့ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွေကို ကော်မရှင်က လိုင်စင်ထုတ်ပေးခဲ့ပါတယ်။

ဈေးကွက်လည်းတည်ထောင်ပြီး အရောင်းအဝယ်လုပ်ပေးမယ့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတွေလည်း ရှိပြီဖြစ်လို့ အရောင်းအဝယ်ဖြစ်မြောက်ပြီး ငွေပေးချေဖို့ ဆောင်ရွက်ပေးမယ့် စာရင်းရှင်းလင်းရေးဘဏ် (Settlement Bank)ကိုလည်း ရွေးချယ်တာဝန်ပေးခဲ့ပါတယ်။ ကော်မရှင်အနေနဲ့ ဒီလို တစ်ဆင့်ပြီးတစ်ဆင့် အရင်းအနှီးဈေးကွက် တည်ထောင်နိုင်ရေးအတွက် အခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။ အခုအချိန်မှာဆိုရင် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ(Securities Company)ခြောက်ခုရှိပြီး စတော့အိပ်ချိန်း(Stock Exchange)မှာလည်း စာရင်းဝင် ကုမ္ပဏီငါးခုရဲ့ အစုရှယ်ယာတွေကို အရောင်းအဝယ်ပြုလုပ်နေပါပြီ။ ဒါကြောင့် အရင်းအနှီးဈေးကွက်ရဲ့ ကနဦးအဆင့်ကို အောင်မြင်စွာ ထူထောင်ပြီးဖြစ်တယ်လို့ ဆိုချင်ပါတယ်။

**အစီအစဉ်မှူး။ အချို့သောပုဂ္ဂိုလ်တွေက စတော့အိပ်ချိန်း တည်ထောင်တာ စောလွန်းတယ်လို့ ဝေဖန်နေကြပါတယ်။ အချို့ကလည်း စတော့အိပ်ချိန်းဟာ ငွေဖြုန်းတီးတဲ့နေရာဖြစ်တယ်လို့ ဝေဖန်သံများလည်း ကြားရပါတယ်။ စတော့ရှယ်ယာဈေးကွက် တိုးတက်အောင်မြင်ရေးအတွက် အလားအလာကောင်းများနဲ့ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေကို သုံးသပ်ပေးပါ။**

**ဦးငွေချွန်။** စောတယ်လို့ ဝေဖန်တာနဲ့ပတ်သက်ပြီး ကျွန်တော့်အမြင်ပြောရရင် မြန်မာနိုင်ငံမှာ စတော့ရှယ်ယာဈေးကွက်နဲ့ ပတ်သက်ပြီး တော်တော် အလှမ်းဝေးခဲ့တာရယ်၊ စတော့ရှယ်ယာဈေးကွက် တည်ထောင်ဖို့အတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ ပြည့်စုံမှုမရှိသေးတဲ့အတွက် စတော့ရှယ်ယာဈေးကွက် တည်ထောင်လို့ ဖြစ်ပါ့မလားဆိုတဲ့ တွေးခေါ်ချက်တွေနဲ့ ဒီလိုဝေဖန်ခြင်းဖြစ်တယ်လို့ မြင်ပါတယ်။ အားလုံးပြည့်စုံမှ ထူထောင်မယ်ဆိုရင်တော့ အားလုံးပြည့်စုံတယ်ဆိုတာ မရှိပါဘူး။ ဒါကြောင့် မဖြစ်မနေစတင်တည်ထောင်ပြီး လိုအပ်ချက်တွေကို ကြိုးပမ်းဖြည့်ဆည်းသွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တည်ထောင်တယ်ဆိုတဲ့ အမြင်နဲ့ကြည့်ရင်တော့ စတော့အိပ်ချိန်းတည်ထောင်တာ မစောပါဘူး။

စတင်တည်ထောင်တာ မှန်တယ်လို့ ယူဆပါတယ်။ စတော့အိပ်ချိန်းဆိုတာလည်း နိုင်ငံရဲ့စီးပွားတိုးတက်မှုမှာ မဖြစ်မနေလိုအပ်တဲ့ ယန္တရားတစ်ရပ်ဖြစ်တဲ့အတွက် တည်ထောင်ဖို့ လိုအပ်တဲ့ကိစ္စဖြစ်ပါတယ်။ တချို့နိုင်ငံတွေမှာ ကြည့်မယ်ဆိုရင် လွတ်လပ်ရေးရပြီး လေး၊ ငါးနှစ်လောက်မှာ တည်ထောင်ခဲ့ကြပါတယ်။ ကမ္ဘာတစ်ဝန်းက ချမ်းသာတဲ့နိုင်ငံတွေကို ကြည့်မယ်ဆိုရင်လည်း အများစုဟာ စတော့အိပ်ချိန်းရှိတဲ့ နိုင်ငံတွေပဲဖြစ်ပါတယ်။ ဒါကြောင့် စောပါတယ်လို့ပြောတဲ့ ကိစ္စအပေါ် သုံးသပ်ရရင် မစောပါဘူး၊ နောက်တောင်ကျနေတယ်လို့ ပြောချင်ပါတယ်။ ငွေဖြုန်းတီးတယ်ဆိုတဲ့ အမြင်အပေါ်မှာပြောရရင် ကျွန်တော့်အမြင်ကတော့ ဖြုန်းတီးတယ်ဆိုတာက ရည်မှန်းချက်တစ်ခုမရှိဘဲနဲ့ ကာယအား၊ ဉာဏအား၊ ငွေအားတွေကို သုံးတယ်ဆိုရင်တော့ ဖြုန်းတယ်လို့ဆိုရမှာပါ။

စတော့အိပ်ချိန်း တည်ထောင်တယ်ဆိုတဲ့ကိစ္စမှာတော့ ရည်မှန်းချက် တိတိကျကျရှိပါတယ်။ နိုင်ငံအတွက် လိုအပ်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ယန္တရားတစ်ခု တည်ထောင်ဖို့ ရည်မှန်းချက်တစ်ခုနဲ့လုပ်တဲ့အတွက် ဖြုန်းတယ်လို့ မယူဆပါဘူး။ ရင်းနှီးမြှုပ်နှံမှုလုပ်တယ်လို့ပဲ ယူဆပါတယ်ခင်ဗျ။

စတော့ရှယ်ယာဈေးကွက် အောင်မြင်ဖို့အတွက် အလားအလာကောင်းတွေရှိသလို စိန်ခေါ်မှုတွေလည်း ရှိပါတယ်။ အလားအလာကောင်းဘက်ကကြည့်ရင် ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးကဏ္ဍအသီးသီးမှာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းတွေ များစွာရှိပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ အများနှင့်သက်ဆိုင်သော ကုမ္ပဏီတည်ထောင်ထားတာလည်း ၃၀၀ ကျော်ရှိပါတယ်။

အဲဒီကုမ္ပဏီ ၃၀၀ ကျော်ထဲမှာ စတော့ရှယ်ယာဈေးကွက်ဝင်ဖို့ အလားအလာကောင်းတဲ့ ကုမ္ပဏီက ကျွန်တော်တို့လေ့လာမှုအရ ၄၀ လောက်ရှိပါတယ်။ ဒီ ၄၀ ထဲမှာ ၂၀ လောက်က စာရင်းဝင်ဖို့ စိတ်ဝင်တစားလုပ်နေကြပါတယ်။ အဲဒီထဲက ၁၀ ခုလောက်က စတော့အိပ်ချိန်းမှာ စာရင်းဝင်ကုမ္ပဏီဖြစ်ဖို့ တော်တော်လေး ခရီးရောက်နေတာတွေ့ရပါတယ်။ အခုလောလောဆယ်မှာ နှစ်ခုလောက်က စာရင်းဝင်ကုမ္ပဏီဖြစ်ဖို့အတွက် ဆောင်ရွက်ဆဲ (under the process)အနေနဲ့ ရှိနေပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ စာရင်းဝင်ကုမ္ပဏီ ၁၀ ခုလောက်ရှိမယ်လို့ မှန်းထားပါတယ်။

စိန်ခေါ်မှုပိုင်းဆိုရင်တော့ ကျွန်တော်တို့နိုင်ငံမှာ စတော့ရှယ်ယာဈေးကွက် ဗဟုသုတဟာ အများပြည်သူနဲ့ အလှမ်းဝေးခဲ့ပါတယ်။ အစုရှယ်ယာထုတ်တဲ့ ကုမ္ပဏီတွေဘက်ကကြည့်မယ်ဆိုရင်လည်း အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီတွေမှာ ကော်ပိုရိတ်စီမံခန့်ခွဲမှု(Corporate Governance)က အားနည်းပါတယ်။ အဲဒီအတွက် ကော်ပိုရိတ်စီမံခန့်ခွဲမှု အားကောင်းစေရေးအတွက် ပညာပေးအစီအစဉ်များ အထူးလိုအပ်လျက်ရှိပါတယ်။

ရင်းနှီးမြှုပ်နှံသူ(အများပြည်သူ)ဘက်က ကြည့်မယ်ဆိုရင်လည်း ဒီဈေးကွက်မှာ ဘယ်လိုရင်းနှီးမြှုပ်နှံရမလဲ၊ ဘယ်ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံရမလဲ၊ ဘယ်အချိန်မှာ အစုရှယ်ယာတွေကို ဝယ်ရမလဲ၊ ရောင်းရမလဲ၊ ဝယ်မယ်ရောင်းမယ်ဆိုရင် ဘယ်အချက်အလက်တွေပေါ် အခြေပြုပြီး ဘယ်လိုဆုံးဖြတ်ချက်တွေချရမလဲဆိုတဲ့ အချက်အလက်တွေနဲ့ပတ်သက်ပြီး အတွေ့အကြုံ၊ ဗဟုသုတ အလှမ်းဝေးခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေအတွက်လည်း ပညာပေး အစီအစဉ်တွေ လိုအပ်ပါတယ်။ အဲဒါကြောင့် နှစ်ဖက်စလုံးအတွက် ပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေပါတယ်။ ဒါက စိန်ခေါ်မှုတွေကို ကျော်လွှားဖို့အတွက် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

**ဦးမောင်မောင်ဝင်း။** ခုနက စောနေတယ်ဆိုတဲ့အပိုင်းနဲ့ ပတ်သက်လို့ဖြည့်စွက်ဆွေးနွေးချင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အရင်းအနှီးဈေးကွက်ကို စတင်တည်ထောင်ဖို့ ကြိုးစားတာ ၁၉၉၆ ခုနှစ်လောက်ကတည်းက ကြိုးစားခဲ့တာပါ။ ၁၉၉၆ ခုနှစ်လောက်တုန်းက မြန်မာနိုင်ငံမှာ စီးပွားရေးကလည်း အထိုက်အလျောက် ကောင်းမွန်ခဲ့တဲ့ အချိန်ဖြစ်ပြီး စတော့အိပ်ချိန်း တည်ထောင်ဖို့ ဆောင်ရွက်ခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာသွားခဲ့ရတဲ့ အခြေအနေများနဲ့ကြုံတွေ့ခဲ့ရပါတယ်။ ဒ့ါအပြင် ၂၀၀၃ ခုနှစ်မှာ ဘဏ်အကျပ်အတည်းတွေနဲ့ ကြုံတွေ့ခဲ့ရပြီး အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးရေးအတွက် ရပ်ဆိုင်းလုနီးပါး ဖြစ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ကြိုးပမ်းခဲ့တဲ့ လုပ်ငန်းတွေကျမှ ရန်ကုန်စတော့အိပ်ချိန်း ပီပီပြင်ပြင် ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ ဒါကြောင့် နောက်တောင်ကျနေတယ်လို့ ပြောချင်ပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာလည်း တည်ထောင်ဖို့မလိုတဲ့ ဘရူနိုင်းနိုင်ငံကလွဲရင် ကျွန်တော်တို့က နောက်ဆုံးဖြစ် နေပါတယ်။

စာမျက်နှာ ၁၁ သို့ »»

# မြဝတီမြို့၌ ကွန်ပေါင်းဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်

**မြဝတီ အောက်တိုဘာ ၂**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်အတွင်း ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ် ပျက်စီးသွားသည့် တောင်သူများ၏ မိုးစပါးနှင့် အစေ့ထုတ်ပြောင်းစိုက်ခင်းများအတွက် ကွန်ပေါင်းဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက အဖွင့်အမှာစကား ပြောကြားပြီး မြဝတီခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစောလှကြည်က ကွန်ပေါင်းဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ဆက်လက်ပြီး တာဝန်ရှိသူများက တောင်သူများအား ကွန်ပေါင်းဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ပေးအပ်ရာ မြဝတီမြို့နယ်အတွင်း ကျေးရွာငါးရွာမှ မိုးစပါး ၁၅၆ ဧကအတွက် ၃၁ အိတ်၊ ကျေးရွာခုနစ်ရွာမှ အစေ့ထုတ်ပြောင်း ၁၆၆၃ ဧကအတွက် ၃၃၃ အိတ်၊ စုစုပေါင်း ကွန်ပေါင်းဓာတ်မြေဩဇာ ၃၆၄ အိတ် ထောက်ပံ့ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

မြဝတီမြို့အနေဖြင့် ယခုနှစ် မိုးရာသီတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးစပါးစုစုပေါင်းစိုက်ဧက ၁၁၆၄၉ ဧကအနက် ၁၅၆ ဧက ပျက်စီးခဲ့ပြီး မိုးအစေ့ထုတ်ပြောင်း အနေဖြင့် ၅၀၉၉၅ ဧကအနက် ၁၆၆၃ ဧက ပျက်စီးဆုံးရှုံးခဲ့ကြောင်း မြဝတီခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကိုထိန်(မြဝတီ)**





မြန်မာ့ရေနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( မိုးညှင်းမြို့ )

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ( ၇ / ၈ ) ရက် တနင်္ဂနွေ၊ တနင်္လာနေ့များတွင်

နံနက် (၈) နာရီမှ ညနေ(၄)နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အ.ထ.က(၁) ၊ မိုးညှင်းမြို့

# စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်များ တောင်သူများထံသို့ လွှဲပြောင်းပေးအပ်

**ရန်ကုန် အောက်တိုဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနက အရစ်ကျစနစ်ဖြင့် ရောင်းချပေးသော Mahindra ထွန်စက်များ တောင်သူများထံသို့ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာလ နောက်ဆုံး ပတ်က ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပင်မပစ္စည်းသိုလှောင်ရုံ အဆင့်(က) ကျိုက္ကလို့ဘုရားအနီးတွင် ကျင်းပသည်။

လွှဲပြောင်းပေးအပ်ပွဲတွင် စက်မှုလယ်ယာညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်နှင့် Bandoola Enterprises Ltd. မှတာဝန်ရှိသူတို့က အမှာစကားပြောကြားပြီး ထွန်စက်များကို တောင်သူများထံ လွှဲပြောင်းပေးအပ်သည်။

ယနေ့လွှဲပြောင်းပေးအပ်ခဲ့သော Mahindra ထွန်စက်သည် မြင်းကောင်ရေ ၉၂ ကောင်အားရှိပြီး တောင်သူများ စိတ်ကြိုက် လိုရာသုံးနိုင်သည့် ထွန်စက်ဖြစ်ကြောင်း သိရသည်။ ယင်းထွန်စက်များကို ချောင်းဦးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ မင်းလှမြို့နယ်၊ ပခုက္ကူမြို့နယ်၊ မြင်းခြံမြို့နယ်၊ နွားထိုးကြီးမြို့နယ်၊ တံတားဦးမြို့နယ်၊ အမရပူရမြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ဓနုဖြူမြို့နယ်၊ ထောက်ကြန့်မြို့နှင့် သံလျင်မြို့နယ်တို့မှ တောင်သူများက ပထမအသုတ်အဖြစ် ၅၇စီး ဝယ်ယူ ခဲ့ကြောင်း သိရသည်။ **ဒွေးကြိုင်**

**❒ ရန်ကုန်မြစ်ဝမှ**

အဆိုပါစီမံကိန်းကို China Harbour Engineering Co.,ltd. ကတာဝန်ယူတည်ဆောက်လျက်ရှိရာ စီမံကိန်းခန့်မှန်း ကုန်ကျမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၉ သန်းဖြစ်ပြီး ယခုအခါ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ၆၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းများအရည်အသွေးကောင်းမွန်ရေးနှင့် ဆောလျင်စွာပြီးစီးရေးတို့အတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စီမံကိန်းတွင် အလျား ၃၃ ဒသမ ၂ မီတာနှင့် အနံ ၃၀ ဒသမ ၄ မီတာအရွယ် သံကူကွန်ကရစ် သုံးထပ်အဆောက်အအုံတစ်လုံး၊ ရေယာဉ်အရွယ်အစား GRT1500 အရွယ် ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတားတစ်စင်း၊ ရေကြောင်းပြအဆောက်အအုံတွင် မီးစက်၊ ရေသန့်စင်စက်၊ ရေဆိုးသန့်စက်၊ ရေကြောင်းဆက်သွယ်ရေးဆိုင်ရာကိရိယာများ၊ ရေဒါစက်နှင့် Pilot Boat သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများပါဝင်ပြီး ယင်းစီမံကိန်းအဆောက်အအုံတွင် ဝန်ထမ်းစုစုပေါင်း ၃၆ ဦး တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **မြင့်မောင်စိုး**

»»» **စာမျက်နှာ ၁၀ မှ**

**ဦးဌေးချွန်။** ကျွန်တော်တို့နိုင်ငံမှာ စတော့အိပ်ချိန်း တည်ထောင်ဖို့အတွက် ၁၉၉၆ ခုနှစ်လောက်ကတည်းက စတင်ကြိုးစားခဲ့တာပါ။ ဗီယက်နမ်ဆိုရင် ၂၀၀၀ ပြည့်နှစ်မှာ စတင်တည်ထောင်ခဲ့တယ်။ ဥပဒေတောင်မရှိသေးဘဲနဲ့ သမ္မတရုံးရဲ့အမိန့်ဒီကရီနဲ့ မဖြစ်ဖြစ်အောင် စတင်ဆောင်ရွက်ခဲ့တာ အခုဆိုရင် အောင်မြင်တဲ့ အစုရှယ်ယာဈေးကွက်တစ်ခု ဖြစ်နေတာကို မြင်ရပါတယ်။

**အစီအစဉ်မှူး။ ရန်ကုန်စတော့အိပ်ချိန်းရဲ့ လက်ရှိအခြေအနေကို ရှင်းပြပေးပါ။ ရန်ကုန် စတော့အိပ်ချိန်းမှာ စာရင်းဝင်ကုမ္ပဏီများတိုးတက်လာမှု အနေအထားကိုလည်း ပြောပြပေးပါ။**

**ဦးဝင်းနိုင်ဦး။** နိုင်ငံတစ်ခုရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ကာလရှည် ငွေကြေးအရင်းအမြစ်တွေကို စုဆောင်းပေးတဲ့အရင်း အနှီးဈေးကွက်ဆိုတာ အင်မတန်အရေးကြီးပါတယ်။ ဒီလိုအရေးကြီးတဲ့ အရင်းအနှီးဈေးကွက်ကို ဖော်ဆောင်ပေးဖို့ဆိုရင် စတော့အိပ်ချိန်းဟာ မရှိမဖြစ်လိုအပ်ပါတယ်။ ဒါကြောင့် အရင်းအနှီးဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်လာဖို့အတွက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှာရန်ကုန်စတော့အိပ်ချိန်းကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။

၂၀၁၆ ခုနှစ် မတ်လမှာ စာရင်းဝင်ကုမ္ပဏီတွေကို လက်ခံပြီးတော့ စတော့ရှယ်ယာ အရောင်းအဝယ်တွေကို စတင်လုပ်ဆောင်ခဲ့ပါတယ်။ ပထမဆုံးကျွန်တော်တို့က စာရင်းဝင်ကုမ္ပဏီတစ်ခုနဲ့ စတင်လုပ်ဆောင်ပါတယ်။ အခုဆိုရင် စာရင်းဝင်ကုမ္ပဏီ ငါးခုရှိပြီးတော့ စာရင်းဝင်ကုမ္ပဏီတွေရဲ့ အစုရှယ်ယာတွေကို စတော့အိပ်ချိန်းမှာ အရောင်းအဝယ်ပြုလုပ်ပေးနေပါပြီ။ ၂၀၁၈ ခုနှစ် ဩဂုတ်လမှာ စာရင်းဝင်ကုမ္ပဏီ ငါးခုရဲ့ဈေးကွက်တန်ဖိုး(Market Capitalization)ဟာဆိုရင် ငွေကျပ် ၅၈၅ ဘီလီယံ ရှိပါတယ်။ စတင်ဖွင့်လှစ်တဲ့ ကာလကစပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လအထိ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ရှယ်ယာပေါင်းက ၈ ဒသမ ၇ သန်းရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၁၁၂ ဘီလီယံလောက်ရှိပါတယ်။ တစ်နေ့ကို ပျမ်းမျှ ကျပ်သန်း ၅၀ လောက် အရောင်းအဝယ်ဖြစ်ပါတယ်။ ဒီပမာဏကို ကြည့်မယ်ဆိုရင် ပုံမှန်အနေအထားရှိနေပြီးတော့ ထွန်းသစ်စဖြစ်တဲ့ ဈေးကွက်တစ်ခုအနေနဲ့ဆိုရင် တိုးတက်မှုရှိတယ်လို့ ပြောရမှာဖြစ်ပါတယ်။

သို့သော်လည်း ကျွန်တော်တို့က ကျေနပ်နေလို့ မရပါဘူး။ ဆက်ပြီး အောင်မြင်အောင် ကြိုးစားဖို့လိုအပ်တယ်လို့ ပြောချင်ပါတယ်။ နောက်တစ်ခုကလည်း မြန်မာနိုင်ငံမှာ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီ ၃၃၀ ခန့်ရှိပါတယ်။ ဒီ ၃၃၀ ခန့်က အခုဆိုရင် စာရင်းဝင်ကုမ္ပဏီတွေဖြစ်ဖို့ ကြိုးစားနေကြတာတွေရှိတယ်။ တချို့ဆိုရင် ဆက်သွယ်ပြီးတော့ စာရင်းဝင်ကုမ္ပဏီဖြစ်ဖို့ လိုအပ်ချက်တွေကို ဆောင်ရွက်နေတာတွေတွေ့ရတော့ ဈေးကွက်ရဲ့ အလားအလာက ကောင်းမွန်တယ်လို့ သုံးသပ်တင်ပြလိုပါတယ်။

**အစီအစဉ်မှူး။ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွေရဲ့အခန်းကဏ္ဍနဲ့ ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေဖို့ ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာကို ပြည်သူတွေသိအောင် ရှင်းပြပေးစေလိုပါတယ်။**

**ဒေါ်ယဉ်မြတ်မင်း။** မြန်မာနိုင်ငံမှာ အရင်းအနှီးဈေးကွက် ပေါ်ပေါက်ဖို့အတွက် ၁၉၉၆ ခုနှစ်ကတည်းက MSEC ကို ဖွင့်လှစ်ခဲ့ပါတယ်။ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရင်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန(ယခု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့နဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြပါတယ်။ ၂၀၁၄ ခုနှစ်မှာတော့ ဈေးကွက်ကြီးတစ်ခုလုံးကို ကြီးကြပ်တဲ့ အဖွဲ့အစည်း(Regulator)ဖြစ်တဲ့ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်(Securities and Exchange Commission of Myanmar-SECM)ကို ဖွဲ့စည်းခဲ့ပြီး ၂၀၁၅ ခုနှစ်မှာတော့ ရန်ကုန်စတော့အိပ်ချိန်း(Yangon Stock Exchange-YSX) ကို ဖွဲ့စည်းခဲ့ပါတယ်။

ကျွန်မတို့ MSEC ကတော့ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ(Securities Company)တစ်ခုအနေနဲ့ ဆက်လက်ရပ်တည်လျက်ရှိပါတယ်။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ(Securities Company)တစ်ခုဟာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း(Securities Business)ကို လုပ်ကိုင်ဖို့ဆိုရင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်(SECM)မှာ လိုင်စင်လျှောက်ထားဖို့ လိုပါတယ်။ နောက်တစ်ခုက ရန်ကုန်စတော့အိပ်ချိန်းမှာ စတော့ရှယ်ယာတွေရောင်းဝယ်ဖို့ဆိုရင် ရန်ကုန်စတော့အိပ်ချိန်းရဲ့ Trading Participants (ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ)အဖြစ် လျှောက်ထားရယူဖို့လိုပါတယ်။

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Company)ရဲ့ အခန်းကဏ္ဍကို နှစ်ပိုင်းပြောချင်ပါတယ်။ စတော့ရှယ်ယာရင်းနှီးမြှုပ်နှံသူတွေ (Investors)ကို ဆောင်ရွက်ပေးတဲ့အပိုင်းနဲ့ နောက်တစ်ပိုင်းက စတော့ရှယ်ယာထုတ်ဝေရောင်းချတဲ့ကုမ္ပဏီ(Issuer)တွေ အတွက် ဆောင်ရွက်ပေးတဲ့အပိုင်း ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေက စတော့ရှယ်ယာတွေကို ရောင်းချင်ဝယ်ချင်တယ်ဆိုရင် သူကိုယ်တိုင် စတော့အိပ်ချိန်းကိုသွားပြီး ရောင်းလို့ဝယ်လို့မရပါဘူး။ စတော့အိပ်ချိန်းနဲ့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ကြားမှာ ကြားခံအဖွဲ့အစည်းအနေနဲ့ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီက စတော့ရှယ်ယာတွေကို ရောင်းဝယ်ဆောင်ရွက်ပေးပါတယ်။ ရောင်းသူတွေကိုလည်း ရောင်းရတဲ့ငွေတွေကို သူတို့ဘဏ်စာရင်းထဲ ရောက်တဲ့အထိ ဆောင်ရွက်ပေးပါတယ်။ ဝယ်တဲ့သူတွေကိုလည်း သူတို့ရှယ်ယာတွေကို သူတို့ငွေချေးသက်သေခံလက်မှတ်စာရင်း (Securities Account)ထဲကို ရောက်အောင် ဆောင်ရွက်ပေးပါတယ်။

စတော့ရှယ်ယာ ထုတ်ဝေရောင်းချတဲ့ကုမ္ပဏီ (Issuer)တွေအပိုင်းကျတော့ ကုမ္ပဏီတွေက စာရင်းဝင်ဖို့လုပ်မယ်ဆိုရင် ပထမအနေနဲ့ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ အများနဲ့သက်ဆိုင်သောကုမ္ပဏီ(Public Company)တွေ ဖြစ်ရပါမယ်။ စာရင်းဝင်ဖို့ဆိုရင် ကြိုတင်ပြင်ဆင်မှုတွေ အများကြီးလုပ်ရပါတယ်။ စာရင်းဝင်တဲ့အခါမှာ လိုအပ်တဲ့ပြင်ဆင်မှုတွေနဲ့ ဆောင်ရွက်ရမှာတွေကို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီက ဝန်ဆောင်မှုပေးပါတယ်။

ဈေးကွက်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စတော့ရှယ်ယာတွေကို ရောင်းချမယ့်ကုမ္ပဏီနဲ့ ရင်းနှီးမြှုပ်နှံသူတွေ အများကြီး ဈေးကွက်ကိုပါဝင်လာဖို့ လိုပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေ ဘယ်လိုပါဝင်လာအောင် လုပ်မလဲဆိုရင် ကျွန်မတို့က အရင်းအနှီးဈေးကွက်နဲ့ပတ်သက်တဲ့ အသိပညာပေးလုပ်ငန်း အစီအစဉ်(Awareness)တွေ ဆောင်ရွက်ပေးရမယ်။ စတော့ရှယ်ယာဆိုတာဘာလဲ။ စတော့ရှယ်ယာကို ရင်းနှီးမြှုပ်နှံရင် ဘယ်လိုမျိုးတွေ ဆောင်ရွက်ရမယ်ဆိုတာတွေ ဖြစ်ပါတယ်။ Online Trading တွေကိုလည်း ခွင့်ပြုပြီးပြီဆိုတော့ Online Trading ကို ဘယ်လိုဆောင်ရွက်ရမလဲဆိုတာတွေကို ဆွေးနွေးပွဲတွေကျင်းပပြီး ရှင်းလင်းပြသပေးဖို့လိုပါတယ်။

ရင်းနှီးမြှုပ်နှံသူတွေကို အသိပညာပေးအစီအစဉ် (Investor Education)အနေနဲ့ ရန်ကုန်၊ မန္တလေးမြို့ကြီးအပြင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေမှာရှိတဲ့ မြို့ကြီးတွေကိုလည်း ဆွေးနွေးပွဲတွေ သွားရောက်လုပ်ဆောင်ပါတယ်။ သူတို့သိရှိဖို့လိုအပ်တဲ့ စာရွက်စာတမ်းတွေကိုလည်း ဝေငှပေးတယ်။ ဒီလိုနည်းတွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေ တိုးပွားလာအောင်ဆောင်ရွက်လျက်ရှိပါတယ်။ ကုမ္ပဏီတွေအနေနဲ့လည်း စတော့အိပ်ချိန်းမှာစာရင်းဝင်ပြီး စတော့ရှယ်ယာတွေရောင်းချဖို့ စိတ်ဝင်စားတဲ့ ပုဂ္ဂလိက ကုမ္ပဏီတွေ (Private Company)လည်း ရှိပါတယ်။ ဒါပေမယ့် ဘယ်လိုလုပ်ရမယ် ဆိုတာမသိကြဘူး။ ပုဂ္ဂလိကကုမ္ပဏီတွေ (Private Company)အနေနဲ့ ပထမဆုံး အများနှင့်သက်ဆိုင်သောကုမ္ပဏီ(Public Company)အဖြစ်ကို ပြောင်းရပါတယ်။ အဲဒါက မဖြစ်မနေဆောင်ရွက်ရမယ့် အချက်ဖြစ်ပါတယ်။ လက်ရှိစာရင်းဝင် ကုမ္ပဏီငါးခုမှာဆိုရင် လေးခုက စတော့အိပ်ချိန်းမပေါ်ခင်ကတည်းက စတော့ရှယ်ယာတွေကို ရောင်းပြီးသား ကုမ္ပဏီတွေဖြစ်ပါတယ်။ စတော့အိပ်ချိန်းပေါ်လာတဲ့အခါမှာ သူတို့ရဲ့ ရှယ်ယာတွေကို ထပ်ပြီးမရောင်းတော့ဘဲ ရောင်းပြီးသား ရှယ်ယာတွေနဲ့ ရန်ကုန်စတော့အိပ်ချိန်းမှာ စာရင်းဝင်လိုက်တာဖြစ်ပါတယ်။ လိုအပ်တဲ့ စာရွက်စာတမ်းတွေကိုလည်း ဝေငှပေးတယ်။ ဒီလိုနည်းတွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေ တိုးပွားလာအောင် ဆောင်ရွက်လျက်ရှိပါတယ်။

ကုမ္ပဏီတွေအနေနဲ့ စတော့အိပ်ချိန်းမှာ စာရင်းဝင်ပြီး စတော့ရှယ်ယာတွေ ရောင်းချဖို့စိတ်ဝင်စားတဲ့ ပုဂ္ဂလိကကုမ္ပဏီတွေ(Private Company)လည်း ရှိပါတယ်။ ဒါပေမယ့် ဘယ်လိုလုပ်ရမယ်ဆိုတာမသိကြဘူး၊ ပုဂ္ဂလိကကုမ္ပဏီတွေ(Private Company)အနေနဲ့ ပထမဆုံး အများနှင့်သက်ဆိုင်သောကုမ္ပဏီ(Public Company) အဖြစ်ကို ပြောင်းရပါတယ်။ အဲဒါက မဖြစ်မနေဆောင်ရွက်ရမယ့်အချက်ဖြစ်ပါတယ်။ လက်ရှိစာရင်းဝင် ကုမ္ပဏီငါးခုမှာဆိုရင် လေးခုက စတော့အိပ်ချိန်းမပေါ်ခင်ကတည်းက စတော့ရှယ်ယာတွေကို ရောင်းပြီးသားကုမ္ပဏီတွေ ဖြစ်ပါတယ်။ စတော့အိပ်ချိန်း ပေါ်လာတဲ့အခါမှာ သူတို့ရဲ့ရှယ်ယာတွေကို ထပ်ပြီးမရောင်းတော့ဘဲ ရောင်းပြီးသား ရှယ်ယာတွေနဲ့ ရန်ကုန်စတော့အိပ်ချိန်းမှာ စာရင်းဝင်လိုက်တာ ဖြစ်ပါတယ်။

နောက်ဆုံးစာရင်းဝင်ခဲ့တဲ့ TMH က ရန်ကုန်စတော့အိပ်ချိန်းမပေါ်ခင်မှာ ပုဂ္ဂလိကကုမ္ပဏီဖြစ်ပြီး စာရင်းဝင်ချင်တဲ့ ဆန္ဒရှိတဲ့အတွက် ပုဂ္ဂလိကကုမ္ပဏီ (Private Company)ကနေ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (Public Company)အဖြစ် ပြောင်းလဲခဲ့ပါတယ်၊ လိုအပ်တဲ့ စာရင်းဝင်လုပ်ငန်းစဉ်တွေကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်မတို့လို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွေက ကုမ္ပဏီတွေ စာရင်းဝင်ကုမ္ပဏီဖြစ်လာဖို့ လိုအပ်တဲ့ အကြံဉာဏ်တွေနဲ့ အထောက်အကူတွေကို ဝန်ဆောင်မှုပေးပါတယ်။ *(ဆက်လက်ဖော်ပြပါမည်)*

ကြေးမုံ
အောက်တိုဘာ ၃၊ ၂၀၁၈

# ကင်ဆာကုထုံးသစ်သုတေသီများနှင့် လေဆာသုတေသီများ ၂၀၁၈ ခုနှစ်အတွက် နိုဗယ်ဆုများ ဆွတ်ခူး




**တိုကျို အောက်တိုဘာ ၂**

ကင်ဆာရောဂါဝေဒနာခံစားနေရသူများအား ကယ်တင်နိုင်ရေးအတွက် ကင်ဆာရောဂါကုထုံးဆိုင်ရာ သုတေသနပြုလေ့လာမှုများကို ဆက်လက်ပြုလုပ်သွားရန် မိမိသန္နိဋ္ဌာန်ပြုပါကြောင်း ယခုနှစ်အတွက် ဇီဝကမ္မဗေဒနှင့် ဆေးပညာဆိုင်ရာ နိုဗယ်ဆုရွေးချယ်ခံရသူ ဂျပန်သိပ္ပံပညာရှင် တာဆုကုဟွန်ဂျိုးက အောက်တိုဘာ ၁ ရက်တွင် ပြောကြားလိုက်သည်။

လူ့ကိုယ်ခံအားစနစ်ထိန်းချုပ်ရေးဆိုင်ရာ ကုထုံးသည် ကင်ဆာရောဂါခံစားနေရသူများ၏အသက်ကို ကယ်တင်ပေးနိုင်မည်ဖြစ်သဖြင့် ကင်ဆာရောဂါကုထုံးဆိုင်ရာ သုတေသနလုပ်ငန်းကို မိမိဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသက် ၇၆ နှစ်ရှိ တာဆုကုက ကျိုတိုတက္ကသိုလ်တွင် သတင်းထောက်များအား ပြောကြားသည်။ တာဆုကုသည် ယင်းတက္ကသိုလ်၏ အထူးပါမောက္ခဖြစ်သည်။

ကင်ဆာရောဂါကုထုံးသစ်ကို ခံယူသူရောဂါဝေဒနာရှင်များ နာလန်ပြန်ထူလာပြီဟု သတင်းကောင်းများ ကြားသိရမည်ဆိုလျှင် မိမိအလွန်အမင်း ပျော်ရွှင်ဝမ်းမြောက်မည်သာဖြစ်ကြောင်း၊ ဆေးပညာနိုဗယ်ဆုရရှိခြင်းအတွက် မိမိမှာ ကံကောင်းသူလူသားတစ်ဦးဖြစ်လာကြောင်း၊ နိုဗယ်ဆုအတွက် ရွေးချယ်ခံရသည်ဆိုသော သတင်းစကားကို ကြားသိရချိန်တွင် အတိုင်းမသိပျော်ရွှင်ဝမ်းမြောက်မိကြောင်း တာဆုကုက သတင်းထောက်များအား ပြောကြားသည်။

တာဆုကုသည် ၎င်း၏လုပ်ဖော်ကိုင်ဖက် တက္ကသိုလ်ဆရာများနှင့်အတူ ကျောင်းသူ ကျောင်းသားများ တင်သွင်းသော စာတမ်းများနှင့်ပတ်သက်၍ အကဲဖြတ်သုံးသပ်နေချိန်တွင် နိုဗယ်ဆုအတွက် ရွေးချယ်ခံရသည်ဟု သတင်းကြားသိခဲ့ရသည်။

တာဆုကုသည်အမေရိကန်သိပ္ပံပညာရှင် ဂျိမ်းစ်အယ်လီဆန်နှင့်အတူဆေးပညာနိုဗယ်ဆုကိုပူးတွဲရရှိသည်။ အမေရိကန်သိပ္ပံပညာရှင် ဂျိမ်းစ်သည် တာဆုကုနည်းတူ လူ့ခန္ဓာကိုယ်၏သဘာဝကိုယ်ခံအားစနစ်က ကင်ဆာရောဂါတိုက်ဖျက်နိုင်ပုံနှင့် ပတ်သက်၍ သုတေသနပြု လေ့လာနေသူ ဖြစ်သည်။

ကင်ဆာကုထုံးသစ်အတွက် ကင်ဆာကလာပ်စည်းများ ပွားများမှုကို ထိန်းချုပ်သော ခန္ဓာကိုယ်ခုခံစွမ်းအားဆိုင်ရာ တီ-၁ ပရိုတိန်းကို ရှာဖွေတွေ့ရှိရသဖြင့် နိုဗယ်ဆုအတွက် ရွေးချယ်ခံရခြင်းဖြစ်သည်။

ထိုစဉ်အတွင်း ၂၀၁၈ ခုနှစ်အတွက် ရူပဗေဒဆိုင်ရာ နိုဗယ်ဆုကို လေဆာသုတေသနပြုလုပ်သော သုတေသီသုံးဦးတို့က ပူးတွဲရရှိကြောင်း နိုဗယ်ဆုရွေးချယ်ရေး ဂျူရီအဖွဲ့က ပြောကြားသည်။ အမေရိကန်မှ အာသာ အက်ရှ်ကင်၊ ပြင်သစ်မှ ဂျရတ်မူရူနှင့် ကနေဒါမှ ဒွန်နာစထရစ်လန်းတို့သည် လေဆာရူပဗေဒနယ်ပယ်တွင် တီထွင်မှုများ ပြုလုပ်နိုင်ခြင်းအတွက် ပူးတွဲရွေးချယ်ခံရခြင်းဖြစ်သည်။

**အေအက်ဖ်ပီ။**

# အာဖဂန်၌ မဲဆွယ်စည်းရုံးပွဲ ပုံးခွဲတိုက်ခိုက် လူ၁၃ဦးထက်မနည်း သေဆုံး

**ဂျလာလာဘတ် အောက်တိုဘာ ၂**

အာဖဂန်နစ္စတန်နိုင်ငံ လွှတ်တော် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးသူများက နိုင်ငံရေးလူထုစည်းဝေးပွဲ ပြုလုပ်နေစဉ် အသေခံ ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းကြောင့် လူ၁၃ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ယခုကာလအတွင်း ဥပဒေပြု လွှတ်တော် ရွေးကောက်ပွဲကျင်းပရန် ရှိနေစဉ် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း အဗ္ဗဒယ်အနာဆီဟာမွန်ဟာမတ်အား ထောက်ခံသူများ စုဝေးနေစဉ် စစ်သွေးကြွတစ်ဦးက အသေခံဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ပြီး ၂၅ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူ အတူလာခိုဂရာနီက ပြောကြားသည်။

ထိခိုက်ဒဏ်ရာရသူများအနက် အချို့မှာ ဒဏ်ရာပြင်းထန်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရွေးကောက်ပွဲအကြိုကာလ တိုက်ခိုက်မှုများကြောင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦးသေဆုံးခဲ့ရကြောင်း လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်က ပြောကြားခဲ့ပြီး အကြမ်းဖက်မှုများ မြင့်တက်လာဖွယ်ရှိမှုအတွက် စိုးရိမ်ရသည်ဆို၏။ **အေအက်ဖ်ပီ။**

# အီးယူမှ ဗြိတိန်နုတ်ထွက်ပြီးသည့်တိုင်အောင် ဂျာမနီ၌ စစ်ရေးတည်ရှိမှုကို ထိန်းထားမည်ဟုဆို

**ဘာမင်ဂန် အောက်တိုဘာ ၂**

**ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂ(အီးယူ)မှ နုတ်ထွက်ပြီးသည့်တိုင်အောင် ဂျာမနီနိုင်ငံ၌ ယင်း၏စစ်ရေးတည်ရှိမှုကို ဆက်လက် ထိန်းထားမည်ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂါဗင်ဝီလျံဆင်၏ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။**

ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနသည် ပြည်ပ၌ ဖြန့်ကြက်ထားသော တပ်ဖွဲ့များကို အလုံးအရင်းဖြင့် ပြန်လည်လျှော့ချရန် စီစဉ်ထားသော်လည်း ဂျာမနီ၌ အင်အားသေးငယ်သော ကြည်းတပ်တပ်ဖွဲ့ယူနစ်တစ်ခုကို ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ဝန်ကြီးဝီလျံဆင်က စက်တင်ဘာ ၃၀ ရက်တွင် ကျင်းပသော အာဏာရ ကွန်ဆာဗေးတစ်ပါတီ၏ နှစ်ပတ်လည်ညီလာခံတွင် ပြောကြားသည်။



**လျှော့ချမည်**

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်မှု၏ အသွင်ကူးပြောင်းမှုကာလ ၂၀၂၀ ပြည့်နှစ်တွင် ကုန်ဆုံးခြင်းမရှိမီ ဥရောပတစ်လွှားတွင် ဖြန့်ကြက်ထားသော ဗြိတိန်တပ်ဖွဲ့များ၏ အင်အားကို ဖြတ်တောက်လျှော့ချရန် စီစဉ်ထားသည်။

သို့ရာတွင် ဂျာမနီနိုင်ငံမှ ဗြိတိသျှတပ်ဖွဲ့လုံးလုံးလျားလျားရုပ်သိမ်းခြင်း မပြုရန် ဗြိတိန်နိုင်ငံရေး အသိုက်အဝန်းအတွင်း တောင်းဆိုလျက်ရှိသဖြင့် အစိုးရအဖွဲ့က ပြည်ပမှတပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းရေးအစီအစဉ်နှင့်ပတ်သက်၍ ပြန်လည်သုံးသပ်မှုပြုလုပ်လာရခြင်းဖြစ်သည်။

ဂျာမနီနိုင်ငံရှိ မိမိတို့တပ်ဖွဲ့မှ ကြည်းတပ်တပ်ဖွဲ့ဝင် ၁၈၅ ဦးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အရပ်သားဝန်ထမ်း ၆၀ ခန့်ကို ယင်းနိုင်ငံ၌ ဆက်လက်တာဝန်ထမ်းဆောင်စေမည်ဖြစ်ပြီး ကျန်တပ်ဖွဲ့ယူနစ်များအားလုံးကို ယင်းနိုင်ငံမှ ပြန်လည်ရုပ်သိမ်းထွက်ခွာစေမည်ဖြစ်ကြောင်း ဝန်ကြီး ဝီလျံဆင်က ပြောကြားသည်။

ဗြိတိန်နိုင်ငံသည် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)တွင် အရေးပါသော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။ ၂၀၁၄ ခုနှစ်တွင် ယူကရိန်းနိုင်ငံ၏ ခရိုင်းမီးယားကျွန်းဆွယ်ကို ရုရှားနိုင်ငံက ယင်း၏ပိုင်နက်နယ်မြေအတွင်းသို့ သွတ်သွင်းခဲ့ရာ ရုရှား၏ စစ်ရေးအရ ခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်ရန် နေတိုးအဖွဲ့က အလေးအနက် ပြုလာရသည်ဆို၏။

**အေအက်ဖ်ပီ။**

# တရုတ်နိုင်ငံ၌ ရေပြင်နှင့် ဝေဟင်နှစ်သွယ်မောင်းနှင်နိုင်သောလေယာဉ် ရေပြင်ပေါ် စမ်းသပ်မောင်းနှင်



**ကွမ်ကျိုး အောက်တိုဘာ ၂**

တရုတ်နိုင်ငံတွင် တည်ဆောက်သည့် ရေပြင်နှင့်ဝေဟင်နှစ်သွယ် မောင်းနှင်နိုင်သည့် လေယာဉ်ကြီး အေဂျီ-၆၀၀ သည် ပထမဆုံးအကြိမ် ရေပြင်ပေါ် မောင်းနှင်မှုကို အောက်တိုဘာ ၁ ရက်တွင် စမ်းသပ်ပြုလုပ်ခဲ့ကြောင်း တရုတ်မြို့ပြ လေကြောင်းစက်မှုလုပ်ငန်း အထွေထွေလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ(စီအေအိုင်ဂျီအေ)က ပြောကြားသည်။

ယင်းစမ်းသပ်မှုကို တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေပြည်နယ် ကျင့်မင်းမြို့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ စမ်းသပ်မှုပြုလုပ်ရာတွင် အေဂျီ-၆၀၀ အမျိုးအစား လေယာဉ်ကြီးက ရေပြင်ပေါ်၌ တစ်နာရီလျှင် ၁၄၅ ကီလိုမီတာ အမြန်နှုန်းဖြင့် မောင်းနှင်ခဲ့သည်။

ကွန်လောင်းဟုအမည်ပေးထားသည့် အေဂျီ-၆၀၀ အမျိုးအစား လေယာဉ်သည် စမ်းသပ်မှုအတွင်း တည်တည်ငြိမ်ငြိမ် ရွေ့လျားနိုင်ပြီး စက်ကိရိယာများ ပုံမှန်လည်ပတ်ကြောင်း တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်ရှိ (စီအေအိုင်ဂျီအေ)ရုံးချုပ်က ပြောကြားသည်။

ကမ္ဘာပေါ်တွင် အရွယ်အစားအကြီးမားဆုံး ရေပြင်နှင့် ဝေဟင်နှစ်သွယ်ပျံသန်းနိုင်သည့် လေယာဉ်တွင် ပြည်တွင်းလုပ် ပန်ကာတပ်တာဗိုဂျက်အင်ဂျင်လေးလုံးတပ်ဆင်ထားသည်။ ယင်းအင်ဂျင်စက်များသည် ၁၂ နာရီခန့် မရပ်မနား ပျံသန်းနိုင်သည်။

အဆိုပါလေယာဉ်ကို ပင်လယ်ရေကြောင်းဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်း၊ တောမီးငြိမ်းသတ်ရေးနှင့် အဏ္ဏဝါစောင့်ကြည့်ရေးလုပ်ငန်းတို့တွင် အဓိကအသုံးပြုနိုင်မည်ဖြစ်သည်။

ယမန်နှစ် ဒီဇင်ဘာလက ပထမဦးဆုံးအကြိမ် စမ်းသပ်ပျံသန်းခဲ့သည့် ယင်းလေယာဉ်သည် စမ်းသပ်မှုအဆင့်ဆင့်ကို အောင်မြင်ခဲ့ပြီးဖြစ်သည်။ ရေပြင်ပေါ် စမ်းသပ်မှုပြုလုပ်ရာတွင် တစ်နာရီလျှင် ကီလိုမီတာ ၈၀နှုန်းနှင့် ကီလိုမီတာ ၁၂၀နှုန်းတို့အပါအဝင် အမြန်နှုန်း ရှစ်ကြိမ် စမ်းသပ်မှု ပြုလုပ်ခဲ့ပြီး ဖြစ်သည်။

**ဆင်ဟွာ။**

# ဘာစီလိုနာသို့ ဂွါဒီယိုလာ ပြန်လာပါက အသင်းဥက္ကဋ္ဌက ကြိုဆိုမည်ဟုဆို



နည်းပြဂွါဒီယိုလာအနေဖြင့် မန်စီးတီးအသင်းမှ ဘာစီလိုနာအသင်းသို့ ပြန်လာမည်ဆိုပါက ကြိုဆိုသွားမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းဥက္ကဋ္ဌ မာရီယာဘာတိုမူက အခိုင်အမာ ပြောကြားလိုက်သည်။

လက်ရှိမန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် ၂၀၀၈ ခုနှစ် နည်းပြမဖြစ်ခင်က ဘာစီလိုနာအသင်းတွင် ၁၁ နှစ်ကြာ ကစားသမားဘဝဖြင့် ကျင်လည်ခဲ့သူဖြစ်ပြီး နည်းပြဖြစ်လာခဲ့ချိန်တွင်လည်း ချန်ပီယံလိဂ်ဖလားနှစ်ကြိမ်အပါအဝင် ဆုဖလား ၁၄ ကြိမ်အထိ ရယူပေးနိုင်ခဲ့သူဖြစ်သည်။

ဂွါဒီယိုလာသည် ဘာစီလိုနာအသင်းကို ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိကိုင်တွယ်ခဲ့ရာတွင် ဘောလုံးရာသီသုံးရာသီအတွင်း စပိန်လာလီဂါဖလားသုံးကြိမ်ဆက်တိုက် ရယူပေးနိုင်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ် စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းတွင် ၂၀၁၆ ခုနှစ်အထိတာဝန်ယူခဲ့ရာ ၂၀၁၃-၂၀၁၄၊ ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီသုံးရာသီဆက်တိုက် ဘွန်ဒက်လီဂါဖလားကို ရယူပေးနိုင်ခဲ့သူဖြစ်သည်။ ထို့ပြင် ဂျာမန်ပိုကယ်ဖလားနှစ်ကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလားတစ်ကြိမ်နှင့် ဖီဖာကမ္ဘာ့ကလပ်ဖလားတစ်ကြိမ်တို့ကိုလည်း ဂွါဒီယိုလာ ရယူပေးနိုင်ခဲ့သည်။

ဂွါဒီယိုလာသည် ၂၀၁၆ တွင် ဘိုင်ယန်မြူးနစ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့ပြီး မန်စီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလားတစ်ကြိမ်၊ အီးအက်ဖ်အယ်လ်ဖလားတစ်ကြိမ်နှင့် ကွန်မြူနတီဒိုင်းတစ်ကြိမ်ရယူပေးထားသည်။ ထိုသို့ အသင်းတိုင်းနှင့် အောင်မြင်မှုရရှိနေခြင်းကြောင့် ဘာစီလိုနာအသင်းဥက္ကဋ္ဌက ဂွါဒီယိုလာအား ဘာစီလိုနာအသင်းသို့ ပြန်လာရန်မျှော်လင့်နေခြင်းဖြစ်သည်။

# မော်ရင်ဟို မန်ယူနည်းပြအဖြစ် ဆက်ရှိနေမည်ဆိုပါက ဇန်နဝါရီစျေးကွက်တွင် အိုးထရက်ဖို့ဒ်မှ ပေါ့ဘာ ထွက်ခွာမည်ဟုဆို



မန်ယူအသင်းကွင်းလယ်ကစားသမား ပေါ့ဘာသည် နည်းပြမော်ရင်ဟိုနှင့် ဆက်ဆံရေးမပြေလည်မှုများရှိနေခဲ့ခြင်းကြောင့် မော်ရင်ဟိုမန်ယူအသင်းတွင် ဆက်ရှိနေမည်ဆိုပါက ၎င်းအနေဖြင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း အိုးထရက်ဖို့ဒ်မှ ထွက်ခွာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နည်းပြမော်ရင်ဟိုနှင့် ကွင်းလယ်ကစားသမားပေါ့ဘာတို့၏ ဆက်ဆံရေးသည် ရာသီအစမှ စတင်ကာ လက်ရှိအချိန်အထိ အဆင်မပြေမှုများသာ တိုးလာလျက်ရှိပြီး စနေနေ့က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင်လည်း ပေါ့ဘာက အခြားသောကစားဖော်များကို လက်ဆွဲနှုတ်ဆက်ခဲ့သော်လည်း နည်းပြမော်ရင်ဟိုကို လက်ဆွဲနှုတ်ဆက်ခြင်းမရှိခဲ့သည်အထိ တင်းမာလာခဲ့သည်။

နည်းပြမော်ရင်ဟိုသည် ကွင်းလယ်ကစားသမား ပေါ့ဘာကို ရရှိရေးအတွက် ဂျူဗင်တပ်အသင်းထံ ပြောင်းရွှေ့ကြေးပေါင် ၈၉ သန်းအထိ ပေး၍ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဆက်ဆံရေးအဆင်မပြေမှုများကြောင့် ကစားသမားကိုယ်တိုင်ကလည်း မော်ရင်ဟိုလက်အောက်တွင် မကစားလိုကြောင်းနှင့် မော်ရင်ဟိုရှိနေပါက အသင်းမှထွက်ခွာမည်ဟုပင် ဆိုခဲ့သည်။ ထို့ပြင် ယခုနှစ်မန်ယူအသင်း ရလဒ်ပိုင်းဆိုးရွားမှုသည်လည်း ၁၉၈၉ ခုနှစ်နောက်ပိုင်း ရာသီအစအဆိုးရွားဆုံးဖြစ်ခဲ့ပြီး အမှတ်ပေးဇယားတွင်လည်း အဆင့် ၁၀ တွင် ရပ်တည်လျက်ရှိသည်။

ငွေကြယ် - ရေးသားသည်

# နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ ရုန်းကန်ရမယ့် လာဇီယို

ရှိုင်းမင်းမင်း

## ၂၀၁၈-၁၉ စီးရီးအေရင်ခုန်သံ-၈

ဒီတစ်ပတ်စီးရီးအေမှာတော့ လာဇီယိုက ဖီအိုရင်တီးနားကို အိမ်ကွင်းမှာ ရင်ဆိုင်ရမှာဖြစ်ပြီး နာပိုလီကလည်းဆာစူအိုလိုကို အိမ်ကွင်းမှာ ရင်ဆိုင်ရမှာပါ။ ဒီနှစ်သင်းစလုံးဟာ ပွဲစဉ် ၇ မှာလည်း အရေးနိမ့်ခဲ့ကြရတာကြောင့် ဒီတစ်ပတ်မှာ နိုင်ပွဲပြန်လည်ရယူနိုင်မလားဆိုတာ စောင့်ကြည့်ရမယ်။

## တိုရီနို- ဖရိုစီနိုနီ | နံနက် ၁း၀၀၊ ၆-၁၀-၁၈

ဖရိုစီနိုနီခြေက အားနည်းမှုတွေ များနေပါတယ်။ လက်ရှိအချိန်အထိ နိုင်ပွဲရယူနိုင်ခြင်း မရှိသေးပါဘူး။ တိုက်စစ်ပိုင်းကလည်း အားနည်းလွန်းပြီး လက်ရှိအချိန်အထိ တစ်ဂိုးသာသွင်းနိုင်ပါတယ်။ ဒီပွဲမှာလည်း ဖရိုစီနိုနီတို့ နိုင်ပွဲရဖို့ အားစိုက်ကစားလာနိုင်ပေမယ့်လည်း အဝေးကွင်းဖြစ်နေပါတယ်။ တိုရီနိုက တိုက်စစ်ပိုင်းအနည်းငယ်အားနည်းပေမယ့် အိမ်ကွင်းအားနဲ့ ဖိအားပေးမှာ ဖြစ်သလို ခြေစွမ်းပိုင်းလည်း ပိုကောင်းပါတယ်။ တိုရီနိုပဲ အနိုင်ရမယ်။

## ကယ်ဂလီယာရီ - ဘိုလော့နာ | ည ၇း၃၀၊ ၉-၁၀-၁၈

ကယ်ဂလီယာရီ ခြေစွမ်းတောက်လျှောက် ကျဆင်းလာပြီး နောက်ဆုံးငါးပွဲဆက်တိုက် အနိုင်ပျောက်ဆုံးခဲ့ရကာ တိုက်စစ်ကလည်း ဂိုးသွင်းခြေအားနည်းနေပါတယ်။ ဒါပေမယ့် ဘိုလော့နာကလည်း အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်း သာမန်သာရှိတတ်သလို တိုက်စစ်ပိုင်း ကစားပုံလည်း အနည်းငယ်အားနည်းမှုရှိနေပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းမှာ ကယ်ဂလီယာရီတို့ အခွင့်အရေးရနိုင်ကာ အနိမ့်ဆုံး သရေလောက်ကစားနိုင်မှာပါ။

## အူဒီးနီးစ် - ဂျူဗင်တပ် | ည ၁၀း၃၀၊ ၆-၁၀-၁၈

ချန်ပီယံလိဂ် ကစားခဲ့ရတာကြောင့် ဂျူဗင်တပ် ပွဲပန်းနေနိုင်ပေမယ့် လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုရှိနေပါတယ်။ အူဒီးနီးစ်ကတော့ အိမ်ကွင်းပွဲကစားရမှာ ဖြစ်ပေမယ့် ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေတယ်။ အထူးသဖြင့် ဂျူဗင်တပ်ရဲ့တိုက်စစ်ကို ထိန်းချုပ်နိုင်လောက်တဲ့ ခံစစ်အားမျိုး အူဒီးနီးစ်မှာမရှိတာကြောင့် ဂျူဗင်တပ်တို့ အခက်မတွေ့နိုင်ပါဘူး။ အဝေးကွင်းဖြစ်ပေမယ့်လည်း ဂျူဗင်တပ်ကသာ နိုင်ပွဲရသွားမှာပါ။

## အမ်ပိုလီ - ရိုးမား | နံနက် ၁း၀၀၊ ၇-၁၀-၁၈

အခုနောက်ပိုင်းမှာ ရိုးမားခြေစွမ်းပိုင်းပြန်လည်တည်ငြိမ်လာပါတယ်။ ခံစစ်ပိုင်းက အနည်းငယ်အားနည်းနေသေးပေမယ့် တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေတည်ငြိမ်လာပါတယ်။ ချန်ပီယံလိဂ်ကစားခဲ့ရမှာဖြစ်လို့ ပွဲပန်းလာနိုင်ပေမယ့် အမ်ပိုလီကလည်း ခြေစွမ်းပိုင်းအားနည်းမှုတွေ ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ရိုးမားတို့ အဝေးကွင်းနိုင်ပွဲရသွားဖို့ရှိပါတယ်။

## ဂျီနိုအာ - ပါမား | ညနေ ၅း၀၀၊ ၇-၁၀-၁၈

ပါမားခြေစွမ်းမဆိုးဘူးလို့ဆိုနိုင်ပါတယ်။ နောက်ဆုံး လေးပွဲမှာ သုံးပွဲအထိ အနိုင်ရယူနိုင်ခဲ့ပြီး တစ်ပွဲသာအရေးနိမ့်ခဲ့ပါတယ်။ ဒီပွဲမှာလည်း ပါမားတို့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့် ဒီပွဲကအဝေးကွင်းဖြစ်နေပါတယ်။ ဂျီနိုအာကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေကာ နောက်ဆုံး လေးပွဲမှာ သုံးပွဲအထိ အနိုင်ရယူနိုင်ခဲ့တဲ့အပြင် အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာမှာပါ။ ပါမားသရေထက် ပိုရဖို့ခက်မယ်။

## အတ္တလန္တာ - ဆမ့်ဒိုးရီးယား | ည ၇း၃၀၊ ၇-၁၀-၁၈

ဒီရာသီမှာ အတ္တလန္တာရဲ့ ခြေကတစ်ပွဲနဲ့တစ်ပွဲ တည်ငြိမ်မှုမရှိပေမယ့် ဒီပွဲက အိမ်ကွင်းဖြစ်နေတာကိုတော့ သတိပြုရနိုင်တယ်။ လက်ရှိအချိန်မှာလည်း ဆမ့်ဒိုးရီးယားရဲ့ခြေကအကျဘက် ပြန်လည်ရောက်ရှိနေသလို ဆမ့်ဒိုးရီးယားက အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကျဆင်းတတ်တဲ့ အသင်းလည်းဖြစ်တယ်။ ဒါကြောင့် ဒီပွဲမှာ အတ္တလန္တာတို့ အခွင့်အရေးရနိုင်သလို အိမ်ကွင်းမှာ အနိမ့်ဆုံး သရေကစားနိုင်ဖို့ရှိနေပါတယ်။

## လာဇီယို - ဖီအိုရင်တီးနား | ည ၇း၃၀၊ ၇-၁၀-၁၈

လာဇီယိုတို့ ယူရိုပါလိဂ်ကြောင့် ပွဲပန်းမှုတွေ ရှိလာနိုင်ပေမယ့် ရိုးမားကို အရေးနိမ့်ခဲ့တာကြောင့် နိုင်ပွဲပြန်ရဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ ဒါပေမယ့် ဖီအိုရင်တီးနားကလည်း ခြေစွမ်းပိုင်းမဆိုးသလို ဥရောပပွဲတွေလည်း ကစားရဖို့မရှိတာကြောင့် လန်းဆန်းမှုအပြည့်နဲ့ ခြေကုန်ထုတ်လာရင် လာဇီယိုတို့ ကစားရခက်ခဲနိုင်ပါတယ်။ လာဇီယိုနိုင်ပွဲရဖို့ ရုန်းကန်ရနိုင်ကာ သရေလောက်ပဲ ကစားနိုင်ဖို့ရှိတယ်။

## မီလန် - ချီယေဗို | ည ၇း၃၀၊ ၇-၁၀-၁၈

အေစီမီလန်က ဆာစူအိုလိုကို ဂိုးပြတ်အနိုင်ရယူနိုင်ခဲ့ပြီး နိုင်ပွဲပြန်လည်ရရှိခဲ့ပေမယ့် ဒီပွဲမတိုင်ခင်မှာ ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေ ရှိလာနိုင်ပါတယ်။ ဒါပေမယ့်လည်း အိမ်ကွင်းဖြစ်နေတဲ့အပြင် ချီယေဗိုခြေကလည်း အားနည်းမှုတွေများနေလို့ မီလန်တို့ထင်သလောက်အခက်မတွေ့နိုင်ပါဘူး။ မီလန်ဂိုးမပြတ်ရင်တောင် နိုင်ပွဲတော့ရသွားမှာပါ။

## နာပိုလီ - ဆာစူအိုလို | ည ၁၀း၃၀၊ ၇-၁၀-၁၈

ချန်ပီယံလိဂ်ကြောင့် နာပိုလီတို့ ပွဲပန်းမှုတွေရှိနိုင်ပေမယ့်လည်း ဂျူဗင်တပ်ကို အရေးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်တယ်။ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ နာပိုလီရဲ့ တိုက်စစ်ကလည်း ဂိုးသွင်းခြေရနေတယ်။ ဆာစူအိုလိုကလည်း ခြေစွမ်းပိုင်းကောင်းနေပေမယ့် နာပိုလီကိုတော့ ထိန်းချုပ်နိုင်ဖို့အတွက် ခက်ခဲနိုင်တယ်။ မီလန်ကို ဂိုးပြတ်ရှုံးခဲ့လို့ ဆာစူအိုလို အားစိုက်ကစားလာမှာဖြစ်ပေမယ့် နာပိုလီပဲ နိုင်ပွဲရမယ်။

## SPAL - ပဲလေ့စ် | နံနက် ၁း၀၀၊ ၈-၁၀-၁၈

အင်တာက အခုနောက်ပိုင်းခြေစွမ်းပိုင်းပြန်လည်ကောင်းမွန် လာပါတယ်။ ဒါပေမယ့် ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်သလို အဝေးကွင်းလည်းဖြစ်နေပါတယ်။ ဒါပေမယ့် SPAL ကလည်း အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်းအရ ကျဆင်းနေပါတယ်။ SPAL တို့ အိမ်ကွင်းမှာ အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း နိုင်ပွဲရယူနိုင်ဖို့အတွက် အများမခံစတမ်းကစားလာမယ့် အင်တာကို ထိန်းချုပ်နိုင်ဖို့ ခက်ပါတယ်။ အင်တာကသာ အဝေးကွင်းမှာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုဖြစ်ပွား ၁၄ ဦး သေဆုံးပြီး ၄၃ ဦး ဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၂**

ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး၏ ဥတ္တရသီရိမြို့နယ် ပန်းတင်အမြန်လမ်းအပိုင်း မိုင်တိုင်အမှတ် ၂၂၉/၂ နှင့် ၂၂၉/၃ အကြားတွင် အောက်တိုဘာ ၁ ရက် ည ၁၁ နာရီခန့်က မန္တလေးဘက်မှ ရန်ကုန်သို့ ယာဉ်မောင်း ကျော်ငြိမ်းလှိုင် မောင်းနှင်လာသော ခရီးသည်တင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ရှေ့ကွန်ကရစ်လမ်းစပ်၌ စက်ချို့ယွင်း၍ အချက်ပြမီးဖွင့်ကာ ရပ်ထားသည့် ယာဉ်မောင်း မောင်လွင် အင်းစိန်မြို့နယ်နေသူ မောင်းနှင်လာသော ဘုရားဖူးယာဉ်၏ ဝဲဘက်အနောက်ပိုင်းအား ဝင်ရောက်တိုက်မိခဲ့ကြောင်း၊ ယာဉ်မောင်း ကျော်ငြိမ်းလှိုင်မှာ အခင်းဖြစ်ပွားရာနေရာမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် ဘုရားဖူးယာဉ်ပေါ်ပါသူများအနက် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ခြောက်ဦး ပေါင်း ၁၃ ဦးသေဆုံးခဲ့ပြီး သံဃာ တစ်ပါး၊ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၂၇ ဦး ပေါင်း ၃၉ ဦး ဒဏ်ရာရရှိခဲ့သည်။ ခရီးသည်တင်ယာဉ်ပေါ်ပါသူများအနက် အမျိုးသမီးတစ်ဦးသေဆုံးပြီး အမျိုးသားသုံးဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း လေးဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်ကြောင့် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၄ ဦး သေဆုံးကာ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၂၈ ဦးနှင့် သံဃာတော်တစ်ပါး ဒဏ်ရာရရှိ၍ ပေါင်း ၄၃ ဦး ဒဏ်ရာရရှိခဲ့သည်။



သို့ပါ၍ ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ကျော်ငြိမ်းလှိုင်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)၊ ဓာတ်ပုံ- အမြန်လမ်းရဲတပ်ဖွဲ့**

# ဒီမော့ဆိုမြို့နယ်တွင် ယာဉ်တိုက်မှု ဖြစ်ပွားရာ အမျိုးသမီးတစ်ဦး သေဆုံး

**ဒီမော့ဆို အောက်တိုဘာ ၂**

ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် ထူလွီးဘီလာကျေးရွာ လွိုင်ကော်-ဖရူဆိုသွား ပြည်ထောင်စုလမ်းမကြီးမိုင်တိုင်အမှတ် ၁၈၀/၄ နှင့် ၅ ကြားတွင် အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီခန့်က ယာဉ်တိုက်မှု ဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီခန့်တွင် မောင်တိုမားစို မောင်းနှင်လာသော အပြာရောင်ယာဉ်သည် ထူလွီးဘီလာကျေးရွာ လွိုင်ကော်-ဖရူဆိုသွား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၁၈၀/၄ နှင့် ၅ အရောက် လမ်း၏ ဝဲဘက်ရှိ သဲတောင်သို့ ရုတ်တရက် ချိုးကွေ့လိုက်ရာ နောက်မှလိုက်ပါလာသော မခင်မေထွေး မောင်းနှင်ပြီး မဖလော်ရင်းတို့ စီးနင်းလာသော ဆိုင်ကယ်က ဝင်ရောက်တိုက်မိကာ ဆိုင်ကယ်မောင်းနှင်သူ မခင်မေထွေးတွင် ယာဘက် လက်ခုံပွန်းပဲ့ဒဏ်ရာ၊ မြီးညောင်းရိုးနာကျင်ဒဏ်ရာ၊ ယာခြေသလုံးနာကျင်ဒဏ်ရာများရရှိ၍ မဖလော်ရင်းမှာ ဦးခေါင်းသွေးထွက်ဒဏ်ရာဖြင့် အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးသွားကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မော်တော်ယာဉ်မောင်းနှင်သူ မောင်တိုမားစို ဒီမော့ဆိုမြို့နယ် လိုပူကျေးရွာအုပ်စု လိုပူနယောလာကျေးရွာ နေထိုင်သူအား ဒီမော့ဆိုမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ရီရယ်(ဒီမော့ဆို)**

# သုံးခွမြို့နယ်အနီး မုတ္တမပင်လယ်ကွေ့တွင် သောင်တင်နေသောသင်္ဘော ရေဝင်၍ ပဲ့ပိုင်းနစ်မြုပ်



**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မုတ္တမပင်လယ်ကွေ့ သမစိတ္တကျေးရွာ ပင်လယ်ကမ်းစပ်မှ ရေမိုင်ခုနစ်မိုင်အကွာတွင် သောင်တင်နေသည့် အလျား ၁၇၇ ဒသမ ၃၅ မီတာ၊ အနံ ၂၇ ဒသမ ၉၁ မီတာ အလေးချိန် ၂၆၅၁၀ တန်ရှိ SAM RATULANGI -1600 အမည်ပါ ကုန်တင်သင်္ဘောမှာ ပင်လယ်ဒီရေအတက်နှင့် လေဖိအားကြောင့် ဦးပိုင်းတစ်ခုလုံးသောင်ပေါ်သို့ ရှေ့တိုးတင်သွားခဲ့ပြီး သင်္ဘောအတွင်းစိမ့်ဝင်နေသောရေများမှာ သင်္ဘော၏ပဲ့ပိုင်းသို့ ရောက်ရှိသွားကာ သင်္ဘောပဲ့ပိုင်းတစ်ခုလုံး အောက်တိုဘာ ၁ ရက် ညနေ ၅ နာရီခွဲတွင် နစ်မြုပ်သွားကြောင်း သိရသည်။

သင်္ဘောကြီးပေါ်တွင် အနီးကပ်စောင့်ကြပ်ကြည့်ရှုနေသော ဦးသူရရှိန်နှင့် ဦးချစ်ကိုတို့နှစ်ဦးမှာ ပျံလွှားမောင်ချွန်း သင်္ဘောပေါ်ရှိ ဦးရဲမြင့်ပါ ငါးဦးနှင့်အတူ ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

# ဘားအံအကျဉ်းထောင်မှထွက်ပြေးသွားသည့် ထောင်ပြေးတစ်ဦး ထပ်မံဖမ်းဆီးရမိ

**ဘားအံ အောက်တိုဘာ ၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံအကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်သွားသော အကျဉ်းသားများအနက် မူးယစ်ဆေးဝါးနှင့်လက်နက်ခဲယမ်းများနှင့်ဖမ်းဆီးရမိ၍ ဘားအံခရိုင်တရားရုံးတွင် မူး/စိတ်ပုဒ်မ ၁၆(ဂ) ၂၂(ခ)ဖြင့် တရားရုံးစစ်ဆေးဆဲဖြစ်သော စောပလေ့ ၅၀ နှစ် (ထောင်ဝင်အမှတ် ဘအ/၁၈/၀၀၃၆၂/ချုပ်)ကို အောက်တိုဘာ၂ ရက် နံနက်ပိုင်းက ဘားအံမြို့နယ် ကော့ကဒါကျေးရွာအုပ်စု ကော့ကမာကျေးရွာတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁ ရက် ည ၁၀ နာရီခန့်တွင် ဘားအံမြို့နယ် ကော့ကမာကျေးရွာသို့ ဘားအံအကျဉ်းထောင်မှထွက်ပြေးသည့် ထောင်ပြေးဖြစ်သူ စောပလေ့ ရောက်ရှိလာကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ အိန္ဒူနယ်မြေရဲစခန်းမှူး ရဲအုပ်မင်းအောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ကော့ကဒါကျေးရွာအုပ်ချုပ်ရေးမှူး ဦးအုန်းမောင်နှင့်ကျေးရွာပြည်သူ့စစ်အဖွဲ့နှင့်အတူ သွားရောက်၍ ထောင်ပြေးစောပလေ့အား ဖမ်းဆီးရမိရေး ၎င်း၏ နေအိမ်ပတ်ဝန်းကျင်အား စနစ်တကျပိတ်ဆို့စောင့်ဆိုင်းပြီး အောက်တိုဘာ ၂ ရက် နံနက် ၂ နာရီခွဲခန့်တွင် နေအိမ်အား ဝင်ရောက်စီးနင်းဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဘားအံအကျဉ်းထောင်မှ ထွက်ပြေးသည့် အကျဉ်းသား ၄၂ ဦးအနက် ၂၆ ဦးကို ပြန်လည်ဖမ်းဆီးရမိသဖြင့် ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်သော အကျဉ်းသား ၁၆ ဦးကို ဖမ်းဆီးရမိရေးအတွက်



ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုး ဦးစီး၍ နယ်မြေခံတပ်မတော်သားများ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးရယူထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**မင်းသူ(ဘားအံ)**

# ရထားဖြင့် လိုက်ပါလာသည့် စက်ပြင်ဆရာ ဝမ်းတွင်းမြို့နယ်အရောက် ပြုတ်ကျသေဆုံး

**မိတ္ထီလာ အောက်တိုဘာ ၂**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ဆည်ရွာကျေးရွာအနီး၌ မီးရထားပေါ်တွင် စက်ပြင်အဖြစ်လိုက်ပါသည့် အမျိုးသားတစ်ဦး စက်တင်ဘာ ၃၀ ရက် ည ၈ နာရီခန့်က ရထားပေါ်မှ ပြုတ်ကျသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝမ်းတွင်းမြို့နယ် ဆည်ရွာကျေးရွာအနီး ရန်ကုန်-မန္တလေး မီးရထားလမ်း မိုင်တိုင်အမှတ် ၃၂၄/၁၈ နှင့် ၃၂၄/၁၉ ကြားတွင် အမျိုးသားတစ်ဦး မီးရထားပေါ်မှ ပြုတ်ကျသေဆုံးနေကြောင်းသတင်းအရ ဝမ်းတွင်းမြို့နယ်ရဲစခန်း၌ ခေတ္တစခန်းမှူးဒုရဲအုပ် ဝင်းဇေယျာဦးနှင့် တပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဦးအောင်ကျော်ဆန်းဖြစ်ပြီး ၎င်းမှာ မြို့ဟောင်း-သာစည် မီးရထားစက်ခေါင်းအမှတ် DF-1267 အစုန်လူစီးလော်ကယ်မီးရထားပေါ်တွင် စက်ပြင်အဖြစ် စီးနင်းလိုက်ပါလာခဲ့သည်။ ထိုသို့ မီးရထားပေါ် စီးနင်းလိုက်ပါလာခဲ့ရာမှ ၎င်းသည် အရက်သောက်စားမူးယစ်နေပြီး မီးရထားတစ်တွဲမှ တစ်တွဲသို့ ကူးပြောင်းစဉ် မီးရထားပေါ်မှ ပြုတ်ကျခဲ့သဖြင့် ဦးခေါင်း၊ နားနှင့် နောက်ကျောတို့တွင် ဒဏ်ရာများရရှိခဲ့ပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် ဝမ်းတွင်းမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ပေါင်မြို့နယ်၌ အမျိုးသားတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ပေါင် အောက်တိုဘာ ၂**

သထုံခရိုင် ပေါင်မြို့နယ် မော့်ဘီကျေးရွာတွင် အောက်တိုဘာ ၁ရက် ညနေပိုင်းက စိတ်ကြွရူးသွပ်ဆေးပြားများ သုံးစွဲရောင်းချရန်အတွက် လက်ဝယ်ထားရှိသူအား စစ်ဆေးတွေ့ရှိခဲ့ကြောင်းသိရသည်။

မွန်ပြည်နယ်မှုခင်းအကူဌာနစုမှ ဒုရဲအုပ်ဇေယျာသိန်း၊ မုတ္တမနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါး သတင်းအရ အောက်တိုဘာ ၁ ရက် ညနေ ၄ နာရီခွဲခန့်တွင် ပေါင်မြို့နယ် မော့်ဘီကျေးရွာ သုသာန်ဇရပ်ရှေ့ လမ်းမပေါ်တွင် ဆိုင်ကယ်စီးနင်းလာသော ရဲထက်အောင်(ခ)ဘာဘူ ၁၈ နှစ် မော့်ဘီကျေးရွာမြောက်ပိုင်း ပေါင်မြို့နယ်နေသူအား ရပ်တန့်စစ်ဆေးရာ ၎င်း၏ ယာဘက်လက်အတွင်းမှ အမည်းရောင်ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၈၈ ပြား၊ အစိမ်းရောင်နှစ်ပြား စုစုပေါင်း ၁၉၀ နှင့် ဆင်းကတ်ပါ KENBO အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ နံပါတ်မပါ HONDA WAVE -100 အမျိုးအစားဆိုင်ကယ်တစ်စီးတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

ယင်းနောက် ရဲထက်အောင်(ခ)ဘာဘူအားမေးမြန်းရာ ၎င်းသည် လင်းသက်စိုး ၃၅ နှစ် မော့်ဘီကျေးရွာမြောက်ပိုင်း ပေါင်မြို့နယ်နေသူထံမှ စိတ်ကြွရူးသွပ်ဆေးပြားများအား တစ်ပြားလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် ပြန်လည်ရောင်းချရန် ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် စိတ်ကြွရူးသွပ်ဆေးပြားများ သုံးစွဲရောင်းချရန် လက်ဝယ်တွေ့ရှိသူ ရဲထက်အောင်(ခ)ဘာဘူနှင့် လင်းသက်စိုးတို့အား မုတ္တမနယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုဟိန်း(ပေါင်)**

## မြန်မာ့ရုပ်မြင်သံကြား

**၃-၁၀-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၈း၃၅ စီးပွားရေးစကားဝိုင်း "နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုတွင် အရင်းအနှီးဈေးကွက်၏ အခန်းကဏ္ဍ" (အပိုင်း-၂)
- ၁၀း၄၀ ပြည်သူ့နီတိ"အကြွေး"
- ၁၁း၂၀ သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "မော်ကျောက်စာ" (မြင့်မြတ်၊ ဖြိုးငွေစိုး၊ သူထူးစံ၊ ထွန်းထွန်း၊ ရွှေမှုံရတီ၊ မေမြင့်မိုရ်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
- ၁၁း၃၅ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်

**ညပိုင်း**

- ၁၆း၂၀ "၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ" (သင်္ချာဘာသာရပ်)
- ၁၆း၄၀ "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၇၈)
- ၁၇း၀၅ အနုပညာခန်းရိပ်သာ " မန္တလေးသိန်းဇော်နှင့်တွေ့ဆုံခြင်း"
- ၁၇း၂၅ သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "တည်ကြက်" [နေတိုး၊ နေမျိုးအောင်၊ သင်ဇာဝင့်ကျော်၊ ရွှေသမီး၊ ယဉ်လတ်၊ နန်းခင်ဇေယျာ၊ မေမြတ်နိုး၊ ချောကလျာ၊ ကြည်ဖြူရှင်းသန့် (ဒါရိုက်တာ- စတီး(လ်) ဒွေးမေတ္တာ)]
- ၁၇း၃၅ MRTV Travelogue
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ "ဇီဝမျိုးတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းကြစို့"
  "Badminton Asia U-17&U-15 Junior Championship 2018 ပြိုင်ပွဲအစီအစဉ်"
  "-စမ်းချောင်းဆစ်ကွန့်၊ ဆစ်ကွန့်စမ်းချောင်း" (အပိုင်း-၁၁)"Online ပေါ်မှာ ချေ့ကြကွယ်" (မျိုးသန္တာထွန်း၊ မေသဥ္ဇာဦး၊ သန်းသန်းစိုး၊ ဇော်ဝင်းနိုင်၊ ညီနိုင်း၊ ဇေယျာထွန်းပိုင်၊ ရွှေဖူးသစ်၊ နန့်အင်ကြင်းမာန်) (ဒါရိုက်တာ-ရှင်ဒေဝီ)
  ဂီတသမား၊ ဂီတစကား "သဝန်ကြောင်သီချင်း(၂)ပုဒ်" (ဂီတစာဆို- ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
  နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခု အချစ်တစ်ခု" (အပိုင်း-၂၇)
  -အစီအစဉ်ပြီး၏။

# ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

## အခန်း(၄)
## ရေနံလုပ်ကွက်သတ်မှတ်ခြင်း

၆။ ဝန်ကြီးဌာနသည် ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသတို့တွင် ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည့် ရေနံလုပ်ကွက်များကို ဗဟိုကော်မတီ၏ သဘောတူညီချက်ရယူ၍ နယ်နိမိတ်ပိုင်းခြားသတ်မှတ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်သည်။

၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ ရေနံလုပ်ကွက်သတ်မှတ်ကြေညာရာတွင် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် နိုင်ငံတော်ကသာ လုပ်ကိုင်မည့် ရေနံလုပ်ကွက်ကိုလည်းကောင်း၊ ရေနံသယံဇာတ စဉ်ဆက်မပြတ် ထုတ်ယူအသုံးပြုနိုင်ရေးအတွက် သီးသန့်ချန်လှပ်ထားရမည့် ရေနံလုပ်ကွက်များ (Reserved Blocks) ကိုလည်းကောင်း သီးခြားထည့်သွင်း သတ်မှတ်နိုင်သည်။

၈။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၆ အရ ကုန်းတွင်းပိုင်းဒေသတွင် ရေနံလုပ်ကွက်သတ်မှတ်ကြေညာခြင်းမပြုမီ မည်သည့်နယ်မြေဒေသကို သတ်မှတ်ကြေညာရန် ရည်ရွယ်ကြောင်း အများပြည်သူသိရှိရန် သတ်မှတ်ချက်များနှင့်အညီ ကြေညာရမည်။

(ခ) ရေနံလုပ်ကွက် သတ်မှတ်ကြေညာရာတွင် သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေး၍ သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို စိစစ်ဆောင်ရွက်ပေးနိုင်ရန်နှင့် ရေနံလုပ်ကွက်နယ်နိမိတ်တိုင်းတာသတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ကျွမ်းကျင်သူများပါဝင်သည့် စုံစမ်းစစ်ဆေးရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးရမည်။

(ဂ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေတွင် ပုဒ်မ ၆ အရ ရေနံလုပ်ကွက်သတ်မှတ်လိုပါက ယင်းသို့ သတ်မှတ်ခြင်းမပြုမီ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) ရေနံလုပ်ကွက်အတွင်း ပုဂ္ဂိုလ်တစ်ဦးဦးဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေတွင် ရေနံလုပ်ငန်းဆောင်ရွက်လိုပါက မြေအသုံးချနိုင်ရေးအတွက် တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ သတ်မှတ်ကြေညာထားသော ရေနံလုပ်ကွက်ကိုဖြစ်စေ၊ ရေနံလုပ်ကွက်တစ်ခု၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဗဟိုကော်မတီ၏ သဘောတူညီချက်ရယူ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း(၅)
## ဝန်ကြီးဌာန၏ ရေနံလုပ်ငန်းဆိုင်ရာတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၀။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စွမ်းအင်သယံဇာတအရင်းအမြစ်ဆိုင်ရာ ကောင်းမွန်သောစီမံခန့်ခွဲမှုကို အကောင်အထည်ဖော်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် စီမံဆောင်ရွက်ခြင်း၊

(ခ) ရေနံလုပ်ငန်းဆောင်ရွက်လိုသူ အရည်အချင်းပြည့်မီသော ကုမ္ပဏီ၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၏လျှောက်ထားလာမှုများအပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ခြင်း၊

(ဂ) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက လုပ်ကိုင်သော ရေနံလုပ်ငန်းများကိုလည်းကောင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကုမ္ပဏီ၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်တို့ ပူးပေါင်းလုပ်ကိုင်သော ရေနံလုပ်ငန်းများကိုလည်းကောင်း စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ခြင်း၊

(ဃ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ ရေနံလုပ်ငန်းဆောင်ရွက်မှုကို ချောမွေ့စေရန် လိုအပ်သောလုပ်ကိုင်ခွင့်နှင့် ရေနံလုပ်ငန်း၏စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးခြင်း၊

(င) တည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း၊ သက်ဆိုင်ရာ လုပ်ကိုင်ခွင့်ပြုသည့် ပဋိညာဉ်စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်အရလည်းကောင်း ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရသူ၏ အခွန်ဆိုင်ရာကိစ္စရပ်များအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူက ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်သက်တမ်းကို တိုးမြှင့်ပေးရန်၊ ပြင်ဆင်ပေးရန် သို့မဟုတ် ရပ်စဲပေးရန် လျှောက်ထားချက်ကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဆ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူက လုပ်ငန်းတွင်ၡင်းပါဝင်သည့် အစုရှယ်ယာ၊ တာဝန်နှင့်အခွင့်အရေး သို့မဟုတ် အကျိုးစီးပွား၏ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ အားလုံးကို ဖြစ်စေ အဖွဲ့အစည်းတစ်ရပ်ရပ်သို့ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းတို့ပြုလုပ်လိုကြောင်း လျှောက်ထားလာပါက တည်ဆဲဥပဒေများ၊ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ စိစစ်၍ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဇ) ဤဥပဒေပါ လုပ်ငန်းဆောင်ရွက်ချက်များမှ ရရှိလာသည့် သတင်းအချက်အလက်များအနက်မှ ပြည်သူလူထု သိသင့်သိထိုက်သော သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် ပြည်သူလူထုသို့ အသိပေးခြင်းနှင့် ပညာပေးလုပ်ငန်းများ အခါအားလျော်စွာဆောင်ရွက်ခြင်း၊

(ဈ) ရေနံလုပ်ငန်းများ၌ လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် ကြိုတင်ကာကွယ်မှုများကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ရေနံလုပ်ငန်းများအတွက် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ခြင်း။

၁၁။ ဝန်ကြီးဌာန၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူအား ရေနံလုပ်ငန်းနှင့်သက်ဆိုင်သည့် လိုအပ်သောအထောက်အထားများ၊ အချက်အလက်များကို တင်ပြစေခြင်း၊

(ခ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများ၊ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စိစစ်ခြင်းနှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(ဂ) ရေနံလုပ်ငန်းများ ဆောင်ရွက်ရာတွင်အသုံးပြုသည့် မတည်ရင်းနှီးပစ္စည်းများ (Physical Assests) နှင့် ယင်းလုပ်ငန်းမှ စုဆောင်းရရှိသော အချက်အလက်မူရင်းများနှင့် ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ခန့်မှန်းတွက်ချက်မှုများ၊ မြေသား၊ ရေနံ၊ ဓာတုပစ္စည်းစသည့်နမူနာများ၊ သတင်းများနှင့် အစီရင်ခံစာများကို ပဋိညာဉ်စာချုပ်နှင့်အညီ ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရသူထံမှ ရယူပိုင်ဆိုင်ခွင့်ရှိခြင်း၊

(ဃ) ရေနံလုပ်ငန်းများဆောင်ရွက်လျက်ရှိသော လုပ်ငန်းတည်နေရာ၊ ဆက်စပ်နေရာများနှင့် ရေနံလုပ်ကွက်အတွင်းသို့ အချိန်မရွေး ကွင်းဆင်းစစ်ဆေးခြင်း၊ လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ မှတ်တမ်းများ၊ စာရင်းစာအုပ်များကို စစ်ဆေးခြင်း၊

(င) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင် လုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်သည့် မူဝါဒ၊ အရေးပေါ်ဆောင်ရွက်မည့် အစီအစဉ်များကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ထားမှု ရှိ-မရှိ ဝင်ရောက်စစ်ဆေးခြင်း၊

(စ) ရေနံလုပ်ငန်းများတွင် သတ်မှတ်ထားသည့် အစုရှယ်ယာအချိုးအစား၊ တာဝန်နှင့် အခွင့်အရေး၊ အကျိုးစီးပွားတို့ကို ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဆ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူအား လူမှုရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့အတွက် လိုအပ်သောထိခိုက်မှု လေ့လာဆန်းစစ်ခြင်းများကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်စေခြင်း၊

(ဇ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူက ရေနံလုပ်ငန်းနှင့်စပ်ဆိုင်သည့် ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်အရ လုပ်ကိုင်ခွင့်ရရှိသည့် ရေနံလုပ်ငန်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ အစုရှယ်ယာ၊ တာဝန်နှင့်အခွင့်အရေး သို့မဟုတ် အကျိုးစီးပွားတစ်ရပ်ရပ်ကိုသော်လည်းကောင်း လွှဲပြောင်းသည့်အခါ ဦးစားပေး လွှဲပြောင်းရယူခွင့်ရှိခြင်း၊

(ဈ) ထုတ်လုပ်သည့်ရေနံအား ပြည်တွင်းသုံး လိုအပ်ချက်ပြည့်မီစေရေးအတွက် ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူထံမှ ဦးစားပေးဝယ်ယူခွင့်ရရှိခြင်း၊

(ည) ရေနံလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အလုပ်သမားများနှင့်စပ်လျဉ်းသည့် လုပ်ငန်းခွင်ဆိုင်ရာ စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဋ) နိုင်ငံတော်အစိုးရက အများပြည်သူအကျိုးစီးပွားအလို့ငှာ လိုအပ်ပါက ခွင့်ပြုထားသော ရေနံလုပ်ကွက်မြေဧရိယာ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ တည်ဆဲမြေသိမ်းဥပဒေနှင့်အညီ သိမ်းယူပြီး လွှဲပြောင်းပေးခြင်း၊

(ဌ) ရေနံလုပ်ငန်းများဆောင်ရွက်ရာမှ ရရှိသောအချက်အလက်များ၊ သတင်းများကို တင်းကျပ်စွာ လျှို့ဝှက်ထိန်းသိမ်းလျက် သုံးစွဲနိုင်ခွင့်ရှိခြင်း၊

(ဍ) ရေနံလုပ်ငန်းများနှင့်ဆက်စပ်သော သီးခြားဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အခကြေးငွေ စည်းကြပ်နိုင်ခြင်း။

## အခန်း(၆)
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်

၁၂။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ သတ်မှတ်ကြေညာထားသော ရေနံလုပ်ကွက်များအနက်မှ ပုဒ်မ ၇ အရ နိုင်ငံတော်၏အကျိုးစီးပွားအတွက် နိုင်ငံတော်ကသာ လုပ်ကိုင်ရန်သတ်မှတ်ထားသည့် ရေနံလုပ်ကွက်ကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအား ရေနံလုပ်ငန်းတစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်ရန်ခွင့်ပြုနိုင်သည်။

၁၃။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် -

(က) ဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရန် ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်နှင့် ပူးပေါင်း၍သော်လည်းကောင်း၊ ကိုယ်တိုင်သော်လည်းကောင်း လုပ်ကိုင်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရာတွင် ဤဥပဒေအရ ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်ရယူခြင်းတို့မှ ကင်းလွတ်ခွင့်ရရှိစေရမည်။

၁၄။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသတို့တွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို ပူးပေါင်းဆောင်ရွက်သည့် အောက်ဖော်ပြပါ စီးပွားရေးစနစ်တစ်မျိုးမျိုးဖြင့် လုပ်ကိုင်ရန် ဤဥပဒေအရ ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်တို့ရယူ၍ နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုပြီး ဆောင်ရွက်နိုင်သည် -

(က) ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးအခြေခံဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့်စနစ်ဖြင့် လုပ်ကိုင်ခြင်း၊

(ခ) အစုရှယ်ယာထည့်ဝင်၍ ဖက်စပ်လုပ်ကိုင်ခြင်း၊

(ဂ) အခြားပူးပေါင်းလုပ်ကိုင်သည့် စနစ်တစ်မျိုးမျိုးဖြင့်လုပ်ကိုင်ခြင်း၊

(ဃ) အကျိုးအမြတ်ပေါ်တွင် ခွဲဝေခံစားရေးစနစ် (Profit Sharing) ဖြင့် လုပ်ကိုင်ခြင်း။

## အခန်း(၇)
## ရေနံလုပ်ငန်းကိုပုဂ္ဂလိကကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်နှင့်ပူးပေါင်းလုပ်ကိုင်ရန် အသိပေးဖိတ်ခေါ်ခြင်း

၁၅။ ဝန်ကြီးဌာနသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို နိုင်ငံတော်ကိုယ်စား မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တစ်နည်းနည်းဖြင့် ပူးပေါင်းလုပ်ကိုင်ရေးအတွက် ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူကို ရွေးချယ်ရာတွင် -

(က) တစ်ဦးတစ်ယောက်ကဖြစ်စေ၊ ကုမ္ပဏီ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ လက်ဝါးကြီးအုပ်ရယူခြင်းနှင့် ဈေးကစားခြင်းများ မရှိစေရေး၊ တရားမျှတစွာ ယှဉ်ပြိုင်နိုင်ရေး၊ ပွင့်လင်းမြင်သာမှုရှိစေရေး၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိစေရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးရှိစေရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်ရမည်။

(ခ) သတ်မှတ်ချက်များနှင့်အညီ တင်ဒါကော်မတီနှင့် အခြားလိုအပ်သော ကော်မတီများဖွဲ့စည်း၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အများပြည်သူတို့အား ဖိတ်ခေါ်ပြီး ပွင့်လင်းမြင်သာစွာ စိစစ်ရွေးချယ်ရမည်။

၁၆။ ဝန်ကြီးဌာနသည် ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို နိုင်ငံတော်ကိုယ်စား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တစ်နည်းနည်းဖြင့် ပူးပေါင်းလုပ်ကိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါဖြင့် အများပြည်သူတို့အား ဖိတ်ခေါ်ရာတွင် ရေနံ၊ သယံဇာတအမျိုးအစားနှင့် ရေနံလုပ်ကွက်အလိုက်ဖော်ပြရာ၌ အခြားလိုအပ်သောအချက်များအပြင် အောက်ပါတို့ ပါရှိစေရမည် -

(က) ပူးပေါင်းလုပ်ကိုင်မည့် ရေနံလုပ်ကွက် အမည်၊ အမှတ်အသား၊ တည်နေရာ၊ လတ္တီတွဒ်၊ လောင်ဂျီတွဒ်၊

(ခ) တစ်နည်းနည်းဖြင့် ပူးပေါင်းလုပ်ကိုင်မည့်စနစ် [ဖက်စပ်စနစ် (JV)၊ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစနစ် (PSC)၊ အကျိုးအမြတ်ပေါ်တွင် ခွဲဝေခံစားရေးစနစ် (Profit Sharing)]၊

(ဂ) အဆိုပြုသူက တင်ပြအဆိုပြုရမည့်အချက်များမှာ -

(၁) မတည်ရင်းနှီးမည့် ငွေကြေးပမာဏနှင့်စပ်လျဉ်း၍ ငွေကြေးခိုင်မာမှုရှိကြောင်း အထောက်အထားများ (Financial Statements)၊

(၂) ကုမ္ပဏီ၊ အဖွဲ့အစည်းဖြစ်ပါက သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း သို့မဟုတ် ဖွဲ့စည်းပုံစည်းမျဉ်းမိတ္တူ၊

(၃) နည်းပညာနှင့် ကျွမ်းကျင်သူပညာရှင်များ ပြည့်စုံစွာရှိကြောင်း အထောက်အထားများ၊

(၄) မည်သည့်နိုင်ငံ၏ ရေနံလုပ်ကွက်တွင် ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်း လုပ်ငန်းများလုပ်ခဲ့သည့် အတွေ့အကြုံအထောက်အထား၊

(၅) နိုင်ငံတော်၏ ဘဏ္ဍာငွေသို့ ထည့်ဝင်ထောက်ပံ့မည့် ငွေကြေးပမာဏနှင့် အချိုးအစား၊

(၆) ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းပြုမည့် လုပ်ငန်းစီမံချက် (Work Plan)၊

(၇) ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်ထုတ်ပေးသည့်အခါ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ချက်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်ပြုလုပ်ရမည့်ကိစ္စ။

**(ဆက်လက်ဖော်ပြပါမည်)**



## မန္တလေးတိုင်းဒေသကြီးတွင် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ကျင်းပ

**မန္တလေး အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ဦးစီးကျင်းပသော အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဂါရဝပြုစကားပြောကြားပြီး သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီနာယကနှင့် အဖွဲ့ဝင်များက ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က အခမ်းအနားမတက်ရောက်နိုင်သော သက်ကြီးဘိုးဘွားများအတွက် ထောက်ပံ့ငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီနာယက ဒေါက်တာယုယုမေနှင့် ကော်မတီဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ မန္တလေးခရိုင် ခုနစ်မြို့နယ်မှ အသက် ၉၅ နှစ်နှင့်အထက် ဘိုးဘွားများ တက်ရောက်ကြသည်။

မန္တလေးခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ အသက် ၉၅ နှစ်အထက် ဘိုးဘွား ၃၈၉ ဦးအား တစ်ဦးလျှင်ငွေကျပ် ၂၆၀၀၀ နှုန်း ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## မကွေးမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

**မကွေး အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် (၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အထက ၁ လမ်းရှိ မြို့တော်ခန်းမ၌ ယမန်နေ့နံနက် ၉ နာရီက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့ မိန့်ခွန်းပြောကြားပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်ဇော်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးထံမှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်ဇော်တို့က မှုခင်းများ စွမ်းစွမ်းတမံ ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့သည့် တိုင်းဒေသကြီးအတွင်းရှိ ရဲတပ်ဖွဲ့ဝင်များ၊ အမှုများဖော်ထုတ်ရာတွင် စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးခဲ့သည့်ပြည်သူ့စစ်၊ ရာအိမ်မှူး၊ မီးသတ်တပ်စုမှူးနှင့် တာဝန်သိပြည်သူများအား ဆုများချီးမြှင့်ခဲ့သည်။



ငင်းနောက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးခင်ဇော်၏ဇနီး ဒေါ်ရီရီမြင့်က ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော တိုင်းဒေသကြီးအတွင်းရှိ ရဲတပ်ဖွဲ့ဝင် မိသားစုများ၏ သားသမီးများအား ဆုများချီးမြှင့်ခဲ့သည်။ ဆုရရှိသူ ရဲဝန်ထမ်းနှင့်တက္ကသိုလ်ဝင်တန်း အောင်မြင်သူ စုစုပေါင်း ၆၁ ဦးကို ဆုများချီးမြှင့်ခဲ့ကာ ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဗီဒီယိုဖြင့် ပြသခဲ့ကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

## တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတက်ရောက်

**ထားဝယ် အောက်တိုဘာ ၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ထားဝယ်မြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ရဲတပ်ဖွဲ့ကို ပြည်သူနှင့်တစ်သားတည်းရှိစေရန် ရည်ရွယ်လျက် ပြည်သူ့ရဲတပ်ဖွဲ့ဟုအမည်ပြောင်းပြီး ၁၉၉၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဟု ပြောင်းလဲခေါ်ဆိုခဲ့ကာ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲတိုးတက်စေရန်အတွက် ရည်မှန်းချက်များချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက် အလုပ်အကျွေးပြုကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ဒေါက်တာလဲ့လဲ့မော်နှင့် ဝန်ကြီးများ၊ ရဲမှူးကြီးခင်မောင်အေးနှင့် တာဝန်ရှိသူများက မှုခင်းများတွင် စွမ်းစွမ်းတမံ ကြိုးစားဖော်ထုတ်သည့် ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူများအား ဆုများအသီးသီးချီးမြှင့်ခဲ့ကြသည်။ **ဖိုးရွှေသွန်း (ထားဝယ်)**

## မင်းတုန်းမြို့မဈေး၌ ပလတ်စတစ်အစားထိုး ထုပ်ပိုးမှုဆိုင်ရာ အသိပညာပေး

**မင်းတုန်း အောက်တိုဘာ ၂**

ပလတ်စတစ်ထုပ်ပိုးသုံးစွဲမှုနေရာတွင် စက္ကူနှင့် အခြားဘေးမဖြစ်စေသည့် ထုပ်ပိုးမှုပုံစံများသို့ ပြောင်းလဲသုံးစွဲနိုင်ရေးအတွက် ဈေးသူ၊ ဈေးသားများအား အသိပညာပေးမှုများကို မင်းတုန်းမြို့ အမှတ်(၄)ရပ်ကွက်ရှိ မြို့မဈေးအတွင်း၌ အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက လုပ်ဆောင်ခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

"ပလတ်စတစ်ကြွပ်ကြွပ်အိတ်တွေဟာဆိုရင် နှစ်ပေါင်း ၅၀၀ ကနေ ၁၀၀၀ ထိအောင် မပျက်စီးဘဲ သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်တွေကို ထိခိုက်စေတဲ့အပြင် ပူနေတဲ့အစားအစာတွေကို ထုပ်ပိုးတဲ့အခါမှာလည်း ကင်ဆာနဲ့ အခြားရောဂါတွေကိုလည်း ဖြစ်ပွားစေနိုင်ပါတယ်။ ပူနွေးတဲ့အစာတွေကို ထည့်တဲ့နေရာမှာ မတ်ခွက်၊ ဖန်ခွက်၊ လက်ဆွဲချိုင့်တွေနဲ့ ထည့်ကြဖို့၊ အသားငါးနဲ့ အခြားစားသောက်ကုန်တွေ ထုပ်ပိုးတဲ့အခါမှာလည်း ပလတ်စတစ်အိတ်တွေအစား မြေဩဇာလည်းဖြစ် ပျက်စီးလွယ်တဲ့ စက္ကူနဲ့ဖက်ရွက်တွေကို သုံးကြဖို့ ဟောပြောဆွေးနွေးဖြစ်ကြပါတယ်" ဟု မင်းတုန်းမြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးသိန်းဝင်းက ပြောသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု၊ မင်းတုန်းမြို့မဈေးအတွင်းရှိ ဈေးသူ၊ ဈေးသားများ၊ အိမ်ဆိုင်များနှင့် ကွမ်းယာဆိုင်များမှ ဈေးရောင်းချသူများ တက်ရောက်ခဲ့ကြသည်။ **ဇေယျာတု(မကွေး)**

## စက်တင်ဘာလအတွက် အကောင်းဆုံးဆုဦးမျိုးမင်းထွန်း(ရန်ကုန်)နှင့် သန်းထက်အောင် (ဖွဲ့ကပင်) တို့ရရှိ



အကောင်းဆုံးနည်းပြဆုရ ဦးမျိုးမင်းထွန်း (ရန်ကုန်)

မြန်မာနေရှင်နယ်လိဂ် (MNL) ကော်မတီက ချီးမြှင့်သည့် စက်တင်ဘာလအတွက် တစ်လတာအကောင်းဆုံးနည်းပြဆုကို ဦးမျိုးမင်းထွန်း (ရန်ကုန်)၊ ကစားသမားဆုကို သန်းထက်အောင် (ဖွဲ့ကပင်) တို့က ရရှိခဲ့ကြသည်။ ယင်းဆုများကို ရန်ကုန်နှင့် ဟံသာဝတီအသင်းတို့၏ နှုတ်ထွက် ဗိုလ်လုပွဲမတိုင်မီ စက်တင်ဘာ ၃၀ ရက်က ချီးမြှင့်ခဲ့သည်။

ရန်ကုန်အသင်းသည် စက်တင်ဘာလတွင် ယှဉ်ပြိုင်ခဲ့သည့် နှစ်ပွဲစလုံးအနိုင်ရခဲ့ပြီး ချန်ပီယံဆုရရှိခဲ့သောကြောင့် ဦးမျိုးမင်းထွန်းသည် အကောင်းဆုံးနည်းပြဆုရရှိခဲ့ခြင်းဖြစ်သည်။

သန်းထက်အောင်မှာလည်း အမှတ်ပေးပြိုင်ပွဲ တတိယဆုရရှိခဲ့သည့် ဖွဲ့ကပင်အသင်းတွင် ခြေစွမ်းပြခဲ့ပြီး အရေးပါသည့်ဂိုးများ သွင်းယူနိုင်သောကြောင့် တစ်လတာ အကောင်းဆုံးကစားသမားဆုရရှိခဲ့ခြင်းဖြစ်သည်။ အကောင်းဆုံး နည်းပြဆုကို ကျပ် ၁၀၀၀၀၀၊ အကောင်းဆုံးကစားသမားဆုကို ကျပ် ၁၅၀၀၀၀ ချီးမြှင့်ခဲ့သည်။

လအလိုက်အကောင်းဆုံး ဆုများကို ယခုရာသီတွင် ပြန်လည်ချီးမြှင့်ခြင်းဖြစ်ပြီး ဇန်နဝါရီလအတွက် အကောင်းဆုံးနည်းပြဆုကို ဦးအောင်ကျော်မိုး (ရတနာပုံ)၊ ကစားသမားဆုကို စည်သူအောင် (ရတနာပုံ)၊ ဖေဖော်ဝါရီလအတွက် အကောင်းဆုံးနည်းပြဆုကို ဦးမျိုးမင်းထွန်း (ရန်ကုန်)၊ ကစားသမားဆုကို မောင်မောင်လွင် (ရန်ကုန်)၊ မတ်လနှင့် ဧပြီလအတွက် အကောင်းဆုံးနည်းပြဆုကို ဦးအောင်ဇော်မျိုး (မကွေး)၊ ကစားသမားဆုကို သန်းထက်အောင် (ဖွဲ့ကပင်)၊ မေလနှင့် ဇွန်လအတွက် အကောင်းဆုံးနည်းပြဆုကို မာဂျန် (ရှမ်းယူနိုက်တက်)၊ ကစားသမားဆုကို သန်းထက်အောင် (ဖွဲ့ကပင်)၊ ဇူလိုင်လအတွက် အကောင်းဆုံးနည်းပြဆုကို ဦးငွေထွန်း (ဟံသာဝတီ)၊ ကစားသမားဆုကို သီဟဇော် (ဧရာဝတီ)၊ စက်တင်ဘာလအတွက် အကောင်းဆုံးနည်းပြဆုကို ဦးမျိုးမင်းထွန်း (ရန်ကုန်)၊ ကစားသမားဆုကို သန်းထက်အောင် (ဖွဲ့ကပင်) တို့က အသီးသီး ရရှိခဲ့ကြသည်။

**ရှိုင်းထက်ဇော်**
**ဓာတ်ပုံ (စိုးညွန့်)**

### တိုတိုထွာထွာဖတ်စရာ

## ပြောက်အိုးများပစ်ဖောက်ခြင်းမပြုရန် အမိန့်ထုတ်ပြန်

**သီပေါ**

မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း ပြောက်အိုးနှင့် မီးရှူးမီးပန်းပစ်ဖောက်မှုများကြောင့် မြို့နယ်လုံခြုံရေးနှင့် အခြားမလိုလားအပ်သောကိစ္စရပ်များ မဖြစ်ပေါ်စေရေးအတွက် ပြောက်အိုး၊ မီးရှူးမီးပန်းများပစ်ဖောက်ခြင်းမပြုလုပ်ကြရန်၊ ပစ်ဖောက်ခြင်း၊ ရောင်းဝယ်ခြင်းများတွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အောက်တိုဘာ ၁ ရက်တွင် အမိန့်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များထုတ်ပေး

**ရန်ကုန်**

ရန်ကုန်မြို့ အလုံမြို့နယ် လူမှုဖူလုံရေးဝင်း လေးထပ်ဆောင်အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၂၉ ရက်က လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ထုတ်ပေးခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံအရာရှိက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးပါကိစ္စရပ်များနှင့် အကျိုးခံစားခွင့်များအကြောင်း သိကောင်းစရာများပြောကြားခဲ့သည်။ ဆက်လက်၍ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့် အာမခံအလုပ်သမားငါးဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ငွေကျပ် ၁၉၈၆၆၇၅၀၊ အာမခံအလုပ်သမား လေးဦး၏ ဆေးဖိုးကုန်ကျငွေပြန်လည်ထုတ်ပေးခြင်း ငွေကျပ် ၁၀၀၈၅၄၉၇ နှင့် အာမခံအလုပ်သမားနှစ်ဦး၏ အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ငွေကျပ် ၈၅၂၆၀၀၀ အား ခွင့်ပြုထုတ်ပေးခဲ့သည်။

အကျိုးခံစားခွင့်ရရှိသူများ၏ကိုယ်စား အလုံသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ရုံးအုပ် ဒေါ်လှိုင်လင်းလက်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**နေသစ်ဦး**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ကလော**

ကျောင်းသား ကျောင်းသူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်ရည်ရွယ်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ စာသင်ကျောင်းအခြေပြု လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီတွင် ကလောမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ကလောမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးမောင်မောင်သန့်က လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

နိုင်လင်းကြည်

# တစ်ပတ်အတွင်း အားကစားသတင်းများ

## ဇာဟာရဲ့ခြေစွမ်းကို မက်ဆီနဲ့ နှိုင်းယှဉ်ပြောကြားလာတဲ့ ဖရန့်ဒီဘိုး



ခရစ္စတယ်ပဲလေ့အသင်းနည်းပြဟောင်း ဖရန့်ဒီဘိုးဟာ တိုက်စစ်မှူး ဇာဟာရဲ့ ခြေစွမ်းကို မက်ဆီနဲ့ နှိုင်းယှဉ်ပြီး ချီးကျူးပြောကြားလာခဲ့ပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဇာဟာက ဘုန်းမောက်အသင်းနဲ့ ကစားခဲ့တဲ့ပွဲစဉ်မှာ ခြေစွမ်းမပြနိုင်တာကလွဲရင် အခုနှစ်ဘောလုံးရာသီအစမှာအကောင်းဆုံးခြေစွမ်းကို ပိုင်ဆိုင်ထားတာလည်းဖြစ်ပါတယ်။ ဖရန့်ဒီဘိုးဟာ ခရစ္စတယ်ပဲလေ့အသင်း နည်းပြအဖြစ်ပြီးခဲ့တဲ့နှစ် ဇွန်လကနေ စက်တင်ဘာလအထိ တာဝန်ယူခဲ့ရတာဖြစ်ပြီး တိုက်စစ်မှူးဇာဟာရဲ့ ခြေစွမ်းက အကောင်းဆုံးအနေအထားမှာရှိနေတယ်လို့ ဆိုပါတယ်။ အိုင်ဗရီကို့စ်ကြယ်ပွင့် ဇာဟာအနေနဲ့ အခုနှစ်ဘောလုံးရာသီမှာ ခရစ္စတယ်ပဲလေ့အသင်းနဲ့အတူ ခြောက်ပွဲကစားခဲ့ရာမှာ သုံးဂိုးသွင်းယူထားပြီး တစ်ဂိုးဖန်တီးပေးနိုင်ခဲ့ပါတယ်။ ဇာဟာအနေနဲ့ ၂၀၁၀ ကနေ ၂၀၁၃ အထိ ခရစ္စတယ်ပဲလေ့မှာကစားခဲ့ပြီး ၂၀၁၃ ကနေ ၂၀၁၅ အထိ မန်ယူအသင်းမှာ ကစားခဲ့ပါတယ်။ အဲဒီနောက် မန်ယူအသင်းကနေ ခရစ္စတယ်ပဲလေ့အသင်းကို ပြန်လည်ပြောင်းရွှေ့ခဲ့ပြီး လက်ရှိအချိန်အထိ ၁၁၈ ပွဲကစားပေးထားကာ သွင်းဂိုး ၂၄ ဂိုးသွင်းယူပေးထားပါတယ်။

## ဘေးလ်၏ အေးဂျင့်ဖြစ်သူ ပေါင် ၅၀၀၀၀ ဒဏ်ရိုက်ခံခဲ့ရ

ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဂါရတ်ဘေးလ်ရဲ့ အေးဂျင့်ဖြစ်သူဟာ အသက် ၁၆ နှစ်အရွယ် ကစားသမားတစ်ဦးကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ကြိုးစားခဲ့တာကြောင့် ဘောလုံးအဖွဲ့ချုပ်က ၎င်းအား အေးဂျင့်လုပ်ကိုင်ခွင့်သုံးလ ပိတ်ပင်တားမြစ်ခဲ့တဲ့အပြင် ဒဏ်ကြေးအဖြစ် ပေါင် ၅၀၀၀၀ ဒဏ်ရိုက်ခဲ့တယ်လို့လည်း သိရပါတယ်။ ဂါရတ်ဘေးလ်ရဲ့ အေးဂျင့်ဖြစ်သူ ဒေးဗစ်မာနာဆက်ဟာ ဂါရတ်ဘေးလ်၊ လုခ်ရှောနဲ့ ထရစ်ပီယာတို့အပါအဝင် ထိပ်တန်းအဆင့်ရှိကစားသမားတွေကို ကိုယ်စားပြုတဲ့ စတယ်လာရဲက ဦးဆောင်ညွှန်ကြားရေးမှူးတစ်ဦးလည်းဖြစ်ပါတယ်။ အခုလိုတရားစွဲဆိုခံခဲ့ရတာကတော့ မာနာဆက်အနေနဲ့ အသက် ၁၆ နှစ်မပြည့်သေးတဲ့ ကစားသမားတစ်ဦးကို စာချုပ်ချုပ်ဆိုဖို့ဆွေးနွေးနေဆဲအချိန်မှာပဲ ဒဏ်ရိုက်ခံခဲ့ရတာဖြစ်ပြီး ဘောလုံးနဲ့ ဆက်နွယ်တဲ့အရာတွေကို သုံးလကြာလုပ်ကိုင်ခွင့်ကိုလည်း ပိတ်ပင်ခံခဲ့တာဖြစ်ပါတယ်။ အသက် ၁၆ နှစ်အောက် ကစားသမားရဲ့အမည်ကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိခဲ့ပါဘူး။

## စပါးနောက်ခံလူ ဗာတွန်ဂန် ချန်ပီယံလိဂ်ပွဲစဉ် လွဲချော်မည်

စပါးအသင်းဟာ အောက်တိုဘာ ၃ ရက်မှာ ဘာစီလိုနာအသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် ချန်ပီယံလိဂ်ပွဲစဉ်မှာ တံကောက်ကြောဒဏ်ရာရထားတဲ့ နောက်ခံလူဗာတွန်ဂန်မပါဘဲ ကစားရမှာဖြစ်ပါတယ်။ နောက်တန်းကစားသမား ဗာတွန်ဂန်ဟာ စနေနေ့က ဟက်ဒါဖီးလ်အသင်းနဲ့ ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ တံကောက်ကြော ဒဏ်ရာရခဲ့တာလည်းဖြစ်ပါတယ်။ စပါးအသင်းဟာ ကွင်းလယ်ကစားသမား ဒီလီအလီပါ ဒဏ်ရာရထားတာကြောင့် ဘာစီလိုနာအသင်းနဲ့ ပွဲစဉ်မှာ အဲဒီကစားသမားနှစ်ဦးစလုံး ပါဝင်လာနိုင်မှာမဟုတ်ပါဘူး။ ဒ့ါအပြင် ကွင်းလယ်ကစားသမား အဲရစ်ဆင်နဲ့ ဂိုးသမားဟူဂိုလိုးရစ်တို့လည်း လက်ရှိအချိန်အထိ ပါဝင်လာဖို့ မသေချာသေးပါဘူး။ ဒါကြောင့် ဟူဂိုလိုးရစ်နေရာမှာ ဂိုးသမား မစ်ချယ်ဗွမ်းကို အစားထိုးထည့်သွင်းလာဖို့လည်း နည်းပြပိုချက်တီနိုက စီစဉ်ထားပါတယ်။


© AFP/Getty Images

## အာဂျင်တီးနားရဲ့ လာမယ့်ချစ်ကြည်ရေးပွဲစဉ်တွေလွဲချော်ဖို့ရှိနေတဲ့ တိုက်စစ်မှူး မက်ဆီ



အာဂျင်တီးနားအသင်းရဲ့ ယာယီနည်းပြဖြစ်တဲ့ စကာလိုနီဟာ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီကို နိုင်ငံလက်ရွေးစင်အသင်းအတွက် ခေါ်ယူဖို့အစီအစဉ်မရှိတာမို့ အာဂျင်တီးနားအသင်းကစားမယ့် ချစ်ကြည်ရေးပွဲစဉ်တွေမှာ လွဲချော်ဖို့ရှိနေပါတယ်။ တိုက်စစ်မှူး မက်ဆီဟာ အီရတ်အသင်း၊ ဘရာဇီးအသင်းတို့နဲ့ကစားမယ့် ချစ်ကြည်ရေးပွဲစဉ်တွေမှာ အာဂျင်တီးနားအသင်းနဲ့အတူ ပါဝင်လာမှာမဟုတ်ဘဲ စက်တင်ဘာလအတွင်းက ကစားခဲ့တဲ့ ပွဲစဉ်နှစ်ခုမှာလည်း လွဲချော်ခဲ့ပါတယ်။ အသက် ၃၁ နှစ်အရွယ် မက်ဆီဟာ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားမှာ ဝေဖန်ခံရမှုတွေ အများအပြားကြုံခဲ့ရသူဖြစ်ပြီး နိုင်ငံအသင်းအတွက် နောက်ထပ်ကစားပါဦးမလားဆိုတဲ့ ဝေဖန်ချက်တွေပါ ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ မက်ဆီဟာ ၂၀၁၆ ကိုပါအမေရိကဖလားနောက်ဆုံးဗိုလ်လုပွဲမှာ အာဂျင်တီးနားက ချီလီကို ရှုံးနိမ့်စဉ်ကလည်း နိုင်ငံလက်ရွေးစင်ကစားသမားဘဝကနေ အနားယူမယ်လို့ တရားဝင်ပြောခဲ့တာဖြစ်ပြီး အဲဒီမှာ အာဂျင်တီးနားသမ္မတက ပြန်လည်ခေါ်ယူခဲ့တာကြောင့် ဆက်ကစားခဲ့ပါတယ်။ အဲဒါကြောင့် အာဂျင်တီးနားအသင်းကို ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ဖို့ မက်ဆီကြိုးပမ်းခဲ့ပါတယ်။ ဒါပေမယ့် ကမ္ဘာ့ဖလားကစားစဉ်မှာတော့ မက်ဆီရဲ့ ခြေစွမ်းကျဆင်းခဲ့ပါတယ်။ ဒါကြောင့် ဝေဖန်မှုတွေထွက်ပေါ်ခဲ့သလို အခုလည်း ယာယီနည်းပြက အာဂျင်တီးနားအသင်းအတွက် ခေါ်ယူဖို့အစီအစဉ်မရှိဘူးလို့ ဆိုလာတာလည်း ဖြစ်ပါတယ်။

## 2018 Golden Boy ဆုအတွက် ပဏာမစာရင်းမှာပါဝင်လာတဲ့ တိုက်စစ်မှူး အမ်ဘက်ပီ



ပြင်သစ်အသင်းကို ကမ္ဘာ့ဖလားချန်ပီယံဖြစ်ရေး စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ လူငယ်တိုက်စစ်မှူး အမ်ဘက်ပီဟာ 2018 Golden Boy ဆုအတွက် ပဏာမကစားသမား ၄၀ စာရင်းမှာ ပရီမီယာလိဂ်ကစားသမား လေးဦးနဲ့အတူ ပါဝင်လာခဲ့ပါတယ်။ 2018 Golden Boy ဆုဟာ အသက် ၂၁ နှစ်အောက် လူငယ်အကောင်းဆုံး ကစားသမားကိုသာ ပေးအပ်ချီးမြှင့်တဲ့ဆုဖြစ်ပြီး အီတလီအားကစားသတင်းစာ တစ်စောင်ဖြစ်တဲ့ Tuttosport က ၂၀၀၃ ခုနှစ်ကတည်းက ပေးအပ်ချီးမြှင့်ခဲ့တာ ဖြစ်ပါတယ်။ ပီအက်စ်ဂျီတိုက်စစ်မှူး အမ်ဘက်ပီဟာ ပြီးခဲ့တဲ့နှစ်ကလည်း အဲဒီဆုကို ရရှိခဲ့တာဖြစ်လို့ အခုတစ်ကြိမ်ရမယ်ဆိုရင် နှစ်နှစ်ဆက်တိုက်ရတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်လာတော့မှာပါ။ အသက် ၁၉ နှစ်သာရှိသေးတဲ့ အမ်ဘက်ပီဟာ ပြီးခဲ့တဲ့နှစ်က ပီအက်စ်ဂျီအသင်းနဲ့အတူ ၂၁ ဂိုး သွင်းယူပေးနိုင်ခဲ့သလို ပြင်သစ်အသင်းကိုလည်း ၂၀၁၈ ကမ္ဘာ့ဖလားချန်ပီယံဆုကို ရယူပေးနိုင်ခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ အဲဒါကြောင့် ဖီဖာရဲ့ ကမ္ဘာ့ဖလားအကောင်းဆုံး လူငယ်ကစားသမားဆုကိုလည်း ရရှိခဲ့သူပါ။ လက်ရှိ 2018 Golden Boy ဆုအတွက် ပဏာမ ကစားသမား ၄၀ စာရင်းထွက်လာတဲ့အချိန်မှာ အမ်ဘက်ပီဟာ ပရီမီယာလိဂ်ကလပ် ကစားသမားတွေဖြစ်တဲ့ လီဗာပူးနောက်တန်းကစားသမား အလက်ဇန္ဒားအာနိုး၊ အဲဗာတန်ကွင်းလယ်ကစားသမား တွမ်ဒေးဗီး၊ မန်စီးတီး ကွင်းလယ်ကစားသမားဖီးလ်ဖိုဒန်နဲ့ မန်ယူနောက်တန်း ကစားသမား ဒါလော့တို့နဲ့ အပြိုင်ရေပန်းစားနေတာဖြစ်ပါတယ်။ ဒ့ါအပြင် ဒေါ့မွန်က ပူလီဆစ်၊ ဆဲလ်တစ်က အီဒိုအူး၊ အေဂျက်က ဒီလစ်၊ ရိုးမားက ကလူးဗက်တို့လည်း ပါဝင်နေပါတယ်။ အဲဒီဆုကို အရင်က ရွန်းနီ၊ မက်ဆီ၊ ပေါ့ဘာနဲ့ စတာလင်တို့လည်း ရရှိခဲ့ဖူးပါတယ်။

## အသက် ၂၅ နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ဖျာပုံ အောက်တိုဘာ ၂**

အသက် ၂၅ နှစ်အောက် ခရိုင်အားကစားကော်မတီ ဖလားအမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက် ညနေ ၅ နာရီက ဖျာပုံမြို့မြောက်ပိုင်းရပ်ရှိ မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

ပထမဆုဖလားရ KKK FC၊ ဒုတိယဆုရ Virus FC၊ တတိယဆုရ M.G FC နှင့် အကောင်းဆုံးအားကစားသမားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သူစာနွယ်(ဖျာပုံ)**

## အာရှကလပ်ပြိုင်ပွဲများတွင် ရန်ကုန်နှင့်အတူ ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ခွင့်ရရှိ

၂၀၁၈ ရာသီ မြန်မာနေရှင်နယ်လိဂ် ပြည်တွင်းပြိုင်ပွဲများ ပြီးဆုံးခဲ့ပြီး ရန်ကုန်အသင်းက အဓိကပြိုင်ပွဲနှစ်ခုစလုံးတွင် ဗိုလ်စွဲခဲ့ပြီး အာရှအဆင့်ကလပ်ပြိုင်ပွဲဝင်ခွင့်များကိုမူ ရန်ကုန်အသင်းက အာရှချန်ပီယံလိဂ်အကြိုခြေစစ်ပွဲနှင့် AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်၊ ရှမ်းယူနိုက်တက် အသင်းက AFC Cup ပြိုင်ပွဲ အကြိုခြေစစ်ပွဲတို့ ယှဉ်ပြိုင်ခွင့်ရခဲ့သည်။

မြန်မာကလပ်အသင်းများသည် အာရှဘောလုံးအဖွဲ့ချုပ်၏ အဆင့်သတ်မှတ်ချက်အရ အာရှချန်ပီယံလိဂ်အကြိုခြေစစ်ပွဲတွင် တစ်သင်း၊ AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်တွင် တစ်သင်း၊ AFC Cup ပြိုင်ပွဲ အကြိုခြေစစ်ပွဲတွင် တစ်သင်း ယှဉ်ပြိုင်ခွင့်ရထားပြီး အမှတ်ပေးချန်ပီယံအသင်းသည် အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲနှစ်ခုစလုံးတွင် ယှဉ်ပြိုင်ခွင့်ရထားပြီး ရှမ်းယူနိုက်တက်အသင်းသည် AFC Cup ပြိုင်ပွဲတွင် အကြိုခြေစစ်ပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။

၂၀၁၈ ရာသီတွင် ရန်ကုန်အသင်းသည် အဓိကပြိုင်ပွဲနှစ်ခုစလုံး၌ ဗိုလ်စွဲခဲ့သောကြောင့် အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယရသည့် ရှမ်းယူနိုက်တက်အသင်းက AFC Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းသည် AFC Cup ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ရန်ကုန်အသင်းသည် ၂၀၁၈ ပြိုင်ပွဲတွင် အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။

ပထမဆုံးယှဉ်ပြိုင်ခွင့်ရခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၈ ပြိုင်ပွဲတွင် ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ရလဒ်များဆိုးရွားကာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာကလပ်အသင်းများသည် AFC Cup ပြိုင်ပွဲတွင် ၂၀၁၂ ရာသီမှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ရန်ကုန်အသင်းက အကြိမ်အများဆုံး ယှဉ်ပြိုင်ခွင့်ရထားသည်။

ရန်ကုန်အသင်းသည် အာရှချန်ပီယံလိဂ်အကြိုခြေစစ်ပွဲတွင် ဒုတိယအကြိမ် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး အာရှထိပ်သီးနိုင်ငံများမှ ကလပ်အသင်းများပါဝင်နေပြီး ခြေစစ်ပွဲတွင် အဆင့်လေးဆင့်အထိ ယှဉ်ပြိုင်ရသောကြောင့် မြန်မာကလပ်အသင်းများအနေဖြင့် နောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်ရရန် ရှန်းကန်ရလေ့ရှိပြီး အကြိုခြေစစ်ပွဲများမှ ထွက်ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းမှာမူ AFC Cup ပြိုင်ပွဲတွင် ဒုတိယအကြိမ် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

မြန်မာကလပ်အသင်းများသည် AFC Cup ပြိုင်ပွဲအပါအဝင် အာရှအဆင့်ကလပ်ပြိုင်ပွဲများတွင် အောင်မြင်မှုရရန် ပြင်ဆင်မှုများစွာ ပြုလုပ်ရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပကစားသမားကောင်းများ ပိုင်ဆိုင်ထားရန်လည်း လိုအပ်နေသည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**



# အမ်ဘာက The Player ရဲ့ ငါးယောက်မြောက်အဖွဲ့ဝင်ပါလို့ဆိုလိုက်တဲ့ ဆောင်းဆန်ဟွန်း



တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်သူ ဆောင်းဆန်ဟွန်းဟာ လတ်တလောမှာ ရုပ်သံဇာတ်လမ်းတွဲတစ်ခုကို လက်ခံရိုက်ကူးပေးနေတာ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ ဆောင်းဆန်ဟွန်းနဲ့ ကေပေါ့ပ်အမျိုးသမီးတေးဂီတအဖွဲ့ " f(x)"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ခရစ်စတယ်တို့က အဓိက ဇာတ်ဆောင်တွေအဖြစ် ပါဝင်ထားကြတာဖြစ်ပါတယ်။ သူတို့နှစ်ဦးအပြင် ဒီဇာတ်လမ်းတွဲမှာ အခြားသော ဇာတ်ဆောင်နှစ်ဦးလည်း ပါဝင်နေတာကြောင့် စုစုပေါင်း ဇာတ်ဆောင်လေးဦး ပါဝင်ပါတယ်။ ဒါပေမယ့် ဒီဇာတ်လမ်းရိုက်ကူးရေးတစ်လျှောက်လုံး လာရောက်လည်ပတ်နေတဲ့ "f(x)"အဖွဲ့ဝင်တစ်ဦးဖြစ်သူ အမ်ဘာကိုတော့ ဆောင်းဆန်ဟွန်းက "The Player"ဇာတ်လမ်းတွဲရဲ့ ငါးယောက်မြောက် အဖွဲ့ဝင်ဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စက်တင်ဘာ ၃၀ ရက်မှာတော့ ဆောင်းဆန်ဟွန်းက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ "The Player"အဖွဲ့သားတွေနဲ့အတူ အလည်အပတ်ထွက်ကြရင်း ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့ပါတယ်။ ယင်းဓာတ်ပုံမှာတော့ အဖွဲ့သားတွေနဲ့အတူ အမ်ဘာလည်း ပါဝင်နေတာ တွေ့ရပါတယ်။ အမ်ဘာဟာ သူနဲ့ အဖွဲ့တူဖြစ်တဲ့ ခရစ်စတယ်ကို အားပေးတဲ့အနေနဲ့ အတူရှိနေတာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဆောင်းဆန်ဟွန်းက သူဖော်ပြခဲ့တဲ့ ဓာတ်ပုံကို အမ်ဘာကိုလည်းတွဲပေးထားပြီး"The Player"ရဲ့ ငါးယောက်မြောက် အဖွဲ့ဝင်ဖြစ်ကြောင်း တစ်ပါတည်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဆောင်းဆန်ဟွန်းဟာ ဒီရုပ်ရှင်မှာ ရာဇဝတ်မှုတွေကနေ ရရှိထားတဲ့ ငွေကြေးတွေကို ပြန်လည်ရယူသိမ်းဆည်းရတဲ့ အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။ သူ့ရဲ့အဖွဲ့မှာတော့ ဟက်ကာတစ်ဦးအဖြစ်ပါဝင်ထားတဲ့ လီဆီအန်း၊ တိုက်ခိုက်ရေးသမားကောင်းတစ်ဦးဖြစ်တဲ့ တေးဝန်ဆပ်နဲ့ကားမောင်းအလွန်ကျွမ်းကျင်သူအဖြစ် ပါဝင်ထားတဲ့ ခရစ်စတယ်တို့ သုံးဦး ပါဝင်ပါတယ်။

ဒီရုပ်ရှင်နဲ့ပတ်သက်ပြီး ဆောင်းဆန်ဟွန်းက သူ့အနေနဲ့ အနုပညာခရီးတစ်လျှောက် ပါဝင်သရုပ်ဆောင်ခဲ့ဖူးခြင်းမရှိသေးတဲ့ ဇာတ်ကောင်နေရာကို သရုပ်ဆောင်ကြည့်ဖို့ရာ ရွေးချယ်ခဲ့ရခြင်းဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။ မင်းသားက "ကင်ဟာရီ (ဆောင်းဆန်ဟွန်း ပါဝင်ထားတဲ့ ဇာတ်ကောင်)ရဲ့ ဇာတ်ကောင်စရိုက်ဟာ ကျွန်တော်အရင်က ကြိုက်နှစ်သက်ခဲ့ရတဲ့ အရာတွေနဲ့ လုံးဝကို ခြားနားတဲ့ ခံစားချက်မျိုးပေးပါတယ်။ ဒါကြောင့် ဒီရုပ်ရှင်မှာ အရာရာတိုင်းဟာ အသစ်ဖြစ်ပြီး စိတ်လှုပ်ရှားမှုတွေလည်း ပေးပါတယ်။ ကျွန်တော့်မှာ တစ်လျှောက်လုံးရှိလာတဲ့ သရုပ်ဆောင်တဲ့ ပုံစံကနေ ကွဲထွက်နေတဲ့ မတူညီတဲ့ပုံစံဖြစ်အောင်လည်း ကြိုးစားထားပါတယ်။ ဟာရီမှာ အတိတ်က ဖြစ်ရပ်ဆိုးတွေ ရှိပါတယ်။ ဒါပေမယ့် သူဟာ ထက်မြက်ပြီး ဟာသဉာဏ်ရွှင်တဲ့သူတစ်ဦးပုံပေါ်အောင် နေထိုင်နေသူလည်း ဖြစ်ပါတယ်။ သူဟာ အရာရာအဆင်ပြေနေပြီး သန်မာချင်ယောင်ဆောင်ထားပေမယ့် တစ်ဖက်မှာတော့ သူ့ရဲ့အတွင်းစိတ်မှာ အလွန်ကို နာကျင်နေပါတယ်။ ဒီခံစားမှုတွေဟာ ကျွန်တော့်ရဲ့ တကယ့်ဘဝနဲ့ ဆင်တူပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

ခရစ်စတယ်ကတော့ ဒီရုပ်ရှင်နဲ့ပတ်သက်ပြီး သူ့ရဲ့အတွေ့အကြုံကို ပြောကြားခဲ့တာကိုလည်းတွေ့ရပါတယ်။ သူကရုပ်ရှင်မှာပါဝင်တဲ့ ဇာတ်ဆောင် လေးဦးအနက် သုံးဦးဟာ အမျိုးသားများဖြစ်ကာ သူတစ်ဦးတည်း အမျိုးသမီးဖြစ်တာကြောင့် အစပိုင်းမှာ စိုးရိမ်စိတ်တွေရှိခဲ့ကြောင်း၊ နောက်ပိုင်းမှာတော့ လုပ်ဖော်ကိုင်ဖက်တွေရဲ့ ကူညီဖေးမမှုတွေကြောင့် အဆင်ပြေခဲ့ကြောင်း၊ ဒါရိုက်တာကလည်း သူ့အပေါ် ဂရုတစိုက်ရှိကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

"The Player"ကို တောင်ကိုရီးယားမှာတော့ပြီးခဲ့တဲ့ စက်တင်ဘာ ၂၉ ရက်မှာ စတင်ထုတ်လွှင့်ပြသခဲ့တာဖြစ်ပြီး စနေ၊ တနင်္ဂနွေနေ့တိုင်း ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။ OCN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသလျက်ရှိတဲ့ ဒီရုပ်ရှင်မှာတော့ ဇာတ်လမ်းအပိုင်းပေါင်း ၁၄ ပိုင်း ပါဝင်နေတာဖြစ်ပြီး တိုက်ခိုက်ရေး ရုပ်ရှင်ဖြစ်တာကြောင့် စိတ်လှုပ်ရှားစရာ ရုပ်ရှင်တစ်ကား ဖြစ်မှာပါ။ **အေပြည့်**

## မိုးညှင်းတွင် ကလေးစာပေပွဲတော်ဖြစ်မြောက်ရေး အကြိုညှိနှိုင်းဆွေးနွေး

**မိုးညှင်း အောက်တိုဘာ ၂**

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် ကလေးစာပေပွဲတော်ကျင်းပရေး တတိယအကြိမ် အကြိုညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီကမိုးညှင်းခရိုင် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ကလေးစာပေပွဲတော်ကို အောက်တိုဘာ ၇ ရက်မှ ၈ ရက်ထိ မိုးညှင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲများ၊ ပြခန်းများ၊ ဈေးရောင်းပွဲတော်များ၊ စာအုပ်အရောင်းဆိုင်များ၊ စာပေဟောပြောပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည်ဖြစ်သည်။ **နီတိုး**

## ပိန်းဇလုပ်၌ ဘိုးဘွားရိပ်သာတည်ဆောက်ရန် မြေနေရာလှူဒါန်း

**ပိန်းဇလုပ် အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပိန်းဇလုပ်မြို့ မြို့မ(၁) ရပ်ကွက်နေ ဦးတင်ကြိုင်-ဒေါ်လှတင် 'ပြည့်စုံဦးထမင်းဆိုင်' မိသားစုက မှီခိုရာမဲ့ဘိုးဘွားများစောင့်ရှောက်နေထိုင်နိုင်ရေး အဆောက်အအုံသစ်တည်ဆောက်နိုင်ရန်အတွက် ကင်းမွန်ခြုံကျောင်းတိုက်ဆရာတော်သို့ စက်တင်ဘာလနောက်ဆုံးပတ်က လယ်ယာမြေ ငါးဧကလှူဒါန်းခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းအောင်၊ ပိန်းဇလုပ်ဒေသအသင်း ရန်ကုန်မှ နာယကပါမောက္ခ ဒေါက်တာမြသိန်းဟန်(ဆေးဝန်ထမ်းညွှန်ကြားရေးမှူး-ငြိမ်း)၊ ဥက္ကဋ္ဌ ဒေါက်တာမျိုးဝင်းတို့က ဘိုးဘွားရိပ်သာအဆောက်အအုံသစ်ပေါ်ပေါက်လာရေးဆွေးနွေးကြကြောင်း သိရသည်။ **ပိန်းဇလုပ် သိန်းညွန့်**

## ဘက်စုံအဆင့်မြင့်နည်းပညာသုံး စိုက်ခင်းများအားကြည့်ရှု

**ရန်ကုန် အောက်တိုဘာ ၂**

ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီကရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကွင်းအမှတ် ၆၂၈-A ရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြမိုးစပါးစိုက်ပျိုးထားသော မျိုးစေ့ထုတ် စိုက်ခင်းနှင့် စိုက်စနစ်လေးမျိုး စိုက်ခင်းသို့ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **နိုးတူး(ကျောက်တန်း)**

### ရန်ကုန်တိုင်းဒေသကြီး
### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် အသုံးပြုရန်အတွက် ရုံးသုံးယာဉ် Double Cab (၇)စီး ဝယ်ယူလိုပါ၍ ပြည်တွင်းအခြေစိုက်ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး(ပြည်လမ်းနှင့် အလုံလမ်းထောင့်၊ အစိုးရအဖွဲ့ရုံးဝင်း)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၁၀-၂၀၁၈ရက်
တင်ဒါဖွင့်ဖောက်မည့်ရက်/အချိန် - ၂-၁၁-၂၀၁၈ရက်၊ နံနက် ၉း၀၀ နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၁-၈၃၀၂၅၆၃၊ ၀၁-၈၃၀၂၅၆၄**

### ရန်ကုန်တိုင်းဒေသကြီး
### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆင့်ဆင့်ရှိ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်များတွင် ဝန်ထမ်းနေအိမ်(၇)လုံး ဆောက်လုပ်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး(ပြည်လမ်းနှင့် အလုံလမ်းထောင့်၊ အစိုးရအဖွဲ့ရုံးဝင်း)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၁၀-၂၀၁၈ရက်
တင်ဒါဖွင့်ဖောက်မည့်ရက်/အချိန် - ၂-၁၁-၂၀၁၈ရက်
မွန်းလွဲ ၁၃း၀၀ နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၁-၈၃၀၂၅၆၃၊ ၀၁-၈၃၀၂၅၆၄**


### တစ်ဦးတည်းဖြစ်ကြောင်း

ဒိုက်ဦးမြို့၊ အထက(ဖအောင်ဝဲ) ဒသမတန်း(C)မှ မောင်ချမ်းငြိမ်းအောင်၏ဖခင် ဦးဇော်(ခ)ဦးဇော်ဝင်း [၇/ဒဥန(နိုင်)၁၄၂၄၁၁] မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ကြောင်း

ဒိုက်ဦးမြို့၊ အထက(ဖအောင်ဝဲ) ဒသမတန်း(B)မှ မသက်ဖူးငုံ၏ ဖခင် ဦးသန့်ဇင်မျိုး (ခ) ဦးသက်ဇင်မျိုး [၇/ဒဥန(နိုင်)၁၀၈၄၃၁] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ကြောင်း

ဒိုက်ဦးမြို့၊ အထက(ဖအောင်ဝဲ) ဒသမတန်း(A)မှ မဆည်းလည်းကြည်၏ ဖခင် ဦးတိုးကြည်(ခ)ဦးတိုးဝင်းကြည် [၇/ဒဥန(နိုင်)၀၂၃၂၉၄] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

ဒိုက်ဦးမြို့၊ အထက (၂) အဌမတန်း (C) မှ မဂျူးဂျူး၏ မိခင်အမည်မှန်မှာ ဒေါ်အေမီခိုင် [၇/ဒဥန(နိုင်)၁၁၁၃၈၃] ဖြစ်ပါကြောင်း။


### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
### သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်)၊ ဂါလန် ၃၀၀၀၀၀ ဆံ့ ရေလှောင်ကန်ဆောက်လုပ်ခြင်း၊ လျှပ်စစ်မီးတပ်ဆင်ခြင်းနှင့် 20 HP Pump (2)လုံး တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| | |
|---|---|
| တင်ဒါပုံစံရောင်းချမည့် ရက်/အချိန် | - ၁၂-၁၀-၂၀၁၈ ရက်မှ ၁၁-၁၁-၂၀၁၈ ရက် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီထိ |
| တင်ဒါပုံစံတင်သွင်းရမည့် ရက်/အချိန် | - ၁၂-၁၁-၂၀၁၈ ရက် (တနင်္လာနေ့) ၉း၃၀ နာရီမှ ၁၂း၀၀ နာရီထိ |
| တင်ဒါဖွင့်မည့် ရက်/အချိန် | - ၁၂-၁၁-၂၀၁၈ ရက် (တနင်္လာနေ့) ၁၃း၀၀ နာရီထိ |
| တင်ဒါပုံစံရောင်းချမည့်နေရာ | - နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)ကမ္ဘာအေး၊ ရန်ကုန်တိုင်းဒေသကြီး |
| တင်ဒါတင်သွင်း/ဖွင့်မည့်နေရာ | - သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် |

၂။ အသေးစိတ်သိရှိလိုပါက သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၆၀၄၅၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်)၊ ဖုန်း-၀၁-၆၆၄၃၉၅၊ ၀၁-၆၆၂၁၄၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊**
**တင်ဒါကော်မတီ**


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉/ပန်းခင်း)၊ ဦးပိုင်အမှတ်(၂၉၃)၊ မြေကွက်အမှတ်(၂၀၅)၊ ဧရိယာ (၀. ၀၅၅)ဧကရှိ ပါမစ်မြေကွက်အား ဦးမျိုးဇော်ထိုက် (ဘ) ဦးညွန့်ကြည် [၁၂/သကတ(နိုင်)၀၀၀၁၀၉]မှ ပျဉ်းမနားမြို့ မြေတိုင်းချဲ့နေရာချထားရေးကော်မတီမှ လူနေထိုင်ရန် တရားဝင်ချထားပေးသောမြေကွက်ဖြစ်ကြောင်း ထောက်ခံချက်မူရင်း၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက် (မူရင်း)များတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ (၁၅) ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အမည်ပြောင်းလဲခြင်း

သန်လျင်မြို့နေ ဗိုလ်မှူးဖြိုးညီညီထွန်း-ဆရာမ ဒေါ်ကေခိုင်လင်း တို့၏သား မောင်ဇင်ညီညီအောင်ကို မောင်ဇင်ဖြိုးအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဇင်ဖြိုးအောင်**

### အိမ်နှင့်ခြံရောင်းမည်

စော်ဘွားကြီးကုန်း၊ ထန်းပင်ကုန်းရပ်ကွက်၊ ပေ (၁၀၀×၁၀၀×၆၅)၊ RC ၁ ထပ်တိုက် ဈေးနှုန်း သိန်း ၇၄၀၀။

**ဖုန်း-၀၉-၂၅၄၂၇၀၅၁၈**
**၀၉-၄၄၄၈၆၄၀၄၈**

### အမည်ပြောင်းလဲခြင်း

ရေကြည်မြို့နယ်၊ အထက(ယိုးဒယားတက်) ဒသမတန်း(B)မှ ဦးစောအေးမင်း၏သမီး မရွှေစင်လှိုင်အား မရွှေဇင်လှိုင် [၁၄/ရကန(နိုင်)၁၇၆၆၇၅]ဟု ပြောင်းလဲခေါ်ပါရန်။

**မရွှေဇင်လှိုင်**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နေထွန်းအောင် [၁၂/မဂတ(နိုင်)၀၉၂၁၆၅] CDC 68823 ၏ WISE WISH Marine Engineering Training သင်တန်းပြီးဆုံးကြောင်း လက်မှတ်မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၉၂၈၅၄၂**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၁၃၃)၊ (၂)ခန်းတွဲ RC(၃)ထပ်ခွဲ အဆောက်အအုံ၏ ထပ်ခိုးပါမြေညီထပ် (A)ခြမ်း၊ ဧရိယာ (၅၀၆)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မြ[၁၂/ဒပန(နိုင်)၀၂၇၇၉၈]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူဒေါ်ခင်မာရီ [၁၂/အစန(နိုင်)၀၁၈၂၉၁]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်မာရီ၏လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးဝင်းမင်းစိုး | ဒေါ်သူဇာကျော် | ဒေါ်ဝေဖြိုးအောင် |
|---|---|---|
| LL.B,WIPO (Switzerland) | LL.B, D.B.L,DIL , WIPO (Switzerland) | LL.B |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄) | အထက်တန်းရှေ့နေ (စဉ်-၄၆၀၅၁) | အထက်တန်းရှေ့နေ (စဉ်-၄၄၀၀၃) |
| Ph-09-450023651 | Ph-09-254508917 | Ph-09-421157856 |

**Level (၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊**
**အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၄)ရပ်ကွက်၊ ကန်သာယာလမ်းမကြီး၊ FMI City၊ (၄)ခန်းတွဲ၊ RC (၄)ထပ်တိုက်မှ တိုက်အမှတ်(E)၊ အခန်းအမှတ်(၁၃)၊ ဧရိယာ(၁၀၂၄)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဝင်းနိုင်[၆/ကသန(နိုင်)၀၂၈၆၂၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မိုးမိုးကျော်[၁၄/ပသန(နိုင်)၀၂၁၆၃၄]ဖြစ်သူက အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးကျော်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးဝင်းမင်းစိုး | ဒေါ်သူဇာကျော် | ဒေါ်ဝေဖြိုးအောင် |
|---|---|---|
| LL.B,WIPO (Switzerland) | LL.B, D.B.L,DIL , WIPO (Switzerland) | LL.B |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄) | အထက်တန်းရှေ့နေ (စဉ်-၄၆၀၅၁) | အထက်တန်းရှေ့နေ (စဉ်-၄၄၀၀၃) |
| Ph-09-450023651 | Ph-09-254508917 | Ph-09-421157856 |

**Level (၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊**
**အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**


### ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း
### (ရန်ကုန်တိုင်းဒေသကြီး)
### အစည်းအဝေးဖိတ်ကြားခြင်း

ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း(ရန်ကုန်တိုင်းဒေသကြီး) အလုပ်အမှုဆောင်ကော်မတီအသစ် ရွေးချယ်ရေးကိစ္စရပ်များနှင့်သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းပြင်ဆင်ရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြရန် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အသင်းသားစုံညီအစည်းအဝေးအား အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသားများစုံညီစွာတက်ရောက်ဆွေးနွေးပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် – ၁၃–၁၀–၂၀၁၈ ရက် (စနေနေ့)
ကျင်းပမည့်အချိန် – နံနက် (၁၀) နာရီမှ (၁၂) နာရီထိ
ကျင်းပမည့်နေရာ – My Garden Restaruant (အလုံလမ်း၊ရန်ကုန်)

တိုင်းဒေသကြီးအလုပ်အမှုဆောင်ကော်မတီ

စာအုပ်စာပေ လူ့မိတ်ဆွေ

8th Annual Graduation Ceremony

MIC Annual GRADUATION 2018 Ceremony

# CONGRATULATIONS

## MIC GRADUATES 2018



Prof: Dr Daw Ye Ye Myint
Advisory Head
Myanmar Imperial Collge

Prof: Dr Daw Hla Myint
Advisory Board Member
Myanmar Imperial Collge

Daw Poht Poht Kyi
Founder & Managing Director
Myanmar Imperial Collge

Dr Hastings McKenzie
Dean of Academic Partnerships
University of Northampton, UK

MIC Myanmar Imperial College | working in partnership with UON University of Northampton

### Master of Business Administration

Cohort-8
Phyo Zaw Aung
Si Thu Aung
Moe Moe Hlaing Dwe
Hla Htay
Hla Sandar Htay
Khine Yee Mon Kyaw
Myat Htet Htet Kyaw
Aung Soe Moe
Chaw Su Moe
Myat Chel
Aung Myo Oo
Marnn Toe Oo
Soi Moe Aye Shin
Myo Thaw
Phyu Phyu Thein
Mya Phue Thwe
Myat Noe Tin Aye
Wut Yee Tin Shein

Nge Zaw
May Thaw Hein

Cohort-9
Su Su Myint Aung
War War Aung
May Myat Noe Khaing
Htet Hnin Maung
Nan Aye Aye Mon
Myat K Khaing Myint
Myo Zar Chi Soe
Su Mon Phyo
Myat Myo Swe
Thu Ta Swe
Aye Chan Thu
Thant Htike Tun
Win Lwin Htay
Yee Mon Aung
Yel Linn Htike

Thandar Zaw Win
May Chit Su Kyaw

Cohort-10
Hnin Nu Aung
Htet Htet Aung
Soe Min Aung
Aung Myo Thu
Win Win Aye
Yee Mon Cho
Aye Moe Han
Su Su Lwin @ Hazel Talk
Khaing Zar Hlaing
Lu Lu Hlaing
Oakkar Than Htay
Htet Htet Su Aung
Hnin Ei Khine
Pyae Moe Kyaw
Myat Pwint Phyu Lwin

Nway Oo Mon
Hsu Pyae Sone Naing
Swe Yu Naing
Nang Saw Pant
Su Thet Nwe
Naw The Ei Ei Nyein
Mya Moe Pwint Phyu
Poe Pyae Phyu
Phyu Phyu Khaing@
Kyi Synn Thant
Ni Ni San
Mya Phoo Shwe Sin
Yamin Eaindra Soe
Thin Zar Soe Min
Thandar
Thet Tun U
Tin Ko Ko Win
Su Yadana
Cho Wut Yee

Myint Myint Thein

Cohort-11
May Thu Aung
Phyo Zaw Aung
Po Po Aung
Thet Htet Aung
Ye Yint Aung
Cynthia
Win Htut Han
Shwe Yee Hlaing
Su Su Hlaing
Wai Wai Hlaing
Win Hlaing
Thinzar Pwint Hmwe
Thiha Soe Htet
Thura Min Htet
Zaw Minn Htoon
Thein Myint Htun

Linn Linn Htwe
Aung Ko Khaing
Khin Myat Myat Khaing
Ye Lynn Khant
Pwint Phoo Khine
Myo Thandar Kyaw
Su Sandi Kyaw
Thet Htet Kyaw
La Raw
Myo Thu Lin
Nan Win May
Mar Mar Min
Aye Myat Mon
Chan Mya Oo
Htoon Pa Pa
Pwint Phyu
Kaung Nyein San
Mang Seinn

Min Set
Ei Thiri Soe
Paing Soe
Sithu Soe Than
Khin Aye Thant
Phyu Sinn Thant
Ei Yadanar Myint Thein
Htet Khine Thein
Wai Thitsar Tin
Kyawt May Phyu Tun

Cohort-12
Arkar Kyaing
Kay Kay Aung
May Htet Aung
San Mya Thinzar Aung
Yin Minn Aung
Swe Swe Han

Ye Lynn Htoon
Kyaw Kyaw Khine
Chaw Mueral Kyaw
Khin Su Wai Kyaw
Saw Kaythi Maung
Khine Thiri Mon
Yee Yee Mon
Aye Thida Myint
Ye Wint Sanda Myint
Mya Nan Nwe
Hla Oo
Zin Nwai Oo
Lei Lei Phyoe Ei
Hnin Pwint Phyu
Hsu Hsu San
Khine Khin Soe San
Poe Phyu Sin
Kaung Myat Soe
Theingi Lin

### Extended Diploma in Stategic Management and Leadership

MBA-05-2016
May Honey Aye
Kyaw Win Thein
Phway Nu Aye
Thiri Mon
Thiri Aung
Thu Ya
Khine Pwint Khattar
Thet Oo San
May Wah Cho
Kyaw Win Thant
Pan Nu Tin Aye
Ye Tay Za
Chaw Su Lai
Htun Ein Thu San
Chit Su Su Soe
Me Me Khine

Lwin Me Me Zaw
Thet Naing
Yar Thet Khine
Cho Thu Thu Kyaw
Thein Naing
Si Thu Lin Tun
Aye Yadanar Win

MBA-06-2016
Su Myet Thwe
Zeyar Oo
Soe Mar Thaung
Lin Nandar Thwin
Cho Aye Naing
Than Htet Aung
Thuzar Khin
N. Tu Seng
Min Thiha

Thiri Zaw
May Thynn Khaing
Ei Khaing
Kaung Khant
Arkar Phyo
Banyar Han
Hnin Hay Mun
Wut Yee Maw
Hein Zaw
Nay Win Aung
Min Lwin
Thet Wint Kyaw Zan
Khin Thiri Aung
Su Su Linn
Saw Sandar Tun
Phyu Sin Moe Oo
Su Nandi

Ye Lin Aung
Aye Moh Moh Kyaw
Min Hlaing Phyo
Thondri
Than Than Htike
Kyaw Phone Naing

MBA-01-2017
Khin Sandi Ye Thway
Su Mon Thaw
Htay Maung Maung
Myint Myint Thu
Myo Thandar
Su Tar Yar
Hnin Yee Mon Oo
Thet Myat Noe
Thet Htet Su
Kyaw Htet Naung

Myat Aye Pwint
Min Thu Ko
Hsu Hsu Thaung Wai
Su Myat Nyein Thu
Kay Thi Phoo Pwint
Win Myint
Wai Me Phu
Arkar Nyein Naing
Ei Khin Chaw
Kay Zin Htun
Khin Lapyae Woon
Ye Nanda Aung
Pyae Phyo Kyaw
Htet Htet Hlyan San
Aung Zaw Zaw
Si Thu Htun
Nandar Win

Wai Yan Min Naing
Hein Myat Thu
Linn Mya Phu
Kalyar Myat Moe
Wint Wah Yee
Myat Phyu Phyu Aye
Saw Yan Naing
Kyaw Zin Lin
Mya Thida Aung
Tun Thein Oo

MBA-02-2017
Noreen Htun
Sann Aung
Me Me Kyaw
Htay Htay Zan
Kyaw Thurein Tun
Khin Sandar Phyo Khine

Aung Lwin Hein
Kaung Htet Kyaw
Thi Thi Lwin
Khine Zin Shein
Ayar Kyaw Oo
Akayi Nandar Naing
Zaw Linn
Hnin Nwe Nwe Thant
Ei Myat Mon
Yuann Hmi Hmi
Eaindra Bo Bo
Phyo Thiha
Tin Minn Sann

MBA-03-2017
Pyae Phyo Mon
Oakar Htet
Thant Myatnoe Zin

Htar Ni Win
Shwe Sin Linn Snow
Nay Chi Win
Khin Yadanar Toe Khaing
May Nandi Maung
Zin Mar Win
Nay Yu Aung
Theint Thiri Ba Than
Wai Yan Minn Aung
Khaing Wai Theint
Su Yee Win
Sei Tin Thong
Aung Kyaw Pwar
Win Ko Hlaing
San San Yi
Zin Htar Lei
Zue Zue Paing

MIC Myanmar Imperial College | working in partnership with UON University of Northampton

## Bachelor

BAM-Cohort-6
Ahlain Mar Oo
Aung Myo
Digar Yu Han
Hein Htet Aung
Hein Htet Nyi Nyi
Hkawng Nan
Htet Myat Thiri
Htet Oo Shein
Inzali Myo
Jue Jue Than Naing
Kaung Sett Thaw
Kyaw Thiha
Kyaw Thu Hein
Lwin Htoo Maung Maung
Myo Thura Than
Nay Lin Htet
Okkar Min
Pan Su Pyae Kyaw
Phyo Moh Moh Shain
Phyu Cyn Soe Thu
Pyae Phyo Hein

Pyae Phyo Htun
Saw Eh Kaw Htoo
Saw Kaw Muu
Seint Zar Chi
Shin Maung Maung
So Pyay Lynn
Soe Thitsar Kyaw
Su Rati Htun
Swe Set Naing
Thaw Thaw Zin Htoo
The Yadanar Htwe
Thet Khant Oo
Thin Nandar Aung
Thinzar Myint Thu
Thiri Nay Htun
Wadi Tin Oo
Yan Aye
Yati Lin
Thinzar Myint Thu
Thiri Nay Htun
Wadi Tin Oo
Yan Aye

BAM-Cohort-7
Chan Myae Kyaw Min
Gay Rupar Min Lwin
Hla Myint Thein
Hnin Yupar Win
Khin Hnin Su Wai
Khin Moe Htet
Kyi Win Tun
Lin Myat
Barani Zaw@Mariyam
Ngwe La Min
Nwet Yee San
Paing Htet Aung
Phu Ngone Chit
Phyo Paing Win
Phyo Wai Yan Kyaw
Pyae Sone Tun
Sai Hlaing Phone Thant
Saw Nathanoel
Shein Min Htut
Shin Min Nu @ Farazanar Htwe
Shoon Pwint Phyu Aung

Soe Eaindra Kyaw
Su Myat Noe
Than Htike Win
Thet Nwe Zin
Thet Sandar Aung
Thin Eaindra Myint Thein
Thwet Hnin Aung
Tun Min Zaw
Wai Yan Paing
Win Thu Wun

BAM-Cohort-8
Asif Seth
Aung Khant
Aung Pyae Toe Paing
Aung Thu Phyoe
Cho Than Thar Lin
Cho Thway Aung
Eaindra Aung
Eaindra Myint Thaung
Ei Myat Chal
Ei Thanthar Kyaw

Farheen Seth
Han Hnin Swe
Nang Hnin Hnin Aye
Hnin Oo Wutt Yee
Hsu Pyae Moe Thu
Htet Ko Ko
Kaung Myat Nyi Nyi
Khine Htoo Kyaw
M Htoi San Aung
Ma Ma Thiri
May Sandar Maw
May Thet Htar
May Thiri Ko
Myat Pwint Phyu Tun
Myat Thway Nyein
Na Na
Nandar Lwin Oo
Nang Manee Seng
Nitar Htun
Nway Nway Htet
Pa Pa Thiri
Pyae Phyo Aung

Pyae Sone Oo
Sai Aung Zayar Oo
Shoon Lei Wai
Shun Lai Soe
Shwe Yee Shoon Lae
Soi Wutyi Htunn
Su Nadi Aung
Thi Nandar Lin
Theingi latt
Thet Hmu Wai Khine
Thet Phoo Lwin
Thin Cherry Oo
Thu Kha Htin
Win Min Aye
Wint Wint Thandar Htut
Yamin Inzali
Yu Myint Myat Wai

BAM-Cohort-9
Aung Naing Oo
Aye Chan Khin
Aye Myat Thu

Aye Nadi Ko
Aye Nyein Aung
Chaw Kalyar Htoo
Hsu Ei Hlaing
Hsu Wai Lwin Hnin
Htein Min
Htet Aung
Khant Cho Si Thu
Khine Zin Ye Htun
Kyaw Ko Ko Hein
Kyaw Nyein Chan
Kyaw Soe Thar Tun
Kyaw Zayar Tun
May Yoon Hmone
Myat Kay Khine
Myo Thandar Maung
Nanda Kyaw
Nay Oo Eaindray
Nay Tun Aung
Paing Min Htet
Phoo Phoo Myat Chel
Phyu Sin Chan

Pyae Thinzar Mone
Sai Lin Tun
Su Su Soe Htet
Sut Seng Nan
Swe Zin Win Lei
Thin Lae Oo
Thin Myat Thu
Thu Htet Myat
Yaw Han
Ye Min Htet
Ye Nanda Aung
Yemon Thu

BAM-Cohort-4
Zar Zar Win Htet

BMM
Khant Khant San
Khin Thawdar Khine
Thet Htar San
Soe Ahyone
Yaung Ni Oo
Hein Htet Kyi Zaw

## Higher National Diploma

UB-01-2016
Wai Hlyan Phone Pyae
Dana Thu Thu Aung
Sai Kaung Paing Thein
Shun Lei Yee
Nyan Lin Maung Maung
Thwin Htoo Aung
Aung Win Oo
Khin Yadana Ko
Phyo Su Yi Win
Thu Thu Htun
Nyein Chan Soe
Paing Htet Aung
Phyo Thiha Kyaw
Kyaw Zaw Hein

UB-02-2016
Yamin Eain
Ahkayar Kyaw Lynn
Myo Thiri Hlaing
Jue Thet Htar San
Pwint Thazin Khine
Hsu Yee Htet
Htoo Aung Wai
Phone Myat Thu
Thwe Kay Khine
Mya Thet Mon
Yin Thet Tin
Arkar Moe Thouk
Shun Lei Kyi Phyu

Myo Min Thant
Sai Aung Win
Shoon Lae Wady Khin
Nan Mwe Phoung
Kyi Shin Thant

UB-03-2016
Htet Naing Moe
Htet Myat Naing
Paing Hein Khant
Aulay Fri
Hnin Thant Sa
Li Yang
Si Lin Tun
Wai Wai Phyu Pwint Aung
Min Thiha Lwin

UB-04-2016
Wai Yin Khine
Seng Nu
Kyae Sin Phoo Pwint
Pann Eaint Phyu
Wint Shin Thant Oo
Htut Myat Meddy Khin
Moe Myint Myat Htet
May Thu Thu Khaing
Ye Min Oo
Pyae Thuta
Swan Ko Ko Naing
Su Htet San
Hsu Hsu San

Thiri Yadanar Lynn
Phyu Phway Thant
Htet Thawtar
Khin Khant Khant Kyaw
Khin Myat Noe Htet
Ei Myat Noe Khin
Yu Wadi Myint
Tun Min Eain
Shunn Lai Ko
Su Chan Myae Soe
Phyo Nandar Kyaw
Htet Myat Aung
Htet Oo Wai Yan
Min Khant Ko
Htet Naing
Ti Kyi Oo
Myo Khant Paing
Han Thi Thet Lwin
Chit San Thwe
Sai Sheng Hein
Sai Som Phait
Shwe Sin Thant
Sue Sha Htoo Kyi
Kyaw Lin Htut
Lae Lae Win Hlaing
Zar Zar phyo
Nay Chi Myint Mol
Khine Zar Li Shein
Hlaing Min Oo
May Phyo Thar

UB-05-2016
Hnin Shwe Yee Myint Aung
Aung Soe Lin
Pan Myat Nyein
Pyae Sone
Htet Htet Ei
Yee Mon Kyaw
Yin Yin Htet
Win Htet Kyaw
May Hnin Pwint Htun
Kaung Set Kyaw
Swuan Kyaw Htet
Myat Eaindra Kyaw
Soe Moe
Wyne Maw Phue
Amera
Soe Zar Chi Tun
Sai Lian Kham
Htet Htet Nwai Oo
Kaung Sett
Nwe Oo Hlaing
Hkawng Dau
Hsu Wai Hnin Sandy
Nan San Htar Khin
Lin Htet Myat
Arnt Htoo Aung
Htet Aung
May Thu Han
Mya Thazin
Aye Nyein Zaw

Aye Kyi Pyar Minn

UB-06-2016
Myo Htet
Zeyar Zaw
Phoo Pwint Oo
May Myat Noe Win
Lai Yie Mon
Zan Ye Myo Lwin
Chaw Kay Khine
Khine Thazin Tun
Yin Min Oo
Su Thit Kyaw Swar
Myo Min Naing
Hnin Oo Shwe Yee
May Thu Thu Khine
Ye Min Khant
Thu Rain Win
Yamin Thi Thi
Aye Moh Moh Naing
Shunn Thiri San Htar
Aye Nandar Htun
Htet Eaindray Linn
Nway Ei Ei Zaw
Babhitha Karki @
Win Win Htet
Khine Mon Mon Kyaw
Aung Thiha
Zwe Khant Htet
Myat Pwint Phyu
Lu Lu Aung
Kay Khine Zun
Aisha

Yin Yin Win
Myo Thiha
Nyi Bhone Myint
Min Hein Khant Min Thein
Thein Htet Aung
Aung Thu
Wai Phyo Oo
Ei Ei Phyo Kyaw
Han Ni Tun
Phoo Pyae Sone Win
Chit Nyein Chan

UB-07-2016
Hua Sheng Lin
Aye Chan Kyaw Kyaw
Kaung Khant Nyar
May Honey
Thant Cin Ko
Myo Myat Khine
Yun Ei Myint Mo
Nanda Ye' Zaw
Hnin Hay Man
Nang Aye Myint Thein
May Mee Maw Thein
Shwe Yi Win Lei
Thu Hein Win
Si Thu Tin
Khant Si Thu Aung
Khin Yamin Hlaing
Zaw Du Li

Myat Noe Thiri Kyaw
Theint Htet Htet Aung
Kyaw Thu Aung
Kyawt Kay Thari Tun
Thin Thiri Kyaw

UB-01-2017
Aung Hein Khant
Hsu Myat San
Wai Yan Htoon
Hein Htet Myo Nyunt
Ye Yang Paing
Kaung Myat Zaw
Chan Myae Myat Hsu
Hnin Oo Lwin
Yoon Thinzar Khin
Su Myat Aung
Htut Moe Aung
Tun Arkar Naing
Aye Chan Mon
Hein Htet Aung
Shwe Yee Zaw Linn
Phone Khant Kyaw
Aung Min Khant
Yin Myat Khine
Thet Htar San
May Thway Ko
Min Thi Ha
Aung Kyaw Shein

Arr In Khaing Myal
Htet Arkar Htein Win
Hninn Nandar Nwe
Khant Htoo Zaw
Tin Ko Ko Aung
Myat Hsu Mon Aung
Hein Htet Thaung
Kaung Sett Thone
Lai Yi Win
Pyae Sone Aung
Shwe Sin Ei
Sai Arkar Kyaw
Wut Hmone Saw Win
Soe Pyae Paing
Thant Thura Aung
Seng Aung ( BE )
Thin nandi Soe
Ye Mon Thiha
Khine Thazin
Kaung Sett Yu Sein

UH-02-2016
Hnin Zarli Linn
Yamin Han
Myint Myint Khine
Myat Thway Thet
Sann Minn

Myanmar Imperial College (MIC) နှင့် Northampton University (UoN) ၏ ဘွဲ့ရမောင်မယ်များဖြစ်သော MBA ဘွဲ့ရမောင်မယ်များ၊ Bachelor ဘွဲ့ရမောင်မယ်များအပါအဝင် HND ဘွဲ့ရမောင်မယ်များဖြစ်သည့် Graduates 2018 တို့အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် အမိမြန်မာနိုင်ငံတော်အတွက် ဂုဏ်ယူအားထားရသော ခေါင်းဆောင်ကောင်းများ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။ Myanmar Imperial College အနေဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းမှ လူငယ်များကို နွေးထွေးစွာကြိုဆိုလျက်ရှိပြီး ရှေ့ဆက်၍လည်း အမိမြန်မာနိုင်ငံတော်အတွက် ထူးချွန်ထက်မြက်သော လူငယ်ခေါင်းဆောင်များကို ဆက်လက်ပြုစုပျိုးထောင်ပေးသွားမည်ဖြစ်ပါကြောင်း ဆန္ဒပြုအပ်ပါသည်။



"ဒီပ်မက် မက်ပါ
ဒီဒီပ်မက်ပေါ်မှာ ယုံကြည်မှုရှိပါ
ဒီဒီပ်မက်တွေကို
အကောင်အထည်ဖော်ပါ..."

Daw Poht Poht Kyi
Founder of Myanmar Imperial College

MIC 01 380 233-234,09 732 10001 No(1), Zay Myauk Street, Phayar Gyi Ward, Dagon Township, Yangon.

RE GD.
ကွမ်းရုက်မှုံ
မြန်မာတိုင်းရင်း ဆေးဖက်ဝင် စစ်မှန်သော ပရဆေး ပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် ...

မှုးမောရင်တုန်ကင်းဝေးအောင် မြန်မာတိုင်းရင်းဆေးဝက်ဆောင်
ရွှေပျားကောင်
နှလုံးသည်းခြေဆေး

CONSTRUCTION, POWER & MINING
Myanmar 2018
Visit the No. 1 and largest event for Building & Construction, Electric Power & Renewable Energy, and Mining & Minerals Recovery in Myanmar
11-13 October 2018
Yangon Convention Centre (YCC), Yangon (9.00 -17.00 Hrs.)
Located within Inya Lake Hotel compound on Kabar Aye Pagoda Rd.
Pre-register at www.cpmmyanmar.com
Supported by MCEA REAM Myanmar Engineering Society Yangon Electricity Supply Corporation
Organised by UBM

CHAW CHAW
SILK & LUXURY FASHION
50%-60% Off For All 'Acheik'
up to 80% Off For Other Items
9:00 am to 7:30 pm
5th October 2018 to 7th October 2018

RUBY
09-51-77212, 519100, 535100

တရုတ်
Great Wall
TAMWE - 540714, 09 5183636, 09 420230133

ENGLISH
Conversation Practice
Sayar.Yang

FAME
Nature-Q10®
Coenzyme Q10 ... 30 mg
နှလုံးဆေး
TMR 011902 (0516)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
Ph: 09-43136775

FAME
Appletec®
Quercetin 100 mg
ပန်းသီးဆေး
TMR 008206 (1118)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
Ph: 09-73142216

USA UK CANADA
UNIVERSITIES FAIR 2018
OCT 6th 2018
9:00 am–12:00 noon
NOVOTEL HOTEL
CROWN EDUCATION
YOUR DOOR TO THE FUTURE
SCHOLARSHIPS AVAILABLE FOR B.E.H.S & IGCSE STUDENTS
01 527 838, 09 44 55 66 701



MODERN BUSINESS IN THE INDUSTRY TODAY
STUDY ABROAD Information Centre
KAPLAN HIGHER EDUCATION ACADEMY
- Modern Business Industry တွင် ခေတ်နှင့်အညီ ပြောင်းလဲတွင်ကျယ် ခေတ်စားလျက်ရှိတဲ့ ဘာသာရပ်တွေက ဘာတွေဖြစ်မလဲ?
- Singapore နိုင်ငံမှာ ပညာသင်ကြားမယ်ဆိုရင် ကုန်ကျစရိတ် မည်မျှ ကုန်ကျနိုင်မလဲ?
- အချိန်တိုတိုနဲ့ ဘာသာရပ် (၂) ခု၊ Double Major ကို တပြိုင်နက်တည်း တက်ရောက်နိုင်မည့် အခွင့်အရေး
- HND, ABE, NCC အောင်မြင်ထားသူများအနေနှင့် Module Exemption ဖြင့် ဆက်လက်သင်ယူသင့်တဲ့ ဘွဲ့ဒီဂရီ မေဂျာများ နှင့်ပတ်သတ်သော အကြံပေးလမ်းညွှန်မှုများ
- (၁၀) တန်း အောင်မြင်ထားသူများ၊ IGCSE အောင်မြင်ထားသူများအနေနှင့် အချိန် (၂) နှစ် ကျော်ပေးရုံဖြင့် ကမ္ဘာ့အသိအမှတ်ပြု ဘွဲ့ဒီဂရီ ရရှိပြီး လုပ်ငန်းခွင်ဝင်နိုင်မည့် အခွင့်အရေး

Yangon
Date : 6 Oct 2018 (Sat)
Time : 2:00 PM - 4:00 PM
Venue : Novotel Hotel (Bagan Room)

Mandalay
Date : 7 Oct 2018 (Sun)
Time : 2:00 PM - 4:00 PM
Venue : Mandalay Swan Hotel (Yadanar Room)

Register Now! 09 5151 008, 09 4200 99997

Golden Pin Lon
ဒုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။ အိမ်အရောက်ငွေချေနိုင်ဖြင့် အကျိုးဆောင်ခမလိုပါ။
PH: 09265555022, 09265555044

Sein Group
ဒုံမြို့သစ် မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း၊ ဆိပ်ကမ်း၊ ရွှေပေါက်ကံရှိမြေကွက်များ ဝယ်ယူလိုသည်။
PH: 09254118190, 09898580954

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာဖိုရမ်သို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂**

အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာဖိုရမ်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်မိန့်ခွန်း ပြောကြားသည်။

ဖိုရမ်သို့ အမျိုးသားမြေအသုံးချမှုကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖိုရမ်တွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး လူဦးရေသိပ်သည်းမှုအနေဖြင့် မြေဧရိယာတစ်စတုရန်း ကီလိုမီတာတွင် လူဦးရေ ၈၁ ဦးခန့် နေထိုင်လျက်ရှိပါကြောင်း၊ အရှေ့တောင်အာရှတွင် လာအိုနိုင်ငံပြီးလျှင် မြန်မာနိုင်ငံသည် လူဦးရေသိပ်သည်းမှု ဒုတိယအနည်းဆုံးနိုင်ငံ ဖြစ်ပါကြောင်း။

မြေသယံဇာတအရင်းအမြစ်များသည် မိမိတို့လူသားများ၊ လူမှုအသိုင်းအဝိုင်းများ ဖြစ်တည်မှုအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအကျဆုံး သဘာဝသယံဇာတအရင်းအမြစ်ဖြစ်ပါကြောင်း၊ အခြားသယံဇာတ

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ✪



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားမြေအသုံးချမှု မူဝါဒထွက်ပေါ်လာရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့်ပြခန်းကို လှည့်လည်ကြည့်ရှုစဉ်။



ရန်ကုန်မြစ်ဝရှိ ရေကြောင်းပြ အဆောက်အအုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။

# ရန်ကုန်မြစ်ဝမှ မိုင်၂၀ အကွာတွင် ရေကြောင်းပြအဆောက်အအုံ တည်ဆောက်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်မြစ်ဝတွင် သင်္ဘောများ ဝင်ထွက်မှုနှင့် ပင်လယ်ပြင်လုံခြုံရေး လေ့လာစောင့်ကြည့်နိုင်ရန်အတွက် ရေကြောင်းပြအဆောက်အအုံတစ်ခုကို တရုတ်ကုမ္ပဏီတစ်ခုက တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးမှ သိရသည်။

**စီမံကိန်းကုန်ကျမှုတန်ဖိုး ခန့်မှန်းအမေရိကန်ဒေါ်လာ ၂၀ ဒသမ ၉ သန်းဖြစ်ပြီး ယခုအခါ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ၆၅ ရာခိုင်နှုန်း ပြီးစီးနေပြီ**

အဆိုပါရေကြောင်းပြအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးမှ တာဝန်ရှိသူများသည် စက်တင်ဘာ ၃၀ ရက်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရန်ကုန်မြစ်ဝမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၀ ခန့်အကွာတွင် ရေကြောင်းပြရေယာဉ်နှစ်စင်းဖြင့် အလှည့်ကျ ရေကြောင်းပြစခန်းအဖြစ် ကျောက်ချဆောင်ရွက်လျက်ရှိကြောင်း၊ ရေကြောင်းပြမှူးကြီးများသည် အဆိုပါရေကြောင်းပြရေယာဉ်တွင် စခန်းချ၍ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်၊ ထွက်ဆိုက်ကပ်သည့် သင်္ဘောကြီးများကို မောင်းနှင်ပေးရကြောင်း၊ ရာသီဥတုဆိုးရွားချိန်တွင် ရေကြောင်းပြရေယာဉ်သည် ဘေးကင်းလုံခြုံသည့်နေရာသို့ ပြောင်းရွှေ့ရခြင်း၊ ရေယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်ကြီးမြင့်လာခြင်းနှင့် လုံခြုံစိတ်ချမှုလျော့နည်းလာခြင်း၊ ရေယာဉ် အဝင်၊ အထွက်ပိုမိုများပြားလာ၍ နေရာလုံလောက်မှုမရှိခြင်းတို့ကြောင့် ယခုတည်ဆောက်နေသည့် ရေကြောင်းပြအဆောက်အအုံကို တည်ဆောက်ရခြင်းဖြစ်ကြောင်း သိရသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❒

